The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လကွယ်၊ ကြာသပတေးနေ့ (26-6-2014) (၇၀၀၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခရိုအေးရှားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အိုင်ဗိုဂျိုဆီပို ဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဇိုရမ်မီလန်နိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအခြေခံ၍ ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမမြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးနိုင်ရေး လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းခြင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ဥပဒေ(၂)ခု ပြဋ္ဌာန်းသည့် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ နိုင်ငံခြားဘဏ်များ ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့သော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးနိုင်ရေး **စာမျက်နှာ ၇ ကော်လံ ၅ သို့ ☆**

ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၄/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မ ၂၃၂၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒုတိယဝန်ကြီး ဦးစိုးဝင်းအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

မိုးရွာသွန်းမှု

၂၅-၆-၂၀၁၄

ပေါင်	၄	ဒသမ	၈၂	လက်မ
ကျိုက္ခမီ	၄	ဒသမ	၄၉	လက်မ
ရေး	၃	ဒသမ	၀၅	လက်မ
ချောင်းဆုံ	၂	ဒသမ	၈၅	လက်မ
ခွန်တီး	၂	ဒသမ	၇၀	လက်မ
ဘားအံ	၂	ဒသမ	၁၇	လက်မ

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ဗန်းမော်မြစ်ကြောင်းကောင်းမွန်ရေးနှင့် တာပိန်မြစ်ရေတိုက်စားမှုမှကာကွယ်ရေးဆောင်ရွက်

ဗန်းမော်မြို့သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ရေကြောင်းမှ ကုန်သွယ်ကူးသန်းသွားလာမှုအတွက် အဓိကကျသော ဆိပ်ကမ်းမြို့ဖြစ်သည်။ ဗန်းမော်ခရိုင်အတွင်းရှိ ဧရာဝတီမြစ်သည် ရေလဲကျေးရွာအနီးမှစပြီး ရေမြွာပေါက်များခွဲဖြာစီးဆင်းလျက်ရှိသည်။ ပင်မရေလမ်းကြောင်းမှာ ဧရာဝတီမြစ်၏အနောက်ဘက်ကမ်းမှစီးဆင်းနေသည်။ ထို့ကြောင့် ဗန်းမော်ဆိပ်ကမ်းအဝင်ရေလမ်းကြောင်းတွင် ရေအနက်မလုံလောက်သဖြင့် ရေယာဉ်များ ဝင်/ထွက်ရန် အခက်အခဲဖြစ်ပေါ်နေသည်။

ထို့ကြောင့် ဗန်းမော်မြို့သင်္ဘောဆိပ်သို့ သင်္ဘောများ ၁၂ လရာသီဝင်/ထွက်သွားလာနိုင်ရန် ဗန်းမော်ဆိပ်ကမ်းအဝင် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစတင်၍ ရရှိသည့် ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွဲဝေသုံးစွဲကာ ရေလွှဲရေကာ တည်ဆောက်ခြင်း၊ သောင်တူးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ ခွင့်ပြုရန်ပုံငွေ ကျပ် ၆၄၇ ဒသမ ၆၄ သန်းသုံးစွဲပြီး ရေလွှဲရေကာများ တည်ဆောက်ခြင်းနှင့် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း ဧရာဝတီမြစ်ကြောင်း ဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွဲဝေသုံးစွဲဆောင်ရွက်သွားရန်ရှိကြောင်း၊ ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးအတွက် ပင်မစီမံချက်ရေးဆွဲထားရှိပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိသည့် ဗန်းမော်ဆိပ်ကမ်းကိုတွေ့ရစဉ်။
(ဓာတ်ပုံ-စောသိန်းဝင်း)

ကြေးမုံစာတည်းရှုထောင့် **၂၆-၆-၂၀၁၄၊ ကြာသပတေးနေ့**

မူးယစ်အန္တရာယ် ကာကွယ်တိုက်ဖျက်

ယနေ့ ကမ္ဘာ့လူသားများအတွက် ကြောက်မက်ဖွယ်အကောင်းဆုံး အန္တရာယ်ဆိုးကြီးဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီး၌ ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ယနေ့အချိန်အထိ မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် နည်းလမ်းမျိုးစုံဖြင့် လူငယ်ထုအကြား ဝင်ရောက်နေရာယူနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ ဘက်ပေါင်းစုံမှ ကြိုးပမ်းဖော်ဆောင်ခဲ့ကြသည်။ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ စတင်၍ (၁၅)နှစ်စီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် နောက်ထပ် (၅)နှစ် စီမံကိန်းသက်တမ်းတိုး၍ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘိန်းစိုက်ပျိုးသည့်ဒေသများတွင် အစားထိုးသီးနှံများ စိုက်ပျိုးစေခဲ့သည်။

ဤကဲ့သို့ ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို တိုးမြှင့်ဆောင်ရွက်နေသော်လည်း မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် နေရာပေါင်းစုံမှ ထိုးဖောက်ဝင်ရောက်ကာ လူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲဖြစ်သည်။ ယခင်က မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းဝယ်မှုများသည် လူမှုရေးနှင့် ပြစ်မှုဆိုင်ရာပြဿနာများသာဖြစ်ခဲ့သော်လည်း ယခုအခါ တစ်ကမ္ဘာလုံးရှိ ပြည်သူများ၏ကျန်းမာရေးနှင့် လုံခြုံရေးကိုပါ ခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် မူးယစ်ဆေးဝါး၏ ကျေးကျွန်ဖြစ်ကြရသူများကိုကြည့်လျှင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ လူငယ်များ အများဆုံးဖြစ်ပွားလျက်ရှိသည်။

မူးယစ်ဆေးဝါးတွင် ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက်မှသည် မက်သဒင်း၊ မော်ဖီးယား စသည်များ ပါဝင်နေရာ ၎င်းမူးယစ်ဆေးဝါးများသည် စွဲလမ်းနှစ်ခြိုက်စေသည့်သဘောရှိသဖြင့် မသုံးရမနေနိုင်ဖြစ်ကာ နောက်ဆုံး ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်လာကြသည်။ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖြန့်ဖြူးမှုများကလည်း နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်နေဆဲပင်။ စိတ်ကြွရူးသွပ်ဆေးပြားများ အများအပြားဖမ်းဆီးရမိသည့်သတင်းများမှာလည်း မှုခင်းစာမျက်နှာများတွင် နေရာယူနေဆဲဖြစ်သည်။ ဘယ်သူသေသေ ငတေမာ ပြီးရောသမားများရှိနေသရွေ့ လူငယ်ထုအကြားရှိ မူးယစ်အန္တရာယ်ကြီးလည်း ရှိနေဦးမည်သာဖြစ်သည်။

လူငယ်ထုအကြားရှိ မူးယစ်အန္တရာယ်ကြီးပပျောက်ရန်မှာ သက်ဆိုင်ရာတာဝန်ရှိသူများက မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်နေမှုများကို ထိထိရောက်ရောက်စစ်ဆေးကြပ်မတ်မှုများလုပ်ဆောင်ကာ အရေးယူမှုများလုပ်ဆောင်ကြရမည်ဖြစ်သည်။ မူးယစ်ဆေးစွဲသူများကိုလည်း လူသားချင်းစာနာထောက်ထားမှုအဖြစ် အကူအညီအထောက်အပံ့များပေးကြရမည် ဖြစ်သည်။

၂၀၁၄ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဦးတည်ချက်ဆောင်ပုဒ်မှာ **“ မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ၊ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ”**ဟူ၍ဖြစ်သည်။ ယနေ့ခေတ်လူငယ်များ မူးယစ်ဆေးစွဲ၍ လမ်းမှားသို့မရောက်စေရန် သတိပေးထားခြင်းလည်းဖြစ်ပါသည်။

မူးယစ်ဆေးဝါးကျေးကျွန်ဖြစ်ကြရသည့် လူငယ်များအား အနာဂတ်တွင် အားထားရသည့် လူငယ်လူရွယ်များဖြစ်လာစေရန်အတွက် ကျန်းမာကြံ့ခိုင်နေရန် လိုအပ်ပေသည်။ ပညာရည်ထူးချွန်ပြီး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်စေရန်အတွက် လူငယ်လေးများ၏ဘဝကို ပန်းကောင်းအညွန့်ကျိုးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်အရိပ်မည်းကြီးမကျရောက်စေရန် အားလုံးပါဝင်တိုက်ထုတ်ကြရမည်ဖြစ်သည်။ တစ်ဦးချင်း၊ တစ်မိသားစုချင်း၊ ကျောင်းတစ်ကျောင်းချင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီမှသည် တစ်နိုင်ငံလုံးအတွင်းမှ နိုင်ငံသားတိုင်း လိုက်ပါလုပ်ဆောင်ခြင်းဖြင့် အတိတ်ကအရိပ်မည်းကြီးအဖြစ် ရှင်သန်ကျန်ရစ်နေခဲ့သည့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီးကို နိုင်ငံအတွင်းမှ မောင်းထုတ်နိုင်လိမ့်မည်ဖြစ်သည်။

လူသားအားလုံး၏လူမှုဘဝပတ်ဝန်းကျင်သို့ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီး မဝင်ရောက်စေရန် ပြည်သူ လူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်ပြီး ကျန်းမာပျော်ရွှင်သည့် လူမှုအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလိုက်ပါသည်။ ။

ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်

ပုသိမ် ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇွန် ၂၃ ရက် နံနက် ၉ နာရီတွင် အထက (ခနဲဖြူ)တေဇခန်းမ၌ ကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် အကောင်းဆုံးဆုရရှိသော ကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားရာတွင် တာဝန်ရှိသူများ၏ အားပေးချီးမြှင့်မှု၊ မိဘများ၏ ပညာရေးအတွက် အလေးထားမှု၊ ဆရာ ဆရာမများ၏ စေတနာထားမှု၊ ကျောင်းသားများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် တိုင်းဒေသကြီးအနေဖြင့် အောင်ချက်မြင့်မားတိုးတက်လာခြင်းဖြစ်ပါကြောင်း၊ ခနဲဖြူမြို့နယ်အနေဖြင့် တိုင်းဒေသကြီးအတွင်း သုံးနှစ်ဆက်တိုက် ပထမဆုရရှိမှုအား ဂုဏ်ယူပါကြောင်းနှင့် ကူညီပံ့ပိုးပေးခဲ့သူများကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားပြီး ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများအား ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး အထက(ခနဲဖြူ)က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲ ၁ နာရီ တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် SI ကုမ္ပဏီမှ ပထမအကြိမ် ပြန်လည်စွန့်လွှတ်အပ်နှံသည့် လယ်မြေ ၅၁၃ ဧကအား တောင်သူ ၃၇ ဦးသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ပြန်လည်စွန့်လွှတ်သည့် လယ်မြေ ၅၁၃ ဧကအား SI ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက မြို့နယ်အုပ်ချုပ်ရေးမှူးထံပေးအပ်ပြီး ဝန်ကြီးချုပ်က တောင်သူ ၃၇ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ရာ တောင်သူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

ပူတာအို ဇွန် ၂၅

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လေယာဉ်ကွင်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက်က အဆိုပါကျောင်း “ဖုန်ရင်ဆောင်” ၌ ကျင်းပသည်။

အဆိုပါအဆင့်တိုးမြှင့်သည့် အလယ်တန်းကျောင်းသည် ၁၉၆၃ ခုနှစ်တွင် အမကကျောင်းအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် မူလွန်ကျောင်းအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၈၃၇ ဦးအား ဆရာ ဆရာမ အင်အား ၂၀ ဖြင့် အချိန်ပြည့် ပညာသင်ကြားပေးလျက်ရှိရာ လေယာဉ်ကွင်း ရပ်ကွက်ငါးခုနှင့် ပတ်ဝန်းကျင် ရပ်ကွက်/ကျေးရွာများမှ ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေး ပိုမိုအဆင်ပြေလာပြီဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၂၅

ရန်ကုန်	ရွှေဈေး	၆၇၃၅၀၀	- ၆၇၄၃၀၀
မန္တလေး	ရွှေဈေး	၆၇၃၅၀၀	- ၆၇၄၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၃. ၇
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၁၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၉၇၁
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၂. ၁၇
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၁၇၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၄. ၇၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၃၆၄
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၉၁၀. ၅၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၈. ၄၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော်   ဇွန်   ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E.Mr. Alcides G.R Prates အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင်ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အိုင်ယာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ်ပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကျေးရွာအခြေပြုလူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်းဖွင့်

နေပြည်တော်   ဇွန်   ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီဝင်း ဇမ္ဗူသီရိခန်းမ၌ ကျင်းပသော နေပြည်တော်ကောင်စီအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်း (၆/၂၀၁၄)ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက အမှာစကားပြောကြားပြီး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းအကြောင်းကို တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ပျဉ်းမနား ဘိုးဘွားရိပ်သာအတွက် ၂၉ ဒသမ ၁၅ သိန်း၊ ခေမာသီဝံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၃၄ ဒသမ ၉၉ သိန်း၊ မြတ်ဆုမွန် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၅၉ ဒသမ ဝ၈ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းအတွက် ၃၆ သိန်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ စမတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၆၂ ဒသမ ဝ၂ သိန်းနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ခုနစ်ကျောင်းအတွက် ၄၂ သိန်း၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတစ်ကျောင်းအတွက် ခြောက်သိန်း၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အေးမေတ္တာစံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၂ ဒသမ ၅၀ သိန်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခုနစ်ကျောင်းအတွက် ၄၂ သိန်း၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း လေးကျောင်းအတွက် ၂၄ သိန်း၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁၄ ကျောင်းအတွက် ၈၄ သိန်း၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတစ်ကျောင်းအတွက် ခြောက်သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၆၄၇ ဒသမ ၇၄ သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စုပေါင်းခန်းမ၌ ကျေးရွာ ၄၀မှ စေတနာ့ဝန်ထမ်းလူငယ်များအား နည်းပြသင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ်များနှင့်သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၄)မှ (၅/၂၀၁၄) ထိကို ဧရာဝတီတိုင်းဒေသကြီး ကရင်ပြည်နယ်တို့ရှိ ခရိုင်များနှင့် တောင်ငူခရိုင်၊ ပဲခူးခရိုင်တို့မှ လူငယ်မောင်မယ်များအား နည်းပြသင်တန်းများ ပို့ချခဲ့ပြီး ဆင့်ပွားသင်တန်းများ ပို့ချနေကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလားတူသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးဟန်သူအား စပိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်အဖြစ်ပူးတွဲခန့်အပ်

နေပြည်တော်   ဇွန်   ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ငွေကျပ် ၂၀၀ တန်ထီ ဇူလိုင်(၁)ရက်ဖွင့်မည်

ရန်ကုန်   ဇွန်   ၂၅

(၃၀၆) ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင် ၁ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ သုံးဆု၊ ငွေကျပ် သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း (၁၀၀) ၁၃ ဆု၊ ငွေကျပ် ၁၀ သိန်း ၃၇၇ ဆု၊ ငွေကျပ် ၅ သိန်း တစ်ဆု၊ ငွေကျပ် ၃ သိန်း ၁၂၁ ဆု၊ ငွေကျပ် ၂ သိန်း ၁၁၇၅ ဆု၊ ငွေကျပ် တစ်သိန်း ၁၁၇၆၆ ဆု၊ ငွေကျပ် ၅ သောင်း ၉၉၉၉ ဆု အပါအဝင် ဆုမဲပေါင်း ၂၃၄၆၃ ဆုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန



INVITATION FOR OPEN TENDER (MIXED LPG)

1. Open Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of Mixed LPG(1,800 MT± 5%).
2. Tender Closing Date:3-7-2014 at (12:00)noon.
3. Tender Opening Date:3-7-2014 at(13:00)hrs.
4. Delivery Time: Within July 2014
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 25-6-2014 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်သို့ရောက်
အစိုးရတပ်ဖွဲ့များကို အကူအညီပေးမည်

အမေရိကန် အထူးတပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်မှု မှတ်တမ်းပုံကို တွေ့ရစဉ်။

ဘဂ္ဂဒက် ဇွန် ၂၅

အီရတ်နိုင်ငံတွင် ဆွန်နီစစ်သွေးကြွများ သောင်းကျန်းမှုအရှိန်အဟုန်ကြီးမားလာခြင်းအား ဖြိုခွင်းနေသော အစိုးရတပ်ဖွဲ့များကို အကူအညီပေးရန် အမေရိကန်တပ်ဖွဲ့ ပထမအသုတ်သည် ဘဂ္ဂဒက်သို့ ရောက်ရှိ၍ တာဝန်များ စတင်ထမ်းဆောင်နေပြီဖြစ်ကြောင်း ပင်တဂွန်က ပြောကြားသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ ကတိကဝတ်နှင့်အညီ စေလွှတ်ပေးမည့် အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင် ၃၀၀ အနက် အချို့မှာ ဘဂ္ဂဒက်သို့မဟုတ် ရှေ့တန်းစစ်မျက်နှာ၌ ရောက်ရှိနေပြီဖြစ်သည်။ ကျန်တပ်ဖွဲ့ဝင်များသည် ရက်အနည်းငယ်အတွင်း ရောက်ရှိမည်ဟု မျှော်လင့်ရသည်။

ဇွန် ၂၄ ရက်တွင်ရှေ့တန်းမှ အီရတ်တပ်ဖွဲ့ဝင်များကို စုစုပေါင်း ၄၀ ပါဝင်သော အမေရိကန်တပ်ဖွဲ့နှစ်ဖွဲ့က စတင်ကူညီပေးနေပြီဟု ပင်တဂွန်က ပြောကြားသည်။

နောက်ထပ် တပ်ဖွဲ့ဝင် ၉၀သည် ဘဂ္ဂဒက်မြို့၌ ပူးတွဲစစ်ဆင်ရေးဌာနချုပ်တစ်ခု ထူထောင်၍ အလုပ်လုပ်ကြမည်ဖြစ်သည်။

အဆိုပါ အဖွဲ့များကို တစ်ဖွဲ့လျှင် တပ်ဖွဲ့ဝင် ၁၀ စီပါဝင်သော အဖွဲ့လေးဖွဲ့က လာမည့်ရက်အနည်းငယ်အတွင်း ပူးပေါင်းမည်ဖြစ်သည်။

အိုဘားမားအစိုးရက ၎င်းတို့စေလွှတ်သော တပ်ဖွဲ့များသည် တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ရန် ရည်ရွယ်ခြင်း မရှိကြောင်း ထောက်လှမ်းရေးသတင်းများ ထောက်ပံ့ရန်နှင့် စစ်ရေးအကြံပေးရန်သာဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။ **ဘီဘီစီ။**

အဓိကရုဏ်းများကြောင့် ကုမ္ပဏီများ ထိခိုက်ရမှု ဗီယက်နမ် လျော်ကြေးပေး

ဟန္နိုင်း ဇွန် ၂၅

လွန်ခဲ့သည့်လက တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းများ ဖြစ်ပွားခဲ့စဉ်ကာလအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုများကြောင့် ထိခိုက် နစ်နာခဲ့ရသော တရုတ်ကုမ္ပဏီများ အပါအဝင် စီးပွားရေးလုပ်ငန်း ၁၄၀ ခန့်အတွက် အမေရိကန်ဒေါ်လာ ၇သန်းကျော်ကို ပဏာမလျော်ကြေးငွေအဖြစ် ဗီယက်နမ်နိုင်ငံက ပေးအပ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံ ဒေသအချို့၌ လွန်ခဲ့သည့်လက တရုတ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားစဉ်အတွင်း ဆန္ဒပြသူများက အကြမ်းဖက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် တရုတ်အလုပ်သမားနှစ်ဦးထက်မနည်း သေဆုံးခဲ့ရပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ရသည်။

နှစ်ပေါင်းအတန်ကြာ ကာလအတွင်း အဆိုးရွားဆုံးသော မငြိမ်မသက်ဖြစ်မှုကြောင့် လုပ်ငန်းထိခိုက်ခဲ့ရသော ကုမ္ပဏီများ ပြန်လည်နာလန်ထူလာစေရေးအတွက် အခွန်ပေးဆောင်ရမည့်ကာလ ဆိုင်းငံ့ပေးခြင်း ကဲ့သို့သော မက်လုံးများဖြင့် အကူအညီပေးမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရအဖွဲ့က ပြောကြားသည်။ **ပီတီအိုင်။**

ပါကစ္စတန် ပက်ရှဝါလေဆိပ်၌ လေယာဉ်တစ်စင်း ဆင်းသက်စဉ် ပစ်ခတ်ခံရ

အစ္စလာမ္မာဘတ် ဇွန် ၂၅

ပါကစ္စတန်အနောက်မြောက်ပိုင်း ပက်ရှဝါမြို့၏ ဘာချာခန်နိုင်ငံတကာလေဆိပ်သို့ ပါကစ္စတန်နိုင်ငံတကာ လေကြောင်းဌာနမှ လေယာဉ်တစ်စင်းသည် အင်္ဂါနေ့၌ ဆင်းသက်စဉ် သေနတ်သမားများက ပစ်ခတ်သဖြင့် တစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရီးသည် ၁၇၈ ဦးလိုက်ပါလာသော အဆိုပါလေယာဉ်သည် ဆော်ဒီအာရေဗျနိုင်ငံမှ ပျံသန်းလာခြင်းဖြစ်သည်။ ဖြစ်စဉ်တွင် ခရီးသည်အမျိုးသမီးတစ်ဦးနှင့် လေဆိပ်ဝန်ထမ်းနှစ်ဦး စုစုပေါင်းသုံးဦး ဒဏ်ရာရခဲ့သည်။ ခရီးသည် အမျိုးသမီးကို ဆေးရုံသို့ သယ်ဆောင်သွားစဉ် လမ်းခုလပ်မှာပင် သေဆုံးသွားခဲ့သည်။

ရဲတပ်ဖွဲ့နှင့်လုံခြုံရေးတပ်ဖွဲ့များသည် လေဆိပ်ပရဝုဏ်အတွင်းနှင့် လေဆိပ်ပတ်ဝန်းကျင်ကို ပိုက်စိတ်တိုက်ရှာဖွေလျက်ရှိသည်။ မည်သည့်အဖွဲ့အစည်းကမှ ယခုအချိန်အထိ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခြင်းမပြုသေးပေ။ ပက်ရှဝါမြို့၏ နိုင်ငံတကာလေဆိပ်ကို ယာယီပိတ်ထားခဲ့သည်။ ယခုလအတွင်း၌ ကရာချိလေဆိပ်ကို တာလီဘန်စစ်သွေးကြွများ တိုက်ခိုက်ပြီးနောက် ယခုတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရိုက်တာ။

ပါကစ္စတန် နိုင်ငံတကာလေကြောင်းဌာန(ပီအိုင်အေ)မှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

တောမီးငြိမ်းသတ်ရေးဗျူဟာ အင်ဒိုနီးရှား ရေးဆွဲချမှတ်

ဂျကာတာ ဇွန် ၂၅

တောမီးလောင်ကျွမ်းလေ့ရှိသည့်ရာသီ နီးကပ်လာပြီဖြစ်သဖြင့်အင်ဒိုနီးရှားအစိုးရအဖွဲ့က တောမီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးမဟာဗျူဟာကို ရေးဆွဲချမှတ်ထားပြီဖြစ်ကြောင်း အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၂၅ရက်တွင် ပြောကြားသည်။

ဩဂုတ်နှင့် စက်တင်ဘာလတို့တွင် တောမီးလောင်ကျွမ်းလေ့ရှိကြောင်း၊ ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတု ပုံစံဖြစ်ပေါ်နိုင်ခြင်းနှင့်အတူ ပြင်းထန်သော မိုးခေါင်မှု ပေါ်ပေါက်နိုင်ကြောင်း၊ သို့ဖြစ်၍ တောမီးလောင်ကျွမ်းမှု တားဆီးကာကွယ်နိုင်ရန် အစီအစဉ်များရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှား လူမှုဝန်ထမ်းဝန်ကြီး အက်ယွန်းက ပြောကြားသည်။

တောမီးတိုက်ဖျက်ရေးမဟာဗျူဟာတွင် မိုးတုရွာသွန်းစေခြင်း၊ မီးငြိမ်းသတ်ရာတွင် အသုံးပြုမည့် လေယာဉ်များ ထောက်ပံ့ပေးခြင်းတို့ ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ် လျှော့ချရေး အေဂျင်စီအတွက် ရန်ပုံငွေ ရူပြား ၃၅၅ ဘီလီယံ ခွဲဝေချထားပေးသည်။

ပီတီအိုင်။

အိန္ဒိယ၌ အမြန်ရထားလမ်းချော်၊ လေးဦးထက်မနည်း သေဆုံး

နယူးဒေလီ ဇွန် ၂၅

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ဇွန် ၂၅ ရက် နံနက် အစောပိုင်းက အမြန်ရထားတစ်စင်း လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားရာ လေးဦးထက်မနည်း သေဆုံးရကြောင်း၊ မြို့တော်နယူးဒေလီမြို့မှ နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဒီဘူဂတ်မြို့သို့ ခုတ်မောင်းလာသော ရထား လမ်းချော်တိမ်းမှောက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယအရှေ့ပိုင်း ဘီဟာပြည်နယ်၌ လမ်းချော်တိမ်းမှောက်ခဲ့သော ခရီးသည်တင်အမြန်ရထားကို တွေ့ရစဉ်။

ရထားလမ်းချော်မှု ဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ သောင်းကျန်းသူများက အဖျက်အမှောင့် ပြုလုပ်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ရတ်ဒါနီအမြန်ရထားသည် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်၌ ဘီဟာပြည်နယ်မြို့တော်ပတ္တနားမှ ၇၅ ကီလိုမီတာအကွာရှိ ချဟာပရာမြို့အနီးတွင် လမ်းချော်ခဲ့ခြင်းဖြစ်သည်။

လူလေးဦးသေဆုံးရသည်ဟု အိန္ဒိယရထားဌာနက အတည်ပြုပြောကြားသည်။ ရထားလမ်းချော်မှုဖြစ်ပွားသည့် နယ်မြေဒေသအတွင်း လက်ဝဲယိမ်း သူပုန်များလှုပ်ရှားနေခြင်းကြောင့် ရထားလမ်းချော်ရမှုသည် သောင်းကျန်းသူများ၏ အဖျက်အမှောင့်ပြုလုပ်မှုကြောင့် ဖြစ်နိုင်သည်ဆိုသော အချက်ကို တာဝန်ရှိသူများက ငြင်းပယ်ခြင်းမပြုပေ။

မတော်တဆမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ သောင်တင်နေသော ခရီးသည်များကို အနီးဆုံးဘူတာရုံသို့ အခြားရထားတစ်စင်းဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရထားမတော်တဆမှုကြောင့် သေဆုံးရသူ၏ မိသားစုတစ်စုလျှင် ရူပီး ၂၀၀၀၀၀ (အမေရိကန် ဒေါ်လာ ၃၂၀၀)၊ ပြင်းထန်စွာဒဏ်ရာရရှိသော ခရီးသည်တစ်ဦးလျှင် ရူပီး ၁၀၀၀၀၀ လျော်ကြေးပေးမည် ဖြစ်ကြောင်း ရထားလုပ်ငန်းဝန်ကြီး ဆာဒါနန်ဒါဂိုဒါက ထုတ်ပြန်ကြေညာသည်။

ရထားမတော်တဆမှုဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ။

မက္ကဆီကို တပ်မတော်က မူးယစ်ဆေးဂိုဏ်းခေါင်းဆောင်ကို ဖမ်းဆီးရမိ

မက္ကဆီကိုစီးတီး ဇွန် ၂၅

မက္ကဆီကို တပ်မတော်က ၎င်းတို့သည် တစ်ချိန်က အင်အားကြီးမားခဲ့သော တီဂွာနာမူးယစ်ဂိုဏ်း၏ ခေါင်းဆောင် လူးဝစ်ဖာနန်ဒိုဆန်းချက်စ်အာရီလာနိုကို ဖမ်းဆီးရမိပြီဖြစ်ကြောင်း ဇွန် ၂၅ရက်တွင် ပြောကြားခဲ့သည်။

၁၉၉၀ ခုနှစ်များအတွင်း၌ မက္ကဆီကို တီဂွာနားမြို့မှ အမေရိကန်ပြည်ထောင်စုသို့ မူးယစ်ဆေးဝါးများ တင်ပို့ခြင်းကို အဆိုပါမူးယစ်ဂိုဏ်းအဖွဲ့က ထိန်းချုပ်ထားခဲ့သည်။

သို့သော် ဂိုဏ်းကိုဦးဆောင်လျက်ရှိသည့် ညီအစ်ကိုများတွင် တစ်ဦးသေဆုံး၍ လေးဦးဖမ်းဆီးခြင်းခံရသည်။

လူးဝစ်ဖာနန်ဒိုဆန်းချက်စ်အာရီလာနိုသည် တီဂွာနားဂိုဏ်းကို စတင်ထူထောင်ခဲ့ကြသည့် အာရီလာနိုဖီလစ်ညီအစ်ကိုများ၏ တူတော်စပ်သူဖြစ်သည်။

မက္ကဆီကိုဘောလုံးအသင်းက ခရိုအေးရှားကို အနိုင်ယူပြီး ၁၆ သင်းအဆင့်သို့ တက်ရောက်သွားပြီးနောက် မကြာမီ တနင်္လာနေ့ ညနေပိုင်းတွင် ဆန်းချက်စ်အာရီလာနိုကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း တပ်မတော် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ဘီဘီစီ။**

မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်ပါသည်။

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးနည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဒေသဆိုင်ရာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယနေ့တွင် (၂၇) ကြိမ်မြောက်အဖြစ် အခမ်းအနားများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနေမည်ဟု ယုံကြည်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးပြဿနာများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်နှင့်အညီ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ထို့နောက် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ဘိန်းစိုက်ပျိုးမှုများ၊ အစားထိုးဓာတုပစ္စည်းများ၊ အသစ်ထွက်ပေါ်လာသည့် မူးယစ်ဆေးဝါးများနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ အန္တရာယ်များမှာ လျော့နည်းသွားခြင်းမရှိ၍ မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းကို ၂၀၁၈-၂၀၁၉ ခုနှစ်ထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ၁၉၉၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်လျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပြဿနာကို ကျန်းမာရေးနှင့် လူမှုစီးပွားပြဿနာတစ်ခုအဖြစ် သတ်မှတ်ပြီး ပြည်သူ့ကျန်းမာရေးကို အခြေခံသည့် ချဉ်းကပ်မှုများနှင့် တိုက်ဖျက်ဖြေရှင်းထိန်းချုပ်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC, WHO, UNAIDS အဖွဲ့များနှင့်ပူးပေါင်းပြီး မူးယစ်ဆေးစွဲကုသမှုနှင့် နောက်ဆက်တွဲဆိုးကျိုးဆက်များလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးစွဲရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ် ရှုမြင်သုံးသပ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှု ကုသရေးအတွက် ဆေးရုံ/ဌာနအခြေပြုနှင့် ပြည်သူလူထုအခြေပြုကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထုတ်လုပ်မှုလျှော့ချရေးအတွက် ဖွံ့ဖြိုးရေးကိုဦးစားပေးသော ထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုနှင့် လမ်းလွဲရောက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးအတွက် ဓာတုဗေဒပစ္စည်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးမှရရှိသည့် ငွေကြေးများထိန်းချုပ်နိုင်ရန်အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပြီး တည်ဆဲဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ငွေကြေးခဝါချမှုပေါင်း ၄၉ မှုကို စုံစမ်းစစ်ဆေး၍ ၂၂ မှုကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပြီး ကျပ်ငွေပေါင်း ၁၉၉၉၄ ဒသမ ၁၂ သန်းကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဘိန်းစိုက်ပျိုးမှု လျှော့ချရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တို့နှင့်ပူးပေါင်းပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူ့ကျန်းမာရေး၊ တရားစီရင်ရေး၊ တားဆီးနှိမ်နင်းရေးကဏ္ဍများအကြား ပေါင်းစပ်ဆောင်ရွက်မှုတိုးမြှင့်ပြီး လူမှုစီးပွားကိစ္စရပ်များဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မူးယစ်ဆေးစွဲရောဂါခံစားနေရသူများအတွက် တန်းတူအခွင့်အရေးရရှိရေး၊ ခွဲခြားဆက်ဆံမှုများ မခံစားရစေရေး၊ ဆေးသုံးစွဲမှုလျှော့ချရေးအတွက် ဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အတွက် ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှပေးပို့သော ဆောင်ပုဒ်မှာ "မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ" (A message of hope:Drug use disorders are preventable and treatable) ဖြစ်ပါသည်။ ဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကြဉ်ခြင်းသည် ကြိုတင်ကာကွယ်ခြင်းဖြစ်ပြီး မူးယစ်ဆေးစွဲနေသူများသည်လည်း စနစ်တကျကုသခြင်းဖြင့် ပြန်လည်ကျန်းမာနိုင်စေပြီး ၎င်းတို့အား လူ့ဘောင်ဘဝထဲသို့ပြန်လည်ဝင်ရောက်နိုင်စေရန် ပြည်သူအားလုံးက ဖေးမကူညီ၍ စည်းရုံးဆောင်ရွက်ကြရမည်ဟု ဖော်ညွှန်းပါသည်။

သို့ပါ၍ မူးယစ်ဆေးဝါးပြဿနာကို တားဆီးနှိမ်နင်းရေးရှုထောင့်၊ ပြည်သူ့ကျန်းမာရေးရှုထောင့်၊ လူမှုစီးပွားရှုထောင့်များမှနေပြီး ဘက်ပေါင်းစုံအမြင်များနှင့် ဆောင်ရွက်နေသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လျှပ်စစ်မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်နှင့် နိဗ္ဗာန်ယာဉ်များ အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည်

နေပြည်တော် ဇွန် ၂၅

နိုင်ငံတော်အတွင်း တရားမဝင်တင်သွင်းရောက်ရှိနေသည့် လျှပ်စစ်မော်တော်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် နာရေးကူညီမှုအသင်းများတွင် အသုံးပြုနေသော နိဗ္ဗာန်ယာဉ်များအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနများ ပူးပေါင်း၍ သတ်မှတ်အခွန်အခများ ပေးဆောင်စေလျက် (One Stop Service) ဖြင့် တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စည်းကမ်းဥပဒေနှင့်အညီ ဖြစ်လာစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးစိုက်ရာမြို့များတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလှမ်းဝေးသည့် ဒေသများအတွက်လည်း ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ နယ်လှည့်လုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါယာဉ်များအား တရားဝင်မှတ်ပုံတင်ပေးခြင်းသည် အဓိကအားဖြင့် မြို့ပြနှင့် ကျေးလက်နေပြည်သူများ အဆင်ပြေချောမွေ့စေပြီး စည်းကမ်းဥပဒေကို လေးစားလိုက်နာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စီမံချက်ကာလပြီးဆုံးသွားပါက မှတ်ပုံတင်မဲ့ယာဉ်အဖြစ် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာဝန်ယူမှုကိုယ်စီ ငြိမ်းစုစီ

မင်းသိဒ္ဓိ

လရာသီကား ---- နယုန်လဖြစ်ပါ၏။

"နယုန်မိုးသေးမြက်သားမွေး" ဆိုသည့်အတိုင်း မိုးသေးမိုးဖွဲကလေးများ တစ်ပြိုက်နှစ်ပြိုက်ကျသည့်အခါ စိမ်းလဲ့လဲ့မြက်ခင်းကလေးများကိုမြင်ရသည်။ ယင်းမှာ တစ်နွေလုံး သွေ့သွေ့ခြောက်ခြောက်၊ ပူပူလောင်လောင်ရှိနေရာမှ မုတ်သုံက တစ်ရေးနိုးလာခြင်းကြောင့်ပင်ဖြစ်သည်။ မိုးနှင်းများသွန်းဖွဲ့သော ညတစ်ညက ကောင်းကင်ယံ၌ ခဲသားရောင် တိမ်မည်းညိုတို့သည် မုတ်သုံ၏ တမန်တော်များအဖြစ် သိင်္ဂါနဒီမြောက်ဖျားဆီသို့ မရပ်မနား ခရီးနှင်နေသည်။ အရှေ့ဘက်တွင် ကချင်တောင်ညိုတောင်တန်းကြီးကို ဖြူလွလွ တိမ်ပဝါတို့က မလုံ့တလုံ လွှမ်းခြုံပေးထားသည်။ ပြတင်းတံခါးကို ဖွင့်လှပ်သောအခါ မြို့အလယ်မှ စမ်းချောင်းနွဲ့နွဲ့လေးသည် တောင်မှ မြောက်သို့ ရွှေ့ရွှေ့ညင်ညင် စီးနှင်နေလေ၏။ ကျွန်တော် မင်းသိဒ္ဓိသည် မနောမြေ၏ အလှတရားများတွင် စီးမျောနေခိုက် ကျွန်တော့်ရဲ့ ငယ်ဆရာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးမင်းနိုင်ရောက်ရှိလာပြီး ငြိမ်းစုစီဥပဒေကို ပြင်ဆင်သည့် ဥပဒေအကြောင်းသိလိုသည်များကို အောက်ပါအတိုင်း မေးမြန်းလေသည် -

ဆရာကြီး - မင်းသိဒ္ဓိရေ-- ငြိမ်းစုစီဥပဒေကို ပြင်လိုက်ပြီနော်။ ဒီနေ့သတင်းစာထဲမှာ ပါလာတယ်။ မင်းကြည့်ပြီးပြီလား။ မင်းကဥပဒေလေး မတောက်တခေါက် သိတဲ့သူမို့လို့ ငါမေးရဦးမယ်။ အဲဒီပြင်ဆင်တဲ့ ဥပဒေမှာ မူလဥပဒေမှာပါတဲ့ **ငြင်းပယ်ခြင်း**ဆိုတဲ့စကားကို ဖျက်လိုက်တယ်တဲ့။ အဲဒီတော့ကွာ စီတန်းလှည့်လည်ခွင့်လျှောက်ရင် ရဲကခွင့်ပြုချက်ပေးကို ပေးရမယ်ဆိုတဲ့ သဘောဖြစ်နေတော့ လူတိုင်းဆန္ဒပြလို့ရပြီပေါ့နော်။ အဲဒီလိုဆိုရင် ဆန္ဒထုတ်ဖော်သူတွေက အုတ်အော်သောင်းတင်းနဲ့ အုံကြွဆူပူမှုတွေဖြစ်ရင် လူတွေထိတ်လန့်မသွားနိုင်ဘူးလား။

မင်းသိဒ္ဓိ - ဟုတ်ပါတယ်--- ဆရာကြီးရယ်။ ဆရာကြီး စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာပါပဲ။ ဒီမိုကရေစီအသွင် ကူးပြောင်းဆဲကာလမှာ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်နေရတဲ့ အောက်ခြေအဆင့်မှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက လူထုအုံကြွ ဆူပူမှုတွေဖြစ်မှာစိုးရိမ်လို့ ဒီလျှောက်ထားချက်တွေကို ခွင့်မပြုတာတွေ၊ ငြင်းပယ်တာတွေ ရှိခဲ့တာလို့ တာဝန်ရှိသူတွေရဲ့ ပြောပြချက်အရ သိရပါတယ် ဆရာကြီး။ ဒီပြင်ဆင်တဲ့ ဥပဒေတွေအရ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်သူတွေအနေနဲ့ အဲဒီဥပဒေတွေမှာပါတဲ့ စည်းကမ်းတွေကို လိုက်နာရမယ်လို့ ဆိုထားပါတယ်။ မလိုက်နာရင် ဒီဥပဒေအရ တရားစွဲခံရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အခြားဥပဒေကိုလည်း ချိုးဖောက်ရင် တရားစွဲဆိုခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းစုစီဥပဒေမှာပါတဲ့ ငြင်းပယ်ခြင်း ဆိုတဲ့ စကားကို ဖျက်လိုက်ရုံနဲ့ တိုင်းပြည်ဆူပူမှုတွေ ကြီးထွားမလာနိုင်ဘူးလို့ ထင်ပါတယ် ဆရာကြီး။

ဆရာကြီး - အေး--ဟုတ်ပြီကွာ။ မင်းသိဒ္ဓိကို ငါမေးဦးမယ်။ ငြိမ်းစုစီဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို သမ္မတကြီးက လက်မှတ်ရေးထိုးလိုက်ပြီဆိုတော့ ဆန္ဒထုတ်ဖော်သူတွေဘက်ကို အားပေးရာရောက်နိုင်မလား။ တချို့က ယူဆနိုင်တယ်နော်။ အေးအေးချမ်းချမ်းနေချင်တဲ့လူတွေက ပြင်ဆင်တဲ့ ဥပဒေအပေါ်မှာ စိုးရိမ်ပူပန်စိတ် ဖြစ်နေမယ်လို့ကော မင်းမထင်ဘူးလား။

မင်းသိဒ္ဓိ - ဒီလိုရှိပါတယ် ---- ဆရာကြီး။ မူလဥပဒေတုန်းက ငြင်းပယ်ခွင့် ရှိတယ်လို့ ဖော်ပြထားတော့ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူနေရတဲ့ အောက်ခြေအုပ်ချုပ်ရေးအဖွဲ့အစည်းတွေက အဆင့်ဆင့်ကို တင်ပြပြီး ခွင့်ပြုချက် တောင်းခံနေရတဲ့အတွက် ကြန့်ကြာမှုတွေရှိခဲ့ပါတယ် ဆရာကြီး။ အဲဒီလို ကြန့်ကြာတော့ ပြည်သူတွေက ခွင့်ပြုချက်မရဘဲ လမ်းပေါ်တက်ခဲ့တာတွေရှိခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာက နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒါမှမဟုတ် **ပြည်သူတွေရဲ့ ကိုယ်ကျင့်တရားအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မဆန့်ကျင်ရင် ၃၅၄(ခ) မှာပါတဲ့အတိုင်း လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိတယ်လို့ ဖော်ပြထားတာကြောင့် ဖြေလျှော့မှု (Liberalize) လုပ်ပေးထားသလို ပြည်သူတွေအနေနဲ့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေရအောင် ပြုစုပျိုးထောင်ပေးတာ ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်** ဆရာကြီး။

ဆရာကြီး - ကဲ မင်း ------- ငါမေးမယ်ကွာ။ အဲဒီ စီတန်းလှည့်လည်တဲ့သူတွေက အပြင်ကသူတွေကို အနှောင့်အယှက်ပေးရင်၊ စိုးရိမ်ထိတ်လန့်အောင်လုပ်ရင် ဥပဒေအရ ဘာလုပ်လို့ရသလဲ။

မင်းသိဒ္ဓိ - အဲဒီလိုလုပ်ရင် ပုဒ်မ ၁၉ အရ တရားစွဲခံရမှာပေါ့ --- ဆရာကြီး။

ပုဒ်မ ၁၂ မှာ စီတန်းလှည့်လည်သူတွေ လိုက်နာရမယ့် စည်းကမ်းချက် ၁၁ ချက်ပါပါတယ်။ ဆရာကြီးမေးတဲ့ အချက်က လိုက်နာရမယ့် စည်းကမ်းထဲမှာပါနေပါတယ်။

ဆရာကြီး - ပြင်ဆင်တဲ့ဥပဒေမှာ မူလဥပဒေပုဒ်မ ၁၇၊ ၁၈၊ ၁၉ မှာပါတဲ့ ပြစ်ဒဏ်တွေကို တစ်ဝက်လောက်လျှော့ထားတာကော မင်းသတိထားမိလား။ အဲဒီလို ပြစ်ဒဏ်တွေလျှော့ထားတော့ စည်းကမ်းမဲ့ ဆန္ဒထုတ်ဖော်သူတွေ များမလာနိုင်ဘူးလား။

မင်းသိဒ္ဓိ - အဲဒီလို စည်းကမ်းမဲ့ ဆန္ဒဖော်ထုတ်သူတွေ ရှိလာရင် Enforcement Body က ပြစ်မှုကျူးလွန်တဲ့သူတွေကို ပြတ်ပြတ်သားသား အရေးယူနေရင် ပြစ်ဒဏ်လျှော့ထားပေမယ့် ပြစ်မှုကျူးလွန်သူတွေ တိုးမလာနိုင်ဘူးလို့ ထင်ပါတယ် ဆရာကြီး။

ဥပမာ - စည်းကမ်းမဲ့ စီတန်းလှည့်လည်သူတွေက ပြည်သူပိုင်၊ အများပိုင်နဲ့ ပုဂ္ဂလိကပိုင် ပစ္စည်းတွေကို ထိခိုက်ပျက်စီးစေမယ့်အပြုအမူ လုပ်မယ်၊ ပတ်ဝန်းကျင်ညစ်ညမ်းအောင် လုပ်မယ်ဆိုရင် ပုဒ်မ ၁၉ နဲ့ တရားစွဲနိုင်ပါတယ်။

ဆရာကြီး - ငါ --- အီဂျစ်မှာဖြစ်တဲ့ အရေးအခင်း၊ ထိုင်းမှာဖြစ်တဲ့ အရေးအခင်းတွေကို တီဗွီမှာ ကြည့်ဖူးတယ်။ အီဂျစ်မှာဆိုရင် ဆန္ဒပြသူတွေက လူစုလူဝေး (Mob) နဲ့ လက်နက်တွေကိုင်ပြီး လမ်းသွားလမ်းလာ ယာဉ်တွေကို တားဆီးနှောင့်ယှက်တာတွေ မြင်ရတယ်။ ဒို့ဆီမှာလည်း အဲဒီလို ဆန္ဒထုတ်ဖော်သူတွေ တစ်စတစ်စများလာပြီး ရမ်းရမ်းကားကား လုပ်လာရင် ဘာနဲ့ အရေးယူမလဲ။

မင်းသိဒ္ဓိ - ဆရာကြီးက ငြိမ်းစုစီဥပဒေကို စိတ်ဝင်စားသူဆိုတော့ အဲဒီဥပဒေမှာ ပါပါတယ်။ ပြန်ကြည့်နိုင်ပါတယ်။ ဆရာကြီးမေးတဲ့ အချက်တွေက **ဆန္ဒထုတ်ဖော်သူတွေ လိုက်နာရမယ့်စည်းကမ်းချက်တွေနဲ့ ဆန့်ကျင်နေတာမို့ ပုဒ်မ ၁၉ နဲ့ အရေးယူနိုင်သလို ပုဒ်မ ၂၀ အရလည်း ကျူးလွန်တဲ့ပြစ်မှုအပေါ်မူတည်ပြီး တည်ဆဲဥပဒေအရလည်း အရေးယူနိုင်ပါတယ်** ဆရာကြီး။

ဆရာကြီး - မင်းသိဒ္ဓိ ရေ --- ပြတင်းပေါက်ကလေး ပိတ်လိုက်ဦးကွာ။ အပြင်က မိုးပက်နေပြီ။ ဆရာကြီးသိချင်တာလေးတွေ ရှိသေးတယ်ကွ။ တချို့ ဆန္ဒထုတ်ဖော်သူတွေဟာ လူမျိုးရေးတွေ၊ ဘာသာရေးတွေ ထိခိုက်ပြီး ဟောတာပြောတာ၊ မမှန်တဲ့သတင်းတွေ ဟောပြောတာတွေရှိတယ်၊ မင်းသတိထားမိမှာပေါ့။ အဲဒါလေးတွေက မင်းပြောတဲ့ စည်းကမ်းချက်ထဲမှာ ပါတာပေါ့နော်။

မင်းသိဒ္ဓိ - ဟုတ်ပါတယ် --- ဆရာကြီး။ ဆရာကြီးတောင် ဥပဒေကို တော်တော်နားလည်နေပြီ။

ဆရာကြီး - ငါမရှင်းလို့ မေးရဦးမယ်ကွာ။ ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၂ (ဠ)မှာ စီတန်းလှည့်လည်ခွင့် ရုပ်သိမ်းခံရရင် လူစုခွဲရမယ်လို့ပါတယ်။ ဘယ်သူက ခွဲရမှာလဲ။ လူစုမခွဲရင် ဘာတွေဖြစ်နိုင်သလဲ။

မင်းသိဒ္ဓိ - စီတန်းလှည့်လည်ခွင့် ရုပ်သိမ်းခံရရင် လူစုခွဲရမယ်ဆိုတာ ဆန္ဒထုတ်ဖော်သူတွေကို ပြောတာပါဆရာကြီး။ ဆန္ဒထုတ်ဖော်သူတွေ လူစုမခွဲရင် ရုန်းရင်းဆန်ခတ်မှုလက်စွဲ (Riot Manual) အရ လူစုလူဝေးကို လူစုခွဲနိုင်ပါတယ်။ မြို့ပြအင်အားဖြစ်တဲ့ ရဲနဲ့ လူစုခွဲနိုင်ပါတယ်။

ဆရာကြီး - အခု ပြင်ဆင်လိုက်တဲ့ ငြိမ်းစုစီဥပဒေကို ကျင့်သုံးရာမှာ ဆန္ဒထုတ်ဖော်သူတွေနဲ့ ခွင့်ပြုချက်ပေးသူတွေအကြား ယုံကြည်မှုတည်ဆောက်(Believe of Building)ဖို့ လိုသလို၊ ခံယူချက်(Concept)ပါ ပြောင်းဖို့လိုပြီပေါ့နော်။

မင်းသိဒ္ဓိ - ဟုတ်ပါတယ် --- ဆရာကြီး။ ပြင်ဆင်တဲ့ ဥပဒေအရ စီတန်းလှည့်လည်ခွင့်လျှောက်တိုင်း ခွင့်ပြုချက်ပေးမှာဖြစ်တဲ့အတွက် ဒါကို ခွင့်ပြုချက် တောင်းစရာမလိုတော့ဘူးလို့ အယူအဆလွဲမှားနိုင်ပါတယ်။ **တကယ်တော့ ဥပဒေအရ ခွင့်ပြုချက်က မဖြစ်မနေတောင်းရမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ပေးတဲ့ ရဲတပ်ဖွဲ့မှူးကလည်း ခွင့်ပြုချက်ထုတ်ပေးရုံနဲ့ မပြီးသေးဘူး။ ဆန္ဒထုတ်ဖော်မယ့်သူတွေရဲ့ ခေါင်းဆောင်တွေကိုခေါ်ပြီး ပုဒ်မ ၈ (င) အရ ထုတ်တဲ့ ဒေသဆိုင်ရာ စည်းကမ်းတွေ၊ ပုဒ်မ ၁၀၊ ၁၁ ပါ ပြဋ္ဌာန်းချက်တွေ၊ ပုဒ်မ ၁၂ မှာပါတဲ့ စည်းကမ်း ၁၁ ချက်တွေကို ရှင်းပြဖို့လိုပါလိမ့်မယ်။** ဆန္ဒထုတ်ဖော်မယ့် ခေါင်းဆောင်တွေကလည်း ဆန္ဒထုတ်ဖော်မယ့်သူတွေကို ဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေ၊ ခွင့်ပြုချက်မှာပါတဲ့ စည်းကမ်းချက်တွေကို နားလည်အောင် ရှင်းပြဖို့ လိုပါတယ်။ ဒါမှ အားလုံးက နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းစွာ စနစ်တကျ စီတန်းလှည့်လည်တတ်တဲ့ ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေ ရသွားမှာဖြစ်ပါတယ်။ ဥပဒေဖောက်ဖျက်ကျူးလွန်လို့ အရေးယူဆောင်ရွက်တာတွေလည်း မလုပ်ရတော့ဘူးပေါ့ ဆရာကြီးရယ်။

ဆရာကြီး - အေးကွာ အခုလိုရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ညဉ့်လည်းအတော်နက်သွားပြီမို့ ဆရာကြီးအိမ်ပြန်တော့မယ်။

ဆရာကြီး ဦးမင်းနိုင် ကျွန်တော့်အိမ်မှ ပြန်သွားပြီးနောက် ကျွန်တော်လည်း အိပ်ရာဝင်ရာ ညဉ့်အတော်နက်သည်အထိ အိပ်မပျော်ခဲ့ပါ။ ဆရာကြီး ဆွေးနွေးတဲ့ ငြိမ်းစုစီဥပဒေအကြောင်း စဉ်းစားရင်းက အတွေးအသစ်တစ်ခုပေါ်လာပါသည်။ တကယ်တော့ ငြိမ်းစုစီဥပဒေမှာ ဒီမိုကရေစီမြက်သားမွေးနိုင်ရန် ပြဋ္ဌာန်းပေးခြင်းပင် ဖြစ်ပါတော့သည်။ ။

တကယ်တော့ ဥပဒေအရ ခွင့်ပြုချက်က မဖြစ်မနေတောင်းရမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ပေးတဲ့ ရဲတပ်ဖွဲ့မှူးကလည်း ခွင့်ပြုချက်ထုတ်ပေးရုံနဲ့ မပြီးသေးဘူး။ ဆန္ဒထုတ်ဖော်မယ့်သူတွေရဲ့ ခေါင်းဆောင်တွေကိုခေါ်ပြီး ပုဒ်မ ၈ (င) အရ ထုတ်တဲ့ ဒေသဆိုင်ရာ စည်းကမ်းတွေ၊ ပုဒ်မ ၁၀၊ ၁၁ ပါ ပြဋ္ဌာန်းချက်တွေ၊ ပုဒ်မ ၁၂ မှာပါတဲ့ စည်းကမ်း ၁၁ ချက်တွေကို ရှင်းပြဖို့လိုပါလိမ့်မယ်။

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်မြှင့်တင် ခေတ်နှင့်လိုက်လျောညီထွေ စိတ်ဓာတ်ပါပြောင်းလဲဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၃) ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အစီအစဉ်အရ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲများသည် အဓိကအားဖြင့် ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်းနှင့် တာဝန်သိသိ တာဝန်ယူလုပ်ကိုင်တတ်မှု အားနည်းခြင်းတို့ကို Mindset နှင့် လုပ်နည်းလုပ်ဟန် ပြုပြင်ပြောင်းလဲစေရန် ဆွေးနွေးပြုပြင်သွားရမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ အရာထမ်း၊ အမှုထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်၍ ခေတ်နှင့်လိုက်လျောညီထွေ စိတ်ဓာတ်ပါ ပြောင်းလဲလိုက်ပါ ဆောင်ရွက်ရေး၊ အလုပ်ကိုကြိုးစားလုပ်ကိုင်တတ်ရေး၊ လုပ်ငန်းများကို လျင်မြန်ထိရောက်စွာဖြင့် စွမ်းဆောင်ရည်ရှိရှိ လုပ်ကိုင်တတ်ရေးအတွက် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် Delivery Unit များ ဖွဲ့စည်းတာဝန်ပေးအပ်ထားရာ အချိန်တိုအတွင်း အကျိုးရလဒ်ရအောင် စွမ်းဆောင်ရည်မြှင့်တင် ဆောင်ရွက်မှုအဖြစ် ဦးစားပေးလုပ်ငန်း(၇)ရပ် ချမှတ်ပေးထားပါကြောင်း၊ ယင်း(၇)ရပ်တွင် ခရီးသွားလုပ်ငန်းသည် ဦးစားပေးလုပ်ငန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ ဆက်လက်၍ e-government စနစ် ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ဌာနတိုင်းက လ ၂၀ အစီအမံရေးဆွဲပြီး လက်တွေ့ချိတ်ဆက်အသုံးပြုနိုင်သည်အထိ ဝန်ထမ်းများကိုပါ ဖွဲ့စည်းလေ့ကျင့်ပြီး တစိုက်မတ်မတ် တိုးတက်ရေးစီမံဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝ လျင်မြန်ချောမွေ့လာစေရေးအတွက် e-government စနစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်းပြီး ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်အောင် ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့်စွမ်းဆောင်ရည် ပြည့်ဝအောင် တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့် ရာထူးအဆင့်တိုး၍ ချီးမြှင့်ခြင်း၊ အရေးယူသင့်သူကို အရေးယူခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။(ဝဲပုံ)



ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူတို့က ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေနှင့် ဒုတိယဝန်ကြီး ဒေါက်တာ စိုင်းကျော်အုန်းတို့က လိုအပ်သည်များကို ထပ်မံဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အဆိုပြုချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၂၈)အရ ဒုတိယဝန်ကြီးဦးစိုးဝင်းအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့သည်။ နိုင်ငံခြားဘဏ်များ ဖွင့်လှစ်ရေး၊ ကြီးကြပ်ရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆက်အောင်က စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် နိုင်ငံခြားဘဏ်များ ရွေးချယ်ဖွင့်လှစ်ရေး၊ ကြီးကြပ်ရေးနှင့် ပြည်တွင်းဘဏ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစီအမံများ ဆောင်ရွက်ရာတွင် နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းသို့ ဝင်ရောက်လာသော ဌာနခွဲတစ်ခု လာရောက်ဖွင့်လှစ်သည့်ပုံစံဖြင့်လည်းကောင်း၊ နိုင်ငံခြားဘဏ်တစ်ခုမှ မြန်မာနိုင်ငံသို့လာရောက်ပြီး ကုမ္ပဏီအသစ်တစ်ခုအဖြစ် လာရောက်ဖွင့်လှစ်သည့် ပုံစံဖြင့်လည်းကောင်း၊ ပြည်တွင်းဘဏ်များနှင့် ချိတ်ဆက်ပြီး ဌာနခွဲတစ်ခုဖွင့်လှစ်သည့်ပုံစံဖြင့် လည်းကောင်း၊ နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းဘဏ်များမှ ရှယ်ယာများကို ဝယ်ယူပြီး ပြည်တွင်းဘဏ်များအဖြစ် လည်းကောင်း၊ ယင်းပုံစံများအနက် မည်သည့်နည်းလမ်းဖြင့် လက်ခံမည်ကို စဉ်းစားရပါကြောင်း၊ ပုံစံတစ်မျိုးစီတွင် ကောင်းကျိုးများ၊ ဆိုးကျိုးများလည်းရှိပါကြောင်း၊ တစ်မျိုးချင်းစီ၏ အားသာချက်၊ အားနည်းချက်များကို နှိုင်းယှဉ်ခဲ့ပါကြောင်း၊ ယင်းသို့နှိုင်းယှဉ်ရာတွင် အဓိကအခြေခံအချက်ကြီး (၃)ချက်ကို စဉ်းစားခဲ့ပါကြောင်း၊ ယင်းအချက်များမှာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး၊ ပြည်တွင်းဘဏ်များ၏အကျိုး၊ ပြည်တွင်းလုပ်ငန်းရှင်ကုမ္ပဏီများ၏အကျိုးတို့ဖြစ်ပြီး အဆိုပါအချက်များအပေါ် အခြေခံ၍ နိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

၁၀၀ ကျပ်တန်နှင့် ၅၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုးနှင့် တံဆိပ်ခေါင်းပါ စာအိတ်များ ရောင်းချမည်

နေပြည်တော် ဇွန် ၂၅

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့မှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်နိုင်ခဲ့သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေသည့် ၁၀၀ ကျပ်တန်နှင့် ၅၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုးနှင့် တံဆိပ်ခေါင်းပါ စာအိတ်များကို ဇွန် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇွန် ၂၈ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁)နှင့် နိုင်ငံခြားရေးနှင့်ဥရောပရေးရာဝန်ကြီး ဒေါက်တာဗက်စ်နာပူစစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၂၅

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား The Irish Centre for Human Rights မှ Professor Michael O'Flaherty နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံပြီး လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ပြောင်းလဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၂၅

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိရေးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သတင်းစာပါ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ အများပြည်သူတို့ပေးပို့ခဲ့သောအကြံပြုချက်များအပေါ် ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်း သုံးသပ်ခဲ့ကြပြီး သင့်မြတ်သည့် အကြံပြုချက်များကို ဥပဒေကြမ်းတွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးကို ဇွန် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးမြို့ ကျပ်တင်ပြီးငါးများ မီဇိုရမ်ပြည်နယ် အိုက်ဇောမြို့အထိ တင်ပို့

ကလေး ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပျဉ်းခုံလေးကျေးရွာရှိ ငါးကျပ်တင်လုပ်ငန်းမှ ကျပ်တင်ပြီးငါးများကို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အိုက်ဇောမြို့အထိ တင်ပို့ပေးနေရကြောင်း သိရသည်။

"ကျပ်တင်ပြီး ငါးတွေကို ရိဒ်နယ်စပ်မှတစ်ဆင့် အိုက်ဇောမြို့သို့ တစ်ပတ်လျှင် တစ်ခေါက်သွားရောက်ပြီး ပို့ပေး နေရပါတယ်၊ တစ်ခေါက်ကို ပိဿာချိန် ၂၀၀၊ ၃၀၀ အထိပို့ပေးရပါတယ်၊ အိုက်ဇောမြို့ရောက်ရင်တော့ ကျပ်တင်ပြီးငါး 1 Kg ကို အိန္ဒိယရူပီး ၅၀၀ ရပါတယ်၊ ဒီလိုငါးတွေကင်တဲ့နေရာမှာ အစိုတစ်ပိဿာကို ကျပ်တင်လိုက်မယ်ဆိုရင် ၃၅ ကျပ်သားခန့်ပဲ ရပါတယ်၊ ငါးတွေကိုတော့ ကလေးမြို့မှာရှိတဲ့ ငါးမွေးကန်တွေကနေ ဝယ်ရပါတယ်"ဟု ကျပ်တင်လုပ်ငန်းပိုင်ရှင် ဒေါ်လားဘူးလျံနီးက ပြောသည်။

"ကလေးမြို့မှာရှိတဲ့ တစ်နိုင် တစ်ပိုင်လုပ်ငန်းလေးတွေကနေ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေးအတွက် နိုင်ငံတော်ကနေ ကူညီဆောင်ရွက်ပေးနိုင်ဖို့ ရည်ရွယ်ပြီးဆောင်ရွက်သွားဖို့ရှိပါတယ်၊ ငါးကျပ်တင်လုပ်ငန်းကို ကူညီပေးနိုင်ဖို့ သွားရောက်လေ့လာပြီးပါပြီ၊ ငါးမွေးကန်စာရင်းတွေလည်း ကလေးမြို့နယ်အတွင်းမှာ ဧက ဘယ်လောက်ရှိတယ်ဆိုတာကို ကောက်ခိုင်းထားပါတယ်၊ ဒီလိုအမှန်တကယ်လုပ်နေတဲ့ လုပ်ငန်းလေးတွေကို ကူညီခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုပါတယ်၊ နောက်ပြီး ဈေးကွက်ချဲ့ထွင်ဖို့ကိုလည်း နယ်စပ်ကုန် သွယ်ရေးတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ပေးသွားမှာပါ၊ ကလေးမြို့က ငါးတွေကို အခြောက်သာမက အစိုအထိ ရေခဲရိုက်ပြီး ပြည်ပတင်ပို့နိုင်ဖို့ ကူညီပေးသွားနိုင်ရေး နိုင်ငံတော်ကို တင်ပြသွားမှာပါ"ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

"ယခင်တုန်းက ဟုမ္မလင်းမြို့မှာ ငါးကျပ်တင်လုပ်ငန်းတွေ လုပ်ပြီး တမူးကနေတစ်ဆင့် မိုးရေးမြို့ကို ပို့ဖူးပါတယ်၊ ငါးကတော့ ချင်းတွင်းမြစ်ထဲကရတဲ့ ငါးတွေပါ၊ အခုတော့ မြစ်ထဲမှာ ငါးတွေက စီးပွားဖြစ်ရှာလို့ မရတော့တာကြောင့် အပို့ရပ်ထားရတယ်လို့ သိရပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

(လင်းလက်ကြယ်စင်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် လက်တွဲညီညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

လက်ပံတောင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ရောက်ရှိနေသော လက်ပံတောင်း တောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည် ဖော်ဆောင်ရွက်မည့် ကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ဆားလင်းကြီး မြို့နယ် တို့ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲမှ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက် အားပေးကြသည်။**(အပေါ်ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းထွန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရုပ်မြင်သံကြားစက်တစ်လုံး၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင်များအား ဆုငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် တာဝန်ရှိသူများက ပညာ့အားမာန် ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၅၀ တက်ရောက်ပညာ သင်ကြားလျက်ရှိပြီး ကျောင်းဆောင်သစ်မှာ အလျားပေ ၁၃၀၊ အနံပေ ၃၀ ရှိ RC လေးခန်းတွဲ နှစ်ထပ်အဆောက်အအုံ ဖြစ်သည်။

ယင်းနောက် ဖောင်းကတာ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ပွဲနှင့် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင်များအား ဆုငွေများ ပေးအပ်သည်။

ထို့နောက် ပညာရတနာကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အထက်တန်းကျောင်းခွဲတွင် ကျောင်းသား ကျောင်းသူ ၉၀၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ RC ရှစ်ခန်းတွဲ နှစ်ထပ်အဆောက်အအုံ ဖြစ်သည်။

ယင်းနောက် အမှတ်(၆)အထည်စက်ရုံ (ဆားလင်းကြီး)အထည်ချုပ်ဌာနတွင် ဒေသအတွင်း အလုပ်အကိုင်ခန့်ထားပေးသော အဝတ်အထည် ချုပ်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး အထည်စက်ရုံရုံးဌာန၌ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် Action Aid(မြန်မာ)မှ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးလူငယ်သင်တန်း အမှတ်စဉ်(၁)သို့ တက်ရောက်အားပေးသည်။

အဆိုပါသင်တန်းသည် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ ရွာမှ သင်တန်းသား သင်တန်းသူ ၃၀ ဦးတို့ကို လူမှုအသိုက်အဝန်းနှင့် ကျေးရွာအခြေပြု ဖွံ့ဖြိုးရေးနည်းစဉ်များ၊ ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းသူများ ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ သိကောင်းစရာများ စသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၅ ရက်ထိ တစ်လကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဆိုပါအထည်စက်ရုံ ရှင်းလင်းဆောင်၌ ကျင်းပသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီနှင့် စီမံကိန်းဒေသရှိ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များတွေ့ဆုံပွဲနှင့် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဒေသရှိ မြို့နယ်၊ ကျေးရွာများသည် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုဖြင့် တစ်မူထူးခြားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည့် ဒေသကြီးတစ်ခုဖြစ်ပါကြောင်း၊ ယခင်က လျှပ်စစ်မီး၊ သန့်ရှင်းသည့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရန်စသည့် အခက်အခဲများရှိခဲ့သော်လည်း ယခုအခါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် ထိုက်သင့်သည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံဘဏ္ဍာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စီမံကိန်းအတွင်းမှ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု (CSR)ရရှိသည့်အတွက် စီမံကိန်းဒေသရှိ ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေး (CSD)နှင့် လူမှုရေး တာဝန်ရှိမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ CSR လုပ်ငန်းများအနေဖြင့် လက်ပံတောင်းတောင် စီမံကိန်းဒေသအပါအဝင် စံပယ်တောင်၊ ကြေးစင်တောင် ဒေသများကိုလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

စီမံကိန်းနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးခဲ့ရသူများကို ဥပဒေကြောင်းအရ ထိုက်သင့်သည့် လျော်ကြေးများပေးအပ်ခဲ့ပြီး စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအရ နစ်နာကြေး ထောက်ပံ့ကြေးများ ထပ်မံပေးအပ်ခဲ့ပါကြောင်း၊ စီမံကိန်းသည် တည်ဆောက်ဆဲကာလသာဖြစ်ပြီး ထုတ်လုပ်မှုကာလသို့ ရောက်လျှင် ထောက်ပံ့မှုများ၊ အလုပ်အကိုင် အခွင့်အလမ်းများကို ယခုထက် ပိုမိုဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးမြှင့်တင်နိုင်ရန် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ ပညာရေးမြှင့်တင်နိုင်မှသာ နိုင်ငံအတွက် အားထားရသည့် ပညာပြည့်ဝသည့် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် လက်တွဲညီညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မှန်ကန်သည့် အတွေးအခေါ် အမြော်အမြင်၊ အယူအဆ၊ မှန်ကန်သည့် လုပ်ရပ်လမ်းကြောင်းတို့ဖြင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိုးကြိုးပြင်၊ ရွာရှည်၊ ညောင်ပင်ကြီး၊ ဖောင်းကတာ၊ လက်ပံတောင်း၊ တုံ၊ ဒုန်းတော၊ ကျောက်မျက်၊ ရွှေပန်းခိုင်၊ မြရိပ်ကျေးရွာအုပ်စုများနှင့် စီမံကိန်းဧရိယာအတွင်း မပါဝင်သည့် ကျေးရွာများမှ တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည်။

ယင်းနောက် ဆည်တည်း-ဇီးတောကျေးရွာနှင့် ဝက်မွေးကံတောကျေးရွာ မူလတန်းကြို ကျောင်းများသို့ ရောက်ရှိပြီး လက်ဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကာ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကလေးများ၏ ကျန်းမာရေးကို အလေးထားဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်မြေမြင်သာကျောင်းတိုက်နှင့် ကံတောကျောင်းတိုက်မှ ရုံများတွင် ဒေသခံပြည်သူများအား အဝတ်အထည်များ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးစာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

❖ ကျောဖုံးမှ

ဆရာကြီးဦးဟန်တင်နှင့် သိက္ခမ်းခင်မင်ရုံမက ဆရာတပည့်အသွင်ဖြင့် ခင်မင်ရင်းနှီးခွင့်ရသည်မှာ တစ်စုံတစ်ယောက်က မိတ်ဆက်ပေး၍မဟုတ်။ မိမိကိုယ်တိုင် ချဉ်းကပ်မိတ်ဆက်ခဲ့ခြင်းကြောင့် ခင်မင်ရခြင်းဖြစ်၏။ ဘဘဦးသုခ ၏ တပည့်တစ်ယောက်ဟူ၍ သိသောအခါ ပိုမို၍ ခင်မင်၏။ တစ်ခါတစ်ရံ နိုင်ငံကျော် အနုပညာရှင်ကြီးနှစ်ဦးတို့သည် ဆရာကြီးဦးဟန်တင်၏အိမ်တွင် ထားဝယ်ရိုးရာ ထမင်းစားရင်း စကားစမြည်ပြောကြ၏။ ထိုအခါ ဆရာကြီးနှစ်ဦး၏ ပြောကြဆိုကြသော အနုပညာစကားများ ကြားသိရသဖြင့် ကျေနပ်အားရဆုံးသူကား စာရေးသူပင်ဖြစ်၏။

ဆရာကြီးဦးဟန်တင်သည် စာရေးသူအား အိမ်သို့ ဝင်ထွက်သွားလာ၍ မိသားစုသဖွယ် ဆက်ဆံပါရန် ခွင့်ပြု၏။ စာရေးသူက တောင်းပန်သဖြင့် ဆရာကြီးထုလုပ်ခဲ့ဖူးသော ပန်းပုရုပ်တုများနှင့်ပတ်သက်၍ တစ်ခုချင်းစီ အကြောင်း မည်ကဲ့သို့ ဖန်တီးရသည်ကို လက်တွေ့ပုံစံငယ်များဖြင့် မအားလပ်သည့်ကြားမှ အချိန်ပေး၍ ရှင်းပြခဲ့ဖူး၏။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဦးဆောင်သောခေတ်က ရန်ကုန်မြို့တော်ရှိ ပြည်သူ့လွှတ်တော်ကြီးကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခဲ့၏။ ထိုအခါ ပြည်သူ့လွှတ်တော်အဝင်ဝတွင် ပန်းပုရုပ်တုတစ်ခုထားရန် ပြည်သူ့လွှတ်တော်တည်ဆောက်ရေးကော်မတီမှ ပန်းပုဆရာကြီး ဦးဟန်တင်အား တာဝန်ပေး၏။

"အဲဒီအချိန်က ပြည်သူ့လွှတ်တော်ရဲ့ အဝင်ဝမှာ ဘယ်လိုရုပ်တုမျိုး ထားရမလဲဆိုတာကို စဉ်းစားရတာ လနဲ့ချီပြီး ကြာတယ်။ ပန်းပုဆိုတာ ထုတာက မကြာဘူး။ ဘယ်လိုရုပ်တုမျိုးထုရမယ်လို့ တွေးခေါ်ရတာက ကြာတာ။ ပြည်သူ့လွှတ်တော်ဆိုတာ နိုင်ငံတကာကလာမယ့် သံတမန်တွေ၊ နိုင်ငံ့ခေါင်းဆောင်ကြီးတွေ လာလိမ့်မယ်။ နိုင်ငံ့ခေါင်းဆောင်တွေ လာတဲ့အခါ အရင်းဆုံးထိတွေ့ရမှာက နိုင်ငံကိုယ်စားပြုရုပ်တုပဲ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု၊ စစ်သူကြီး မဟာဗန္ဓုလရုပ်တု၊ နောက် ဆိုရှယ်လစ်နိုင်ငံဖြစ်နေတော့ တူတံစဉ်ဒါတွေအားလုံးကို စဉ်းစားခဲ့တယ်။ မသင့်တော်လို့ ပယ်ခဲ့တယ်။ အဘက်ဘက်က စဉ်းစားပြီး နောက်ဆုံး ဗြဟ္မစိုရ်တရား (၄)ပါးကို စဉ်းစားရတယ်။ ဗြဟ္မာစိုရ်တရား (၄)ပါးထဲက မေတ္တာကို ရွေးချယ်တယ်။ နောက် မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမေတ္တာရဲ့ သရုပ်ကို ဘယ်လိုတင်ပြမလဲဆိုတာ ထပ်စဉ်းစားရပြန်တယ်။ အမိမြန်မာပြည် ကိုယ်စားပြုဆိုတော့ အမျိုးသမီးဖြစ်ရမယ်။ အမျိုးသမီးဆိုတာတောင် အသက်အပိုင်းအခြားက မကြီးမငယ်၊ ခန္ဓာကိုယ်အချိုးအစားက လှပရမယ်။ Sexy မဖြစ်စေရဘူး။ မျက်နှာကလည်း ကြည်လင်သန့်ရှင်းတဲ့မျက်နှာ၊ ရိုးသားတဲ့မျက်နှာ၊ (၅၂၈)မေတ္တာလွှမ်းမိုးတဲ့ မျက်နှာမျိုးဖြစ်ရမယ်။ ဒီလို ဆုံးဖြတ်ပြီး ပုံစံငယ်ထုခဲ့တယ်။

ပုံစံငယ်ထုပြီးတာနဲ့ အဲဒီအချိန်က မြန်မာပြည်မှာရှိတဲ့ ပညာရှင်အဖွဲ့ကို ပြသခဲ့ရတယ်။ စာပေပညာရှင်၊ သမိုင်းပညာရှင်အပါအဝင် အနုပညာရှင်ပေါင်း ၄၀ ကျော်က ဝေဖန်ကြတယ်။ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့ပါတာပေါ့။ ပုံစံငယ်ကို ကြည့်ရှုပြီး ပညာရှင်ကြီးတွေက အမျိုးမျိုးဝေဖန်ကြတယ်။ ဆရာဦးဟန်တင် နောက်ထပ် တခြားအရုပ်တွေ လုပ်ပါဦးပေါ့။ အခြားအရုပ်တွေ ထပ်လုပ်ဖို့ဝေးလို့ ဒီအရုပ်တစ်ခုဖြစ်ဖို့ စဉ်းစားရတာတောင် ပင်ပန်းလှပြီ။

ဒါကြောင့် **အမိမြန်မာပြည်ရုပ်တု**ကို ဘာ့ကြောင့် ထုလုပ်ရသလဲဆိုတာ ရှင်းပြရတော့တာပေါ့။

ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို အစားအသောက်တွေ၊ ဖွယ်ဖွယ်ရာရာနဲ့ တည်ခင်းဧည့်ခံကျွေးမွေးတဲ့အခါ အိမ်နောက်ဘက်မီးဖိုချောင်မှာ ချက်ပြုတ်ကြော်လှော်တာတွေ၊ ပင်ပင်ပန်းပန်း ချွေးတလုံးလုံးနဲ့ လုပ်ရကိုင်ရတာတွေ၊ အနိဋ္ဌာရုံတွေကို ဘယ်ဧည့်သည်ကိုမှ မပြသင့်ဘူး။ ဧည့်သည်ကို ကျွေးဖို့ကြက် ဘယ်နှစ်ကောင်သတ်ရတယ်၊ ဝက် ဘယ်နှစ်ကောင်သတ်ရပါတယ်ဆိုတဲ့ အနိဋ္ဌာရုံတွေကို မပြသင့်ဘူး။

ဒီလိုပဲ ကိုယ့်နိုင်ငံကိုလာတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ သံတမန်တွေကို ကိုယ့်နိုင်ငံက စိတ်ပင်ပန်းစေမယ့် အနိဋ္ဌာရုံတွေကို မပြသင့်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းတို့၊ စစ်သူကြီး မဟာဗန္ဓုလတို့ဆိုတာ အခြားနိုင်ငံတွေနဲ့ ဆက်ဆံရာမှာ (ကိုယ်က မှန်ခဲ့ပေမယ့်) သမိုင်းအဖုအထစ်တွေက ရှိခဲ့ဖူးတယ်။ ဆိုရှယ်လစ်ခေတ်ဆိုတော့ တူတံစဉ်ပါတဲ့ အထိမ်းအမှတ်ပုံထုဖို့ဆိုတာ လွှတ်တော်ကြီးကို နှစ်ပေါင်းဘယ်လောက်ထားချင်သလဲ။ နှစ်ပေါင်း ၁၀၀ လား၊ နှစ်ပေါင်း ၂၀၀ လား၊ နှစ်ပေါင်း ၁၀၀၀ လား၊ ဘယ်လောက်ရှည်မှန်းထားသလဲ။ ခေတ်နဲ့စနစ်ဆိုတာ အမြဲတမ်းပြောင်းလဲနေတော့ ခေတ်ပြောင်းသွားတာနဲ့ အဲဒီရုပ်တုက ဖျက်ဆီးခံရမှာပဲ။ ထာဝရမပြောင်းလဲနိုင်တာက ဗြဟ္မစိုရ်တရားထဲက "မေတ္တာ"ပဲ။ ဒါကြောင့် မြန်မာတို့ရဲ့ မေတ္တာကိုယ်စားပြု **အမိမြန်မာပြည်ရုပ်တု**ကို ထုလုပ်ရတာ။ နိုင်ငံတကာကလာတဲ့ ဧည့်သည်ကို ထာဝရမပျက်ပြယ်သော မေတ္တာရှေ့ထား၍ သပြေပန်းနဲ့ လက်ကမ်းကြိုပါတယ်ဆိုပြီး **အမိမြန်မာပြည်ရုပ်တု**ကို ထုလုပ်ရကြောင်း ရှင်းပြခဲ့ရတယ်။

ဒီတော့မှ ပညာရှင်ကြီးတွေသဘောပေါက်ပြီး သူတို့များယွင်းကြောင်း ဝန်ခံတဲ့အပြင် ပြန်လည်တောင်းပန်တဲ့အထိ ဖြစ်လာခဲ့တယ်။"

ပြည်သူ့လွှတ်တော်အဝင်ဝတွင်ထားရှိသော ပန်းပုဆရာကြီးဦးဟန်တင်၏ **အမိမြန်မာပြည်ရုပ်တု** အကြောင်းကို စဉ်းစားရာမှ ပန်းပုဆရာကြီးဦးဟန်တင်၏ သိမ်မွေ့နက်နဲသောအနုပညာအတွေးအမြင်ကို လေးစားကြည်ညိုမိပါသည်။

(ကန့်ကူလက်လှည့်ဆရာများဖြစ်ကြသော စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခနှင့် ပန်းပုဆရာကြီး ဦးဟန်တင်အား ထာဝရဂါရဝဖြင့်) **(မျိုးဟိန်း)**

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကူညီကာကွယ်

အားကစားပြိုင်ပွဲဝင်အင်အား မှတ်ပုံတင်ခြင်းနှင့် ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၂၅

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲအင်အား မှတ်ပုံတင်ခြင်းနှင့် ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားအဖြစ် ကျင်းပနေပါကြောင်း၊ ပြိုင်ပွဲကျင်းပရခြင်းကြောင့် ဒေသအသီးသီးရှိ ရွက်ပုန်းသီး အားကစားသမားများနှင့် အနာဂတ်တွင် အလားအလာကောင်းသော အားကစားသမားများရှာဖွေရရှိနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းပြည်သူများ အားကစားနှင့် နီးနီးကပ်ကပ်တွေ့ခွင့်ရရှိ၍ အားကစားကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ပြည်သူများ ပိုမိုစိတ်ဝင်စားလာစေရေး ထိရောက်သောလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန်လိုကြောင်း၊ ကျင်းပပြီးသောတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြိုင်ပွဲများ၏ အားနည်းချက်/အားသာချက်များကို နမူနာယူ၍ ပြိုင်ပွဲကျင်းပရန်ကျန်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များက ယခုထက်ပိုကောင်းအောင်ပြင်ဆင်ရန်လိုအပ်ကြောင်းနှင့် နိုင်ငံ၏ အမျိုးသားအားကစားဖြစ်သည့် ဒေသတွင်း ဘောလုံးပြိုင်ပွဲကို မဖြစ်မနေထည့်သွင်း ကျင်းပရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ကျင်းပပြီးစီးသော တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ၏ အားနည်းချက်/အားသာချက်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ရွက်ပုန်းသီးအားကစားသမားများရရှိရေးနှင့် ပြိုင်ပွဲကျင်းပမှုပြည်သူများပိုမိုသိရှိစိတ်ပါဝင်စားလာစေရေးကိစ္စများကို လည်းကောင်း ပြောကြားကြသည်။ **(သတင်းစဉ်)**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေ(ဒုတိယမူကြမ်း)ရေးဆွဲရေး စည်းဝေး

နေပြည်တော် ဇွန် ၂၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေ(ဒုတိယမူကြမ်း)ရေးဆွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ နည်းဥပဒေရေးဆွဲရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန့်နှင့် နည်းဥပဒေရေးဆွဲရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေ (ဒုတိယမူကြမ်း)ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဆွေးနွေးရာ၌ ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် မူလဥပဒေနှင့် ညီညွတ်စွာ ခိုင်မာသော နည်းဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် နည်းဥပဒေရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့တို့ စုံညီညှိနှိုင်းခဲ့ပြီး ပေါ်ထွက်လာသော နည်းဥပဒေ(ပထမမူကြမ်း)အား ပိုမို၍ ပြည့်စုံခိုင်မာသည့် နည်းဥပဒေမူကြမ်း ဖြစ်ပေါ်လာရေးကို ဥပဒေပညာရှင်များ၏ အကြံပြုချက်များနှင့် လွှတ်တော်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ အကြံပြုပေးပို့လာသည့် အချက်များအပေါ် ညှိနှိုင်းသုံးသပ်၍ ပိုမိုပြည့်စုံသည့် နည်းဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နည်းဥပဒေ(ဒုတိယမူကြမ်း)ရေးဆွဲရေးနှင့်စပ်လျဉ်း၍ နည်းဥပဒေရေးဆွဲရေးလုပ်ငန်းကော်မတီဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေကို တောင်သူလယ်သမားများအပါအဝင် လယ်ယာကဏ္ဍ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့် လယ်ယာကဏ္ဍကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိရောက်စွာပံ့ပိုးအကောင်အထည်ဖော်နိုင်မည့် ခိုင်မာသော နည်းဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရေးကို ဥပဒေကျွမ်းကျင်ပညာရှင်များ၏ ဘက်စုံ၊ ထောင့်စုံမှ ဆွေးနွေးအကြံပြုချက်များနှင့် ကိုက်ညီစွာ ဒုတိယအကြိမ်မူကြမ်းအား ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း ရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသော နည်းဥပဒေမူကြမ်းကို တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ ၂၀၁၇ ခုနှစ်အတွင်း ဒုတိယအကြိမ် ထပ်မံရေးဆွဲပြုစုတင်ပြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာယူ-၁၉ အသင်း ကမ္ဘောဇကို ဂိုးပြတ်သွင်း

မြန်မာယူ-၁၉အသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်းနှင့် ကမ္ဘောဇအသင်းတို့သည် ယနေ့ ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားရာ မြန်မာယူ-၁၉ အသင်းက ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာယူ-၁၉ အသင်း - ငါးဂိုး
(မောင်မောင်စိုး- နှစ်ဂိုး၊ သန်းပိုင်၊ ချစ်လှအောင်နှင့် နန်းဝေမင်း)
ကမ္ဘောဇ - ဂိုးမရှိ

ကမ္ဘောဇအသင်းတွင် နိုင်ငံခြားသားကစားသမား လေးဦးအပါအဝင် MNL တွင် ပွဲထွက်ကစားနေသည့် ကစားသမားတစ်ဦးမှမပါဝင်ဘဲ အရန်ကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သောကြောင့် မြန်မာယူ-၁၉အသင်းကို ယှဉ်မကစားနိုင်ဘဲ ဂိုးပြတ်ရှုံးသွားရခြင်းဖြစ်သည်။ မြန်မာယူ-၁၉အသင်းမှာ အမာခံကစားသမားအားလုံးကို အသုံးပြုကစားသွားခဲ့ပြီး ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။

မြန်မာယူ-၁၉အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူခဲ့ပြီး မောင်မောင်စိုးက နှစ်ဂိုး၊ သန်းပိုင်၊ နန်းဝေမင်းနှင့် ချစ်လှအောင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။ မြန်မာယူ-၁၉ အသင်းမှာ ဂျာမနီနိုင်ငံ၌ သွားရောက်မလေ့ကျင့်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲလည်းဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

✳ ဗန်းမော်မြစ်ကြောင်းမှ

ရရှိသည့်ရန်ပုံငွေဖြင့် ရေလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဗန်းမော်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် နှစ်အလိုက် စီမံချက်များရေးဆွဲကာ အဆင့်ဆင့်ပြုပြင်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်ရရှိသည့် ဧရာဝတီမြစ်ဖွံ့ဖြိုးရေးရန်ပုံငွေအတွင်းမှ ခွဲဝေသုံးစွဲရသဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် ဗန်းမော်ဆိပ်ကမ်းရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် မလိုအပ်သော ရေမြှုပ်ကျောက်များအား ပိတ်ခြင်း၊ ရေနက်ကြောင်းရရှိရေး သောင်တူးဖော်ပေးခြင်း၊ ရေကြောင်းပြောင်းလဲစီးဆင်းရေးနှင့် သောင်တူးလမ်းကြောင်းအတွင်း ရေဝင်အားကောင်းစေရန် ရေလွှဲရေကာများတည်ဆောက်ခြင်းလုပ်ငန်းများကို ပင်မစီမံချက်နှင့် ကိုက်ညီပြီး စီမံချက်ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဗန်းမော်ဆိပ်ကမ်းရေလမ်းဖွံ့ဖြိုးရေးအတွက် သီးခြားစီမံချက်ရေးဆွဲလျက် ရန်ပုံငွေရရှိရေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ(Delivery Unit)သို့ ကချင်ပြည်နယ် ဗန်းမော်ခရီးစဉ်အတွင်း မေးမြန်းအကြံပြုချက်များအပေါ် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားထားကြောင်း သိရသည်။

ထို့နောက် မို့မောက်မြို့နယ် မြို့သစ်ကျေးရွာတွင် တာပိန်မြစ်ရေတိုက်စားခြင်းခံနေရသည်။ ထိုရေတိုက်စားမှုကို အချိန်မီကာကွယ်ခြင်းလုပ်ငန်းမဆောင်ရွက်နိုင်ပါက ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာနေအိမ်များ အန္တရာယ်ရှိနိုင်ရာ အထက်ပါဝန်ကြီးဌာန၏ ဦးစီးဌာနက ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ရေလွှဲရေကာ၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကမ်းထိန်းနံရံ ပေ ၃၀၀ နှင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကမ်းထိန်းနံရံ ၄၅ ပေတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မြစ်ကြီးနားမြို့တွင် ပြည်နယ်ရုံးမရှိသေးသည့်အတွက် မန္တလေးတိုင်းဒေသကြီးရုံးမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါပြည်နယ်ရုံး ဖွင့်လှစ်ပြီးဖြစ်သည့်အတွက် မြို့သစ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၂၀၀၆ သိန်းဖြင့် ရေနည်းရာသီတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ဖော်ပြခြင်းဖြစ်ပါသည်။

မီးဖွားခွင့်

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း(၈)တွင် သတ်မှတ်ပြဋ္ဌာန်းထားရှိသည့် ခွင့်ခံစားခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းအမျိုးသမီးများ ခံစားခွင့်ရှိသည့် မီးဖွားခွင့်ကို နည်းဥပဒေ ၁၀၁ နှင့် ၁၀၂ တို့၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်-

နည်းဥပဒေ ၁၀၁။ အမျိုးသမီးဝန်ထမ်းများအနေဖြင့် မီးဖွားခွင့်ကို-

(က) ခွင့်စတင်ခံစားသည့် နေ့ရက်မှစ၍ ခြောက်လခံစားခွင့်ရှိသည်။
(ခ) အခြားခွင့်များနှင့်ဆက်စပ်၍ ခွင့်မပြုရ။
(ဂ) ဆေးလက်မှတ်အထောက်အထားဖြင့်တောင်းခံပါက အခြားခွင့်များကို မီးဖွားခွင့်၏ နောက်မှဆက်၍ခွင့်ပြုနိုင်သည်။
(ဃ) ကိုယ်ဝန်ဆောင်နေသည့်ကာလအတွင်း သန္ဓေပျက်ကျသည့် အခြေအနေမျိုးတွင် ဆေးလက်မှတ်အထောက်အထားဖြင့် ခြောက်ပတ်ထက်မပိုသည့် မီးဖွားခွင့်ကို ခွင့်ပြုရမည်။
(င) သန္ဓေပျက်ရန်စိုးရိမ်ဖွယ်ရာရှိသော အခြေအနေမျိုးအတွက် မီးဖွားခွင့်မပေးရ။ အခြားသင့်လျော်ရာခွင့်သာ ခွင့်ပြုရမည်။
(စ) ကိုယ်ဝန်အဆိပ်တက်ခြင်းတွင် မီးဖွားခွင့်ကို မထိခိုက်စေဘဲ ဆေးလက်မှတ်ဖြင့် ခြောက်ပတ်ထက်မပိုသော သင့်လျော်သည့်ခွင့်ပေးရမည်။
(ဆ) အမြွှာပူး(သို့မဟုတ်)ယင်းထက်ပို၍ မွေးဖွားပါက သာမန်မီးဖွားခွင့်ကုန်ဆုံးရက်၏ နောက်ရက်မှစပြီး ကလေးများပြုစုစောင့်ရှောက်နိုင်ရန် ရက်သတ္တပတ် ခြောက်ပတ်တိုး၍ မီးဖွားခွင့်အဖြစ်ခွင့်ပြုရမည်။
(ဇ) မီးဖွားသူဝန်ထမ်းအမျိုးသမီး၏ခင်ပွန်းသည်လည်း ဝန်ထမ်းဖြစ်ခဲ့သော် မွေးကင်းစကလေးများအား ပြုစုစောင့်ရှောက်ရန် ခင်ပွန်းဖြစ်သူကို ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တပတ်နှစ်ပတ်ခွင့်ပြုရမည်။ လစာနှုန်းပြည့် ခံစားခွင့်ပြုပြီး တာဝန်ချိန်အဖြစ် သတ်မှတ်ပေးရမည်။

နည်းဥပဒေ ၁၀၂။ မီးဖွားခွင့်ကာလအတွင်း ခွင့်လစာကို လစာနှုန်းပြည့်ဖြင့် ခံစားခွင့်ရှိသည်။

၄။ ယခုပြဋ္ဌာန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် မီးဖွားခွင့်ကို ယခင်က ရက်ပေါင်း ၉၀ တစ်နည်းအားဖြင့် သုံးလသတ်မှတ်ထားရာမှ ယခု ခြောက်လအထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီးဖြစ်သည့်အတွက် အာဆီယံ ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံသည် မီးဖွားခွင့်ကာလအများဆုံး ခွင့်ပြုပေးထားခြင်းဖြစ်ပါသည်။ ထို့အပြင် မီးဖွားသူဇနီးသည်နှင့် မွေးကင်းစကလေးကို ပြုစုစောင့်ရှောက်နိုင်ရန်အတွက် ခင်ပွန်းဖြစ်သူသည်လည်း ဝန်ထမ်းဖြစ်ခဲ့ပါလျှင် ၎င်းကိုလည်း လစာနှုန်းပြည့်ဖြင့် ရက်သတ္တပတ် နှစ်ပတ်ခွင့်ပြုပေးထားပါသည်။ ဝန်ထမ်းအမျိုးသမီး မီးဖွား၍ ဝန်ထမ်းခင်ပွန်းသည်ကို ခွင့်ပေးခြင်းမှာ အာဆီယံ ၁၀ နိုင်ငံတွင် မြန်မာနှင့် စင်ကာပူ နှစ်နိုင်ငံသာရှိပါသည်။ ယင်းကို ထောက်ရှုခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများသည် နိုင်ငံ့ဝန်ထမ်းများအပေါ် များစွာမှ ထောက်ထားသက်ညှာပြီး နိုင်ငံတကာ စံနှုန်းများထက် သာလွန်သောအခွင့်အရေးများပေးထားကြောင်း နှိုင်းယှဉ်တွေ့ရှိရမည်ဖြစ်ပါသည်။ ယင်းနည်းဥပဒေခွဲ (ဇ)၌ ပါရှိသည့် မွေးကင်းစကလေးဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ စံနှုန်းအရ မွေးဖွားသည့်နေ့မှ ၂၈ ရက်အတွင်းသာ အကျုံးဝင်ပါကြောင်း သိရှိနိုင်ပါရန် ဖြည့်စွက်ရှင်းလင်းဖော်ပြအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

○ မြန်မာ့ကျောက်မျက်မှ

အရိုင်းတုံးများ၊ သွေးပြီး ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အရိုင်းများ၊ သွေးပြီး ကျောက်မျက်အချောထည်များ၊ ပုလဲများ၊ ကျောက်စိမ်း ကျောက်မျက် ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့်ဆင်တူသော ကျောက်များ၊ အင်ကြင်းကျောက်အရိုင်းနှင့် အချောထည်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ် ပန်းချီကားများ၊ ရွှေထည်များ၊ ငွေထည်ပစ္စည်းများကို ရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များအား မိမိတို့စိတ်ကြိုက် လှည့်လည်ကြည့်ရှု လေ့လာမှတ်သားကြသည့် ပြည်တွင်းပြည်ပမှရတနာကုန်သည်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသကဲ့သို့ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာအရောင်းဆိုင်များ၊ ကျောက်စိမ်းနှင့်ကျောက်မျက်အချောထည်ဆိုင်များ၊ ကျောက်ကပ် ပန်းချီဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင်လည်း ဝယ်ယူအားပေးနေကြသည့် ရတနာကုန်သည်များနှင့် အထူးစည်ကားလျက်ရှိသည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ဇွန် ၂၆ ရက်တွင် အဆိုပါခန်းမ၌ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❐ မန်းရတနာပုံမှ

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန်းရတနာပုံလေကြောင်းလိုင်းမှ ဥက္ကဋ္ဌ ဦးသန်းဦးနှင့် တာဝန်ရှိသူများသည် မန်းရတနာပုံ လေယာဉ်အနီးတွင် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

မန်းရတနာပုံ လေယာဉ်သည် တစ်ပတ်လျှင် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့) များတွင် ပြေးဆွဲမည်ဖြစ်ပြီး လေယာဉ်စီးခနှုန်းထားမှာ ထားဝယ်မြို့မှ ရန်ကုန်မြို့သို့ ကျပ် ၆၆၀၀၀ နှုန်း၊ ထားဝယ်မြို့မှ မြိတ်မြို့သို့ ကျပ် ၄၁၀၀၀ နှုန်း၊ ထားဝယ်မြို့မှ ကော့သောင်းမြို့သို့ ကျပ် ၇၁၀၀၀ နှုန်းဖြစ်၍ လေယာဉ်နှစ်စင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ခရိုင်ပြန်/ဆက်)**

မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေး အမျိုးသားရေးအသွင်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၅

(၂၂)ကြိမ်မြောက် အာဆီယံအေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖွင့်ပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ဟိုတယ်ရွှေပြည်သာ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးကို အမျိုးသားရေးအသွင်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တို့နှင့် ပူးပေါင်းကာ ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ ပိုမိုတိုးတက်ရရှိလာသော ငွေကြေးရန်ပုံငွေ အထောက်အပံ့များဖြင့် အိပ်ချ်အိုင်ဗွီရောဂါပိုး ကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းလက်တွဲကာ ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံများအချင်းချင်း ဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးရန်၊ ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအတွက်ကူညီရန် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးကို ရင်းနှီးချစ်ကြည်စွာ လက်တွဲဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် အာဆီယံအေအိုင်ဒီအက်စ်ရောဂါ တားဆီးရေးလုပ်ငန်းအဖွဲ့(ATFOA)၏ ဥက္ကဋ္ဌ လာအိုနိုင်ငံမှ Dr. Bounpheng Phllavong က အမှာစကား ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့သည် အစည်းအဝေးတက်ရောက်လာသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

အာဆီယံ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့ (ATFOA) ညှိနှိုင်းအစည်းအဝေးကို(၁၉၉၂)ခုနှစ်၌ စင်ကာပူနိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး ဒေသတွင်းနိုင်ငံများတွင် HIV/AIDS ရောဂါကို ပူးပေါင်းကာကွယ်ရန် အဓိဋ္ဌာန်ပြုခဲ့သည်။

မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့်(၂၂)ကြိမ်မြောက် အာဆီယံအေအိုင်ဒီအက်စ် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ UNAIDS၊ International Alliance၊ UNICEF၊ WHO နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အစည်းအဝေးကို ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာတွင် သုံးရက်တာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Miss Universe 2014 အဖွဲ့ ပုဂံဒေသသို့ သွားရောက်လေ့လာ၊ လူမှုရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

ညောင်ဦး ဇွန် ၂၅

Miss Universe 2014 မှ ဆန်ခါတင် ၂၀ ဦးနှင့် အုပ်ချုပ်သူ၊ နည်းပြနှင့် မှတ်တမ်းရိုက်ကူးရေး အဖွဲ့များသည် ဇွန် ၂၂ ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ ရောက်ရှိ၍ မြန်မာမှုအနုပညာလက်ရာများလေ့လာခြင်း၊ လူမှုရေး ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဇွန် ၂၅ ရက် နံနက်ပိုင်းက ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်သို့ သွားရောက်၍ ယွန်းထည်လုပ်နည်း အဆင့်ဆင့်ကို သွားရောက်လေ့လာခဲ့ကြသည်။ "ပုဂံနယ်မြေဒေသဟာ ကျွန်မတို့ မြန်မာလူမျိုးတွေရဲ့ အသည်းနှလုံးလည်း ဖြစ်တယ်၊ တကယ့်ယဉ်ကျေးမှုနယ်မြေဒေသလည်းဖြစ်တယ်၊ ပြီးတော့ ဒီကလေးတွေကလည်း နိုင်ငံတကာကိုသွားကြရမှာဆိုတော့ ကိုယ့်နိုင်ငံရဲ့ ဒီလိုထင်ရှားကျော်ကြားတဲ့ နေရာဒေသတစ်ခုကို သူများနဲ့တွေ့တဲ့အချိန်မှာ မေးကြတဲ့အခါမှာ အကြောင်းအရာတွေကို သေချာရှင်းပြနိုင်အောင်လို့ ဗဟုသုတရအောင်လို့ လာတာရယ်၊ နောက်ပြီးတော့ ဒီနေရာကိုလည်း လူသိများလာပြီး ပိုပြီးတော့ စိတ်ဝင်စားလာအောင်လို့ promote လုပ်တဲ့ သဘောလည်း ပါပါတယ်။ ဒါတွေကလည်း အခြေခံသိသင့်သိထိုက်တယ်ထင်လို့ပါ။ ယွန်းပညာကောလိပ်ကို လာရောက်လေ့လာတယ်ဆိုတာလည်း ပုဂံကိုလာရင် ဘုရားတွေဖူးတာ လေ့လာတာအပြင် ဒီယွန်းပညာဟာ မဖြစ်မနေလေ့လာရမယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့ လာရောက်လေ့လာတာပါ"ဟု ထိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထိုအဖွဲ့သည် ဇွန် ၂၃ နှင့် ၂၄ ရက်များတွင် Bagan House ယွန်းထည်ဆိုင်သို့ သွားရောက်လေ့လာခြင်း၊ ညောင်ဦးမြို့ ငှက်ပစ်တောင်ရပ်ရှိ ဇေတဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်၍ အလှူငွေများ လှူဒါန်းခြင်းနှင့် ကျောင်းနေကလေးများအား ကျောင်းသုံးစာရေးကိရိယာများလှူဒါန်းခြင်း၊ ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားအနီး ပတ်ဝန်းကျင်တွင် စွန့်ပစ်ပလတ်စတစ်အမှိုက်များ စုပေါင်းကောက်ခြင်း၊ ဇွန် ၂၅ ရက်တွင် ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့သို့သွားရောက်၍ ၂၀၁၄ ခုနှစ် အမျိုးသမီးများနေ့ အခမ်းအနားအတွက် လေ့ကျင့်နေမှုအား သွားရောက်လေ့လာသင်ကြားပြသပေးခြင်း၊ ယွန်းပညာကောလိပ်သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယင်းအဖွဲ့သည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းနယ်မြေဒေသမှ ပြင်ဦးလွင်ခရိုင်သို့ လေ့လာရေးဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်- **2T (C)/PASA/ PW/2014-2014**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ ၈၀/၁၀၀ အမျိုးအစား မက်ထရစ်တန် (၃၀၀၀၀)ကို (CIF ရန်ကုန်စနစ်)၊ အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်- ၁-၇-၂၀၁၄ရက် (ရုံးချိန်အတွင်း)။
၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်- ၁၈-၇-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ။
၄။ တင်ဒါဖွင့်မည့်ရက်- ၂၂-၇-၂၀၁၄(တင်ဒါဖွင့်လှစ်မည့်အချိန်အား ထပ်မံကြေညာပါမည်။)
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

ဘိလပ်မြေ၊ ကတ္တရာ၊ သံချောင်းဝယ်ယူရေးဆပ်ကော်မတီ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၅၇၇၊ ၄၀၇၅၆၁

ကချင်ပြည်နယ်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်အတွင်းရှိ လယ်ကုန်း-ဇီးလွန်-ရှမ်းရွာ-ကူးတို့ဆိပ်လမ်းပေါ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်နေရာ၌ လုပ်ငန်းများဆောင်ရွက်သွားရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။
(က) မိုင် (၂/၅-၄/၀) အထိ (၁)မိုင် (၃)ဖာလုံအား ၁၈' အကျယ် ၉" ထု ကွန်ကရစ် လမ်းခင်းခြင်း။
၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၆-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(အင်ဂျင်နီယာမှူးကြီးရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်-
(က) တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်၊ အချိန် — ၂၂-၇-၂၀၁၄ရက် (အင်္ဂါနေ့) ၁၂း၀၀ နာရီ
(ခ) တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန် — ၂၂-၇-၂၀၁၄ရက် (အင်္ဂါနေ့) ၁၄း၀၀ နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ — အတွင်းရေးမှူး (တင်ဒါစိစစ်ရေးကော်မတီရုံး) (ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကချင်ပြည်နယ်
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး၊ (ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ ဖုန်း-၀၇၄-၂၂၃၃၂၊ ၀၇၄-၂၂၃၆၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျေးရွာအုပ်စု ဟာနုမာန်ရွာ ကျောက်တံခါး အထကမှ ဘီနသီး၏ဖခင် ဦးဂိုရ်ရစနတ်နှင့် ဦးဂိုရ်ခါး [၇/ကတခ(နိုင်)၀၇၈၀၉၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးခြင်း
ကျွန်တော် မောင်ကမ်းရှင်းပြောင်၏ မြန်မာနိုင်ငံကူးလက်မှတ် MA 202336 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၃၄၃၈

အမျိုးသားရေးတာဝန်

အောင်ကျော်ညို(ဆင်ချဆိပ်)

"တန်ဆေး လွန်ဘေး" ဟူ၍ ဆိုရိုးစကားရှိသည်။ မူးယစ်ဆေးဝါးဆိုသော ဝေါဟာရသည်လည်း သုံးတတ်လျှင် ဆေးဝါးတစ်မျိုးဟု ဆိုထားခြင်းလား။ "ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက်" ယစ်မျိုးငါးပါးတွင် ဘိန်းကို ဆေးဝါးဖော်စပ်ရာတွင်လည်း သုံးသလို၊ အရက်ဆိုလျှင်လည်း နေရာဒေသအလိုက် သုံးစွဲရသည်များရှိသကဲ့သို့ ဆေးဝါးအဖြစ် သုံးစွဲရသည်များလည်းရှိသည်။ ဥပမာ- သမအေးပိုင်းဒေသ ဝင်ရိုးစွန်းအနီးအနားနေ ဒေသခံများမှာ အရက်ကိုမသောက်၍မရ။ အစာမစားမီလည်း အရက်သောက်ကြရသည်။ အစာစားပြီးလျှင် စားပြီးအစာချေဖျက်နိုင်ဖို့လည်း အရက်သောက်ပေးကြရသည်။ ကိုရီးယားကားများကြည့်၍ သိနိုင်သည်။ ညီအစ်ကိုမောင်နှမ၊ သားနှင့်အဖေ၊ မိသားစုဝိုင်းဖွဲ့ထိုင်ကာ မိမိတို့နိုင်ငံမှာ ရေနွေးကြမ်းနှင့် လက်ဖက်စားသလို၊ သူတို့နိုင်ငံမှာ အရက်သောက်သုံးနေကြမှုသည် မိသားစုအတွင်း အစဉ်အလာယဉ်ကျေးမှုတစ်ရပ်ဖြစ်နေသည်။ အေးလွန်းသော ရာသီဥတုဒေသနေပြည်သူများ၏ စရိုက်ဟုဆိုနိုင်ပါသည်။

ထိုအမူအကျင့်ကို အပူပိုင်းအီကွေတာရပ်ဝန်းနေ မိမိတို့နိုင်ငံသားများ "ဟော့ပေါ့အိုး"ဘေးမှာထိုင် အရက်သောက်၊ ရှူးရှူးရှဲရှဲနှင့် ဆိုလျှင် ရာသီဥတုပူ၊ အရက်ပူ၊ ဟော့ပေါ့အိုးအပူ "အပူသုံးပူ"နှင့် ရင်တွင်းမှာ ဗလောင်ဆူရုံမက မီးလောင်သွားနိုင်သည်။

ရှေးတုန်းကတည်းက သတ်မှတ်ထားပြီးဖြစ်သည့် "ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက်" ငါးမျိုးတွင် မိမိတို့ နိုင်ငံသားများအတွက် မူးယစ်ဆေးဝါးဟူသည် "ဘိန်း" တစ်ခုတည်းကိုသာ အဓိကသတ်မှတ်လျက် ပစ်မှတ်ထားကြသည်။ မိမိတို့နိုင်ငံသာမဟုတ်။ ကမ္ဘာနှင့်တစ်ဝန်းမှာလည်း "ဘိန်း"သည်သာ အဓိကလက်သည် အစစ် မူးယစ်ဆေးဝါးဟု သတ်မှတ်ထားကြသည်။ ကမ္ဘာတွင် ဘိန်းစိုက်ပျိုးမှုစံချိန်ရှင်မှာ အာဖဂန်နစ္စတန်ဖြစ်သည်။ ဒုတိယအဖြစ် မြန်မာနိုင်ငံမှာ စံချိန်တင်ခံနေရသည်။

"၂၀၀၇ ခုနှစ်နောက်ပိုင်းကစလို့ မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှု သိသိသာသာမြင့်တက်လာတဲ့အပြင် ဘိန်းရဲ့ နောက်ဆက်တွဲပြဿနာတစ်ရပ်ဖြစ်တဲ့ စိတ်ကြွဆေးပြားပြဿနာကိုလည်း ရင်ဆိုင်လာနေရပါတယ်"ဟု ပြီးခဲ့သည့် ဇွန် ၁၆ ရက် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏ အဓိက ဘိန်းစိုက်ပျိုးရာဒေသမှာ ရှမ်းပြည်နယ်မှ ပင်မ။ နယ်ချဲ့များကြီးစိုးစဉ်က အစပြုစိုက်ပျိုးခဲ့သည်။ များများစားစားမရှိခဲ့။ တရုတ်ဖြူ ကူမင်တန်များ ကျူးကျော်ဝင်ရောက်ပြီး ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ သူတို့၏ လိုအပ်သောလက်နက်နှင့် ရိက္ခာအတွက် သံလွင်မြစ်အရှေ့ဘက်ခြမ်းမှာ ဘိန်းကို အကြီးအကျယ်စိုက်ပျိုးခဲ့ကြသည်။ ဤလုပ်ဆောင်ချက်သည် ယနေ့ထိတိုင် အမြစ်မပြတ်ရုံမက ပိုတိုးပိုဆိုးလာခဲ့သည်။ နဂိုအစပြုခဲ့ရာ ရှမ်းပြည်နယ်သာမက ကချင်၊ ကယား၊ ချင်းပြည်နယ်များထိ ဘိန်းစိုက်ရောဂါ ကူးစက်ပျံ့နှံ့လာခဲ့သည်။ အကျိုးဆက်မှာ ယနေ့ နယ်စွန်နယ်ဖျားမက ရန်ကုန်၊ မန္တလေးမြို့ကြီးပြကြီးများမကျန် နေရာအနှံ့မှာ အချိန်မရွေး၊ နေရာမရွေး ဖမ်းဆီးရမိနေသည့် ဘိန်းမှထုတ်လုပ်သော "အက်ဖီတမင်း"ဟုခေါ်သည့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်မှုတွင် မိမိတို့နိုင်ငံမှာလည်း အရှေ့တောင်အာရှ၏ ထိပ်တန်းနိုင်ငံအဖြစ် စာရင်းသွင်းခံရနေရသည်။

ထို့ကြောင့် နိုင်ငံတော်မှ ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ရသည်။ ထိရောက်အောင်မြင်မှုမရှိသေးကြောင်း လွှတ်တော်တွင် ပြောကြားခဲ့သည့် ဒုတိယဝန်ကြီး၏စကားက ပကတိအခြေအနေကို ဖော်ညွှန်းနေသည်။

ထို့ကြောင့်လည်း နောက်ငါးနှစ် ၂၀၁၉ ခုနှစ်ထိ ကာလကို ဆွဲဆန့်စီမံချက်ချမှတ်ကာ စနစ်တကျ စီမံဆောင်ရွက်လာခဲ့သည်။

၂၀၁၅ ခုနှစ်မှာ အာဆီယံမူးယစ်ဆေးဝါးကင်းမဲ့ဇုန် (Drug Freezone)မူးယစ်ကင်းစင်ပပျောက်ရေးစီမံချက် ရေးဆွဲပြီး ၁၅ နှစ်ကာလ ဆောင်ရွက်ချက်မှာလည်း ထိရောက်မှုနည်းခဲ့သည်။ ထို့ကြောင့်လည်း နောက်ထပ်နှစ်တိုးကာလတို ငါးနှစ်တွင် ပြီးခဲ့သမျှကာလများမှ သင်ခန်းစာများရယူပြီး ပြည်သူအားကိုယူကာ တစ်ဖက်မှလည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအပြင် တစ်ပြိုင်တည်းမှာ ဘိန်းစိုက်ပျိုးရာဒေသများမှ ဒေသခံများအား ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှု၊ ပညာပေးမှု၊ ရိက္ခာပံ့ပိုးပေးမှု နည်းမျိုးစုံသုံး၍ တားဆီးတည်ဆောက် "တစ်ချက်ခုတ် နှစ်ချက်ပြတ်" စီမံဆောင်ရွက်နိုင်ပါမှ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့် လျှော့ချလာနိုင်မည်ဖြစ်သည်။

လက်ရှိမိမိတို့နိုင်ငံ၏ မူးယစ်ဆေးဝါးဆိုးကျိုးသက်ရောက်မှုမှာ အညွန့်တလူလူနှင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များအကြား ဝင်ရောက်လာနေခြင်းပင်ဖြစ်သည်။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကျောင်းများထိ လက်တံရှည်ဖြင့် ဝင်ရောက်ရမ်းကားလာနေပြီ။ "ကျောင်းသားလူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု ရာခိုင်နှုန်းမှာ ၄ ဒသမ ၀၃ ရာခိုင်နှုန်းအထိရှိပြီး ရံဖန်ရံခါသုံးစွဲသူများနှင့်သုံးစွဲမှုပမာဏ မတိမ်းမယိမ်းဖြစ်နေကြောင်း" မြန်မာနိုင်ငံရဲတပ်ဖွဲ့မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ထောက်ပြထားရာ ရင်လေးစရာအဖြစ်မျိုးပင် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လတ်တလော ထူးခြားမှုသတင်းတစ်ပုဒ်မှာ "စစ်ကိုင်းတွင်မူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်များပိုများလာ" ခေါင်းစဉ်အောက်မှာ (၁၆)နှစ်ကျောင်းသားအရွယ်လူငယ်များနှင့် (၃၀)နှစ်အရွယ် လူလတ်ပိုင်းများ အများဆုံးပါဝင်ကြောင်း၊ မူးယစ်သားကောင်များအဖြစ် လူငယ်များကို ပစ်မှတ်ထားပြီး ရောင်းဝယ်ဖောက်ကားနေကြကြောင်း၊ တချို့ဒေသများတွင်ဆိုလျှင် ကျောင်းသားများ မူးယစ်ဆေးသုံးစွဲနေကြောင်း တိုင်ကြားချက်များအရသိရကြောင်းဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး၏ ရှင်းပြချက်ကိုဖတ်လိုက်ရသည်။

ကူးစက်ရောဂါသဖွယ်ပျံ့နှံ့လွယ်၊ ပျံ့နှံ့လာနေသော မူးယစ်ဆေးဝါးအန္တရာယ်ကို တာဝန်ရှိသူများသာမက တာဝန်သိပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး အင်တိုက်အားတိုက် တစိုက်မတ်မတ် မပြတ်သတိထားဆောင်ရွက်သွားကြရမည်မှာ မိမိနိုင်ငံသားများအားလုံး၏ အမျိုးသားရေး မဟာတာဝန်တစ်ရပ်ဖြစ်လာနေပါပြီ။ တာဝန်သိပြည်သူတိုင်း မမှိတ်မသုန် "အစဉ်သတိ"နှင့် ဦးလည်မသုန် မောင်တစ်ထမ်း မယ်တစ်ရွက် လက်ချင်းယှက်ကာ အမျိုးသားရေးအားမာန်ဖြင့် အမျိုးသားရေးတာဝန် ကျေပွန်ကြပါစို့။ ။

ငဝန်ရေကာတာ (သခွတ်ချောင်း) ၌ ရေဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြပွဲကျင်းပ

ဟင်္သာတ ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ငဝန်တာ တာမိုင်(၂၆/၂) သခွတ်ချောင်း ကျေးရွာအနီး၌ ဇွန် ၂၃ ရက်နံနက် ၉ နာရီက ဆည်မြောင်းဦးစီးဌာနမှ ကြီးကြပ်၍ ရေဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြခြင်းကို ကျင်းပရာ ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်က ရေဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ငဝန်တာမိုင် (၂၆/၂) သခွတ်ချောင်းတွင် တာထိပ်ပေါ် ရေကျော်ခြင်း၊ ရေပေါက်(တူးပေါက်)ပေါက်ခြင်း၊ တာအိတာလျှောခြင်း၊ သဲဗွက်ထခြင်း၊ လှိုင်းပုတ်ခြင်းများကို ကာကွယ်ရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများကိုယ်တိုင် လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(အေးထွန်း-ဟင်္သာတ)**

ဆေးယဉ်ပါးငှက်ဖျားရောဂါထိန်းချုပ်ရေးဆွေးနွေး

မြစ်ကြီးနား ဇွန် ၂၅

မဲခေါင်မြစ်ဝှမ်းဒေသ၏ ဆေးယဉ်ပါးငှက်ဖျားရောဂါထိန်းချုပ်ရေးစီမံချက်အရ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၃ ရက်က မြစ်ကြီးနားမြို့ ပြည်နယ်ငှက်ဖျားရောဂါတိုက်ဖျက်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဇော်ရိန်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇွန် ၂၅ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် ငှက်ဖျားရောဂါအကြောင်း၊ ဆေးယဉ်ပါးခြင်းအဓိပ္ပာယ်နှင့် သတ်မှတ်ချက်၊ ဆေးယဉ်ပါးမှုအခြေအနေ၊ ကချင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများနှင့် အညွှန်းကိန်းများ စသည်တို့ကို ထည့်သွင်းဆွေးနွေးပြီး စီမံချက်ဝင် မြို့နယ်များဖြစ်သည့် မြစ်ကြီးနား၊ ဗန်းမော်၊ မံစီနှင့် မိုးမောက်မြို့နယ်တို့မှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **မိုယံးကျ(မြစ်ကြီးနား)**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/ဒီ)၊ မြေကွက်အမှတ်-၅ဒီ/၇ဘီ၊ ဧရိယာ(၀. ၁၅၀)ဧက၊ မြေအကျယ်ပေ(၉၀×၇၀)၊ မြေပိုင်မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အမှတ်-၁၀(က)၊ ရှမ်းလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးသည် ကွယ်လွန်သူဒေါ်ခင်ခင်ထွေးပိုင်ဆိုင်ပြီး ယခုအခါ ကျန်ရစ်သူသမီးကြီး ဒေါ်နုနုကြင်၊ သမီးလတ်ဒေါ်မာလာကြင်နှင့် သားငယ် ဦးကျော်ထွန်းဇင်(ခ)ဦးထွန်းဇင်တို့(၃)ဦး၏ အမွေဆိုင်ပစ္စည်းအဖြစ်ကျန်ရစ်ခဲ့ပါသည်။

ထို့ကြောင့် အထက်ပါအမွေပစ္စည်းအား သားသမီး(၃)ဦး၏သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း စသည့် အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်းမပြုပါရန် သမီးကြီးဒေါ်နုနုကြင်၏ ညွှန်ကြားချက်ရရှိသောသမီးဖြစ်သူအမှတ်(၁၅၀)ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်စန္ဒီဝင်း၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

လွှဲအပ်ညွှန်ကြားသူ ဦးမြအောင်(အောင်ကြီး)
ဒေါ်စန္ဒီဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)
အမှတ်-၁၆၃၊ ၄လွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



ပိုင်ရှင်ကိုယ်တိုင်
အမြန်ရောင်းမည်/ငှားမည်

တိုက်အမှတ်(၁၈)၊ တတိယထပ် ယုဇနလမ်းနှင့် ဂန္ဓမာလမ်းထောင့် Sqft 2000 ခန့်၊ 2MBR, 1.BR ပါကေးခင်း၊ ကြွေပြားကပ်၊ အသင့်နေနိုင်ရုံ၊

ဆက်သွယ်ရန်
ဖုန်း-၂၅၀၆၆၆၆၃၀၊၄၂၀၇၁၆၁၁၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ပြည်လမ်းပေါ်ရှိ ရန်ကုန်-မင်္ဂလာဒုံသို့သွားသည့် ၁၀ မိုင်ကုန်း ကားမှတ်တိုင်တွင် ခရီးသည်နားခိုဆောင် ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်

၁။ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ပြည်လမ်းပေါ်ရှိ ရန်ကုန်မှမင်္ဂလာဒုံဘက်သို့သွားသည့် ၁၀ မိုင်ကုန်းကားမှတ်တိုင်သည် ခရီးသွားပြည်သူများအတွက် အမိုးပါနားခိုဆောင်မရှိသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါသဖြင့် ခရီးသွားများသည် ကားမှတ်တိုင်မဟုတ်သည့် ၁၀ မိုင်ဈေး လေဆိပ်ယာဉ်ငယ်ဂိတ်အနီးရှိ "ကြည်ဖြူ" ကုန်စုံဆိုင်ရှေ့၌ရှိသော ဗာဒံပင်အောက်တွင် စောင့်ဆိုင်းနေရပါကြောင်း၊ ထိုနေရာသည် ခရီးသွားလာမှုများပြား၍ လူစည်ကားသည့်နေရာဖြစ်ပြီး ဘတ်စ်ကားများသည် မှတ်တိုင်တွင်မရပ်ခြင်း၊ သတ်မှတ်ထားသည့်နေရာတွင် ခရီးသည် အတင်အချပြုလုပ်ခြင်းနှင့် လူကူးမျဉ်းကြားတွင် အရှိန်လျှော့၍ မောင်းနှင်မှုမရှိခြင်းများ အစဉ်ပြုလုပ်လျက်ရှိနေပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရှိမှသာလျှင် စည်းကမ်းလိုက်နာကြကြောင်း၊ ယခုအခါ မိုးရာသီအချိန်ရောက်ရှိလာပြီဖြစ်ပါသဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာနားခိုနေနိုင်ရေးအတွက် ကားမှတ်တိုင်နားခိုဆောင်အား မြို့တော်အင်္ဂါရပ်နှင့်အညီ အမြန်ဆုံးဆောက်လုပ်ပေးပါရန် ဒေသခံပြည်သူများက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီသို့ပေးပို့လာသည့်အတွက် သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မိဘပြည်သူများသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးတင်မောင်ကြည်က အဆိုပါကားမှတ်တိုင်နားခိုဆောင်တည်ဆောက်မှုကို ကန့်ကွက်သူအချို့က စာဖြင့်တင်ပြထားသဖြင့် ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့ရသည့်အတွက် အချိန်အနည်းငယ်ကြန့်ကြာခဲ့ရကြောင်း၊ ယခုအခါအဆိုပါ ၁၀ မိုင်ကုန်းကားမှတ်တိုင် ခရီးသည်နားခိုဆောင်အသစ်အား ဇွန် ၈ ရက်တွင် ဆောက်လုပ်ပေးပြီးဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

(ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆပ်ကော်မတီ)

အနုပညာ

မျိုးစန္ဒာမောင် - စုစည်းသည်

ဂျိုလီ၏ အအောင်မြင်ဆုံးဇာတ်ကားတစ်ကား ဖြစ်လာခဲ့သည့် Maleficent

ဟောလိဝုဒ်ငွေကြယ်ပွင့် အိန်ဂျလီနာဂျိုလီနှင့် သမီးဖြစ်သူ Vivienne Jolie-Pitt တို့ ပါဝင်သရုပ်ဆောင်ထားသည့် Maleficent ဇာတ်ကားသည် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရရှိခဲ့ပြီး ဂျိုလီ၏ အနုပညာ သမိုင်းတစ်လျှောက်တွင် အအောင်မြင်ဆုံး ဇာတ်ကားတစ်ကားဖြစ်လာခဲ့သည်။

မေ ၂၈ ရက်က ထွက်ရှိခဲ့ပြီး ဒစ်စနီ၏ Sleeping Beauty ဒဏ္ဍာရီပုံပြင်ကို ပြန်လည်ပုံဖော်ထားသည့် အဆိုပါ ဇာတ်ကားသည် အမေရိကန်နိုင်ငံတစ်ခုတည်းတွင် အမေရိကန်ဒေါ်လာ ၁၈၆ သန်းရရှိခဲ့ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အမေရိကန်ဒေါ်လာ ၅၂၁ ဒသမ ၆ သန်း ဝင်ငွေရရှိခဲ့သည်။

ထို့ကြောင့် ယင်းဇာတ်ကားသည် ၂၀၀၅ ခုနှစ်က နာမည်ကြီးခဲ့သည့် ဂျိုလီနှင့် ဘရတ်ပစ်တို့၏ Mr & Mrs Smith ဇာတ်ကားဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ကို ကျော်လွန်ခဲ့ပြီး ဒစ်စနီ၏ ဝင်ငွေအများဆုံးဟု စံချိန်တင်နိုင်ခဲ့သည့် Oz: The Great And Powerful ဇာတ်ကား၏ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၉၃ သန်းကိုကျော်လွန်ကာ ဒစ်စနီနှင့် ဂျိုလီတို့၏ အအောင်မြင်ဆုံးဇာတ်ကားတစ်ကားဖြစ်လာခဲ့သည်။

မြစိမ်းရောင် ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

ခရမ်း ဇွန် ၂၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ခရမ်းမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျိုတူးကျေးရွာ၊ ကမာကလူ၊ အုန်းပင်ကျေးရွာနှင့် ပန်းတောချောင် ကျေးရွာများအတွက် နိုင်ငံတော်မှ မတည်ထူထောင်ပေးသည့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာလေးရွာအတွက် စုစုပေါင်းငွေကျပ်သိန်း ၁၂၀၀ အား မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာ မြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီများထံသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

တရုတ်ဒရာမာဇာတ်ကားဖြင့် ပိတ်သိမ်းမည့် အီတလီမှ ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်

ယခုနှစ် အီတလီနိုင်ငံ ဗင်းနစ်မြို့၌ ကျင်းပမည့် (၇၁)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော် အခမ်းအနား၏ ပိတ်ပွဲတွင် တရုတ် ဒရာမာဇာတ်ကား The Golden Era ဖြင့် ပိတ်သိမ်းနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

The Golden Era ဇာတ်ကားကို ဟောင်ကောင်မင်းသမီးနှင့် ရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်သူ Ann Hui က ဖန်တီးပုံဖော်ထားပြီး တရုတ်မင်းသမီး Tang Wei နှင့် မင်းသား Feng Shaofeng တို့က အဓိကပါဝင်သရုပ်ဆောင်ထားကာ တရုတ်ပြည်မကြီး၌ အောက်တိုဘာ ၁ ရက်တွင် စတင်ဖြန့်ချိသွားရန်စီစဉ်ထားပြီး ယင်းဇာတ်ကားကို ဗင်းနစ်ရုပ်ရှင်ပွဲတော်၏ ပိတ်ပွဲအခမ်းအနားဖြစ်သည့် စက်တင်ဘာ ၆ ရက်တွင် ပြသသွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် (၈၄)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲ၏ အကောင်းဆုံးနိုင်ငံခြားဘာသာရုပ်ရှင်ဆု စာရင်းဝင်ခဲ့သည့် ဒါရိုက်တာ Ann Hui ၏ A Simple Life ဇာတ်ကားလည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။(၇၁)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ၁၁ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပြင်သစ်တေးရေးဆရာ Alexandre Desplat က ဂျူရီအဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
အလုပ်လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်(၁/၂၀၁၄)

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်းထားကျပ်)(၈၇၀၀၀-၁၀၀၀-၉၂၀၀၀)အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ အငယ်တန်းစာရေးရာထူးနေရာအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့် စာရွက်စာတမ်းများပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)တို့တွင် ၁၀-၇-၂၀၁၄ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဂ) သာမန်ဘွဲ့ရပြီးသူ ၃၀-၇-၂၀၁၄ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။
(ဃ) အထူးပြုဘာသာရပ်ဆိုင်ရာ မဟာဘွဲ့ရရှိပြီးသူဖြစ်ပါက ၃၀-၇-၂၀၁၄ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်စေရ။
(င) (၆)လအတွင်းရိုက်ထားသော ပတ်စ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက် အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊ အခြားတတ်ကျွမ်းသော ဘာသာရပ်များအတွက် အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(စ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာနှင့် စိတ်အခြေအနေစစ်ဆေးချက်။
(ဆ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ။
(ဇ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။
(ဈ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းထောက်ခံစာ (မူရင်း၊ မိတ္တူ)

၃။ အငယ်တန်းစာရေးရာထူးအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ (၃)နာရီမေးခွန်းဖြင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ၂၀-၇-၂၀၁၄ ရက် ၁၀း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်) စာစစ်ဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။ ခုံအမှတ်စာရင်းများကို ၁၇-၇-၂၀၁၄ ရက်မှစတင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်)ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ဖုန်း-၀၆၇-၄၁၂၃၃၄၊ ၀၆၇-၄၁၂၃၄၂ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ဖုန်း-၀၁-၂၁၂၈၄၀ နှင့် ၀၉-၈၆၀၁၁၉၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပျောက်ဆုံးခြင်း

ကျွန်တော်မောင်ဆွန်ခန့်တန်၏ မြန်မာနိုင်ငံကူးလက်မှတ် A-356032 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၃၄၃၈

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလုတိုး

ဖူဆယ်ဘောလုံးလောက တိုးတက်ရန် ပြိုင်ပွဲများများ ကျင်းပသင့်ဟု မြန်မာ့ဖူဆယ်နည်းပြ ပြောကြား

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၏ နည်းပြဖြစ်သူ အီရန်လူမျိုးဆာအိက မြန်မာဖူဆယ်ဘောလုံးလောကတိုးတက်လိုပါက ပြည်တွင်းပြိုင်ပွဲများများကျင်းပရန် လိုအပ်နေကြောင်း ပြောကြားလိုက်သည်။ ဆာအိက ယခုလက်ရှိ ကျင်းပနေသည့် MFF Oredoo Cup ဖူဆယ်ပြိုင်ပွဲမှာ မြန်မာ့ဖူဆယ်လောက တိုးတက်ရေးအတွက် အထောက်အပံ့များစွာပေးနိုင်မည်ဖြစ်ကြောင်း ချီးကျူးခဲ့သည်။ ၎င်းက "မြန်မာ့ဖူဆယ်ဘောလုံးလောက တိုးတက်ဖို့ဆိုရင် ပြိုင်ပွဲများများ ကျင်းပပေးရမှာပါ၊ အခုကျင်းပနေတဲ့ MFF Oredoo Cup လိုမျိုးပဲ ဖူဆယ်ဘောလုံးလောကအတွက် အထောက်အပံ့ဖြစ်စေမယ့် ပြိုင်ပွဲမျိုးတွေ အဆက်မပြတ် ကျင်းပနိုင်လေ ကောင်းလေပါပဲ၊ ပြိုင်ပွဲများများရှိမှ ကစားသမားကောင်းများများ ပေါ်ထွက်နိုင်မှာပါ"ဟု အကြံပြု ပြောကြားခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပြီးခဲ့သည့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ဆီးဂိမ်းပြိုင်ပွဲတွင် အသင်းငယ် တစ်သင်းအဖြစ်သာ သတ်မှတ်ခြင်း ခံခဲ့ရသော်လည်း နည်းပြ ဆာအိ၏ ဦးဆောင်မှုနှင့်အတူ စတုတ္ထရယူနိုင်ခဲ့ကြောင်း သိရသည်။ **[ရဲစွမ်း]**

တောင်အမေရိကအသင်းတွေ နောက်တစ်ဆင့်တက်တဲ့ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ

ဘရာဇီးမြေမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ တောင်အမေရိက ကိုယ်စားပြုအသင်းတွေ အားလုံးနီးပါး အခြေအနေကောင်းခဲ့ပါတယ်။ တောင်အမေရိကဇုန်မှာ အီကွေဒေါ တစ်သင်းကလွဲပြီး ကျန်ငါးသင်းစလုံး နောက်တစ်ဆင့်ကိုတက်ရောက်လာနိုင်ခဲ့တယ်။ ဒီပြိုင်ပွဲမှာ အိမ်ရှင်ဘရာဇီးအပါအဝင် တောင်အမေရိကတိုက်က အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး စုစုပေါင်း ငါးသင်းထိ အုပ်စုအဆင့်က နေကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အီကွေဒေါသာ နောက်တစ်ဆင့်ကို တက်ရောက်လာခဲ့မယ်ဆိုရင်တော့ ဝင်ရောက်ယှဉ်ပြိုင်သမျှ တောင်အမေရိကအသင်းအားလုံး ရှုံး/ထွက်အဆင့်ကို တက်ရောက်လာနိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ် မှတ်တမ်းဝင်လာမှာပဲဖြစ်ပါတယ်။ ဥရုဂွေးအသင်းဟာ အနိုင်ရရှိမှသာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာကြောင့် ဒီနေ့ပွဲစဉ်မှာ လူစုံထုတ်ကစားသွားခဲ့ပြီး အီတလီအသင်းကတော့ ဒီရော့စီ ဒဏ်ရာပြဿနာကြောင့်မပါဝင်နိုင်ခဲ့လို့ ကွင်းလယ်မှာ ဗာရက်တီ၊ မာခီစီယို၊ ပီယာလို၊ ကန်ဒရီဗာ စတဲ့အတွဲအဖက်နဲ့ ပွဲထွက်လာခဲ့ပြီး ဘာလော့တယ်လီ ကို အထောင်ထားကာ ဥရုဂွေးကိုရင်ဆိုင်လာခဲ့ပါတယ်။ ဥရုဂွေးကလည်း ဆွာရက်ဇ်၊ ကာဗာနီ တိုက်စစ်အတွဲကို ရှေ့မှာတင်ကစားခဲ့ပြီး ဂိုဒင်၊ ကာဆာရက်စ်၊ လူဂါနို၊ ရိုဒ်ရီဂွက်ဇ်၊ လိုဒ်ရိုစတဲ့ ကစားသမားတွေနဲ့ ပွဲထွက်လာခဲ့ပါတယ်။ ပွဲစတည်းက ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး အီတလီအသင်းရဲ့ ခြိမ်းခြောက်မှုတွေကို ဥရုဂွေးဂိုးသမား မူဆလီရာကာကွယ်မှုတွေပြုလုပ်နိုင်ခဲ့ပါတယ်။ ဆွာရက်ဇ်၊ ကာဗာနီတို့ရဲ့ ကန်သွင်းချက်တွေကိုလည်း ဘူဖွန် ကာကွယ်နိုင်ခဲ့လို့ အီတလီတို့ သက်သာရရခဲ့ပါတယ်။ ဥရုဂွေးအသင်းကတော့ ဆွာရက်ဇ်၊ ကာဗာနီ၊ လိုဒ်ရိုတို့ရဲ့ တွဲလုံးတွေနဲ့ အီတလီနောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ချီလီနီ၊ ဘာဇာဂလီ၊ ဘိုနူချီတို့ အလုပ်ရှုပ်ခဲ့ရပါတယ်။ အီတလီကလည်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူပြီး ဥရုဂွေးဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့ပေမယ့် ဂိုးရရှိနိုင်လောက်တဲ့ အခွင့်အရေးသိပ်မရရှိခဲ့ပါဘူး။ ဒါ့အပြင် ပွဲကစားချိန် ၅၉ မိနစ်မှာ အီတလီကွင်းလယ်လူ မာခီစီယို တိုက်ရိုက်အနီကတ်နဲ့ထုတ်ပယ်ခြင်းခံရတာကြောင့် ဥရုဂွေးတို့ အသာစီးရယူနိုင်ခဲ့ပြီး နောက်တစ်ဆင့်ကို တက်ရောက်စေမယ့် တစ်လုံးတည်းသောအဖိုးတန်အနိုင်ဂိုးကိုတော့ ပွဲကစားချိန် ၈၁ မိနစ်မှာ ဂိုဒင်က လှလှပပသွင်းယူပေးခဲ့ပါတယ်။ ဒီပွဲအရှုံးကြောင့် အီတလီ အသင်းကတော့ ၂၀၀၆ ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲပြီးနောက်ပိုင်း အသင်းသမိုင်းတစ်လျှောက်မှာ ပထမဆုံး နှစ်ကြိမ်ဆက် အုပ်စုအဆင့်ကနေသာ လှည့်ပြန်ခဲ့ရပါတယ်။ **[ကိုရဲ]**

၂၀၁၄ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များရလဒ်

[၂၄ - ၆- ၂၀၁၄]

အီတလီ	၀ - ၁	ဥရုဂွေး
		ဂိုဒင် (၈၁ မိနစ်)
ကော်စတာရီကာ	၀ - ၀	အင်္ဂလန်

[၂၅ - ၆- ၂၀၁၄]

ဂျပန်	၁ - ၄	ကိုလံဘီယာ
အိုဆာကီ (၄၅ မိနစ်)		ကွာဒါဒို (၁၇ မိနစ်) (P)
		မာတီနက်ဇ် (၅၅၊ ၈၂ မိနစ်)
		ရိုဒရီဂွက်ဇ် (၉၀ မိနစ်)
ဂရိ	၂ - ၁	အိုင်ဗရီကို့စ်
ဆာမာရက်စ် (၄၂ မိနစ်) (၉၃ မိနစ်)(P)		ဘိုနီ (၇၄ မိနစ်)

ဂိုးအများဆုံး သွင်းထားသူများ

၁။	နေမာ ဘရာဇီး	(၄) ဂိုး
၂။	မူလာ ဂျာမနီ	(၃) ဂိုး
၃။	ဗန်ပါစီ ဟော်လန်	(၃) ဂိုး
၄။	ရော်ဘင် ဟော်လန်	(၃) ဂိုး
၅။	ဘန်ဇီမာ ပြင်သစ်	(၃) ဂိုး
၆။	အန်နာဗလင်စီယာ အီကွေဒေါ	(၃) ဂိုး
၇။	ရိုဒရီဂွက်ဇ် ကိုလံဘီယာ	(၃) ဂိုး

ကစားသမားဘဝတစ်လျှောက် Clean Sheet ဂိုးမပေးရသည့် ပွဲ (၁၀၀)ပြည့်ခဲ့သည့် ကော်တိုအာ

ဘယ်လ်ဂျီယံ အသင်း၏ ဂိုးသမားဖြစ်သူ ကော်တိုအာသည် ရုရှားအသင်းကို ၁-၀ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွင် ၎င်း၏ကစားသမားဘဝတစ်လျှောက် ဂိုးမပေးရသည့် ပွဲ ၁၀၀ ပြည့်မြောက်သွားခဲ့ပြီဖြစ်ကြောင်းသိရသည်။ ကော်တိုအာသည် လက်ရှိအချိန်တွင်အသက် (၂၂) နှစ်အရွယ်သာရှိသေးပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝတစ်လျှောက် ပွဲပေါင်း ၂၁၈ ပွဲသာ ကစားခဲ့ရာမှ ယခုကဲ့သို့ ဂိုးမပေးရသည့်ပွဲ ၁၀၀ထိရှိလာခဲ့ခြင်းလည်းဖြစ်သည်။ ဘယ်လ်ဂျီယံကြယ်ပွင့်ဂိုးသမား ကော်တိုအာမှာ ချယ်လ်ဆီးအသင်းမှ ပေါ်ထွက်လာသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်ကလပ် အက်သလက်တီကို အသင်းထံ အငှားဖြင့်လာရောက်ကစားနေခြင်းလည်းဖြစ်သည်။ ထို့ပြင် ကော်တိုအာ သည် အက်သလက်တီကိုအသင်းနှင့်အတူ လာလီဂါဆုဖလားရရှိခဲ့ရတွင် အဓိကနေရာမှပါဝင်ခဲ့သလို ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ရောက်ရှိစေရန်လည်း အဓိကနေရာမှ စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ကော်တိုအာသည် ဘယ်လ်ဂျီယံ လက်ရွေးစင်အသင်းအတွက် ၁၉ ပွဲပါဝင်ကစားခဲ့ဖူးပြီး ၎င်းကစားသည့်ပွဲများတွင် ဘယ်လ်ဂျီယံအသင်းမှာ ၁၃ ပွဲနိုင်ခြောက်ပွဲသရေဖြင့် ရှုံးပွဲမရှိသေးကြောင်းသိရသည်။ **[ကိုရဲ]**

ဘယ်လ်ဂျီယံအသင်း၏ ကမ္ဘာ့ဖလား လက်ကျန်ပွဲစဉ်များကို ဗာမယ်လန်း လွဲချော်ဖွယ်ရှိ

ဘယ်လ်ဂျီယံအသင်း၏ အဓိကနောက်ခံလူ ဗာမယ်လန်းသည် ရုရှားအသင်းကိုအနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းကြောင့် ကမ္ဘာ့ဖလားလက်ကျန်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေကြောင်းသိရသည်။ ဗာမယ်လန်းမှာ ယင်းဒဏ်ရာကို ပထမပိုင်း၌ပင် ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန် ၃၁မိနစ်တွင် ဗာတွန်ဂန်နှင့် လူစားလဲခြင်းခံခဲ့ရသည်။ ယခုကဲ့သို့ ဒူးဒဏ်ရာပြင်းထန်စွာရရှိသွားခဲ့ခြင်းကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ရပ်လုံးကိုလွဲချော်နိုင်ဖွယ်ရှိကြောင်း ဘယ်လ်ဂျီယံဆေးအဖွဲ့ကအတည်ပြုပြောကြားခဲ့သည်။ ထို့ကြောင့် ဗာမယ်လန်း၏ ဒဏ်ရာသတင်းမှာ ဘယ်လ်ဂျီယံနောက်တန်းအတွက် စိုးရိမ်ဖွယ်ရာဖြစ်ခဲ့ရပြီး နည်းပြ ဝီလ်မို့စ်ကမူ ဗာမယ်လန်း ဒဏ်ရာပြန်လည်ကောင်းလာမည်ကို မျှော်လင့်နေမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ **[စွမ်းထက်အောင်]**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်အား ပြုပြင်မွမ်းမံပြင်ဆင်ရန်ရှိပါသဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။	တင်ဒါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားမည့်ရက်	- ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ၊ Training Center ရန်ကုန်ပြည်သူ့ဆေးရုံကြီး
	တင်ဒါပုံစံရောင်းချမည့်ရက်	- ၁-၇-၂၀၁၄ရက် (အင်္ဂါနေ့)
	တင်ဒါပိတ်မည့်ရက်	- ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့)
	တင်ဒါပိတ်မည့်အချိန်	- ၁၆း၀၀ နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်အား ပြုပြင်မွမ်းမံပြင်ဆင်ရန် ရှိပါသည်။ ထိုသို့ပြုပြင် မွမ်းမံရာတွင် လုပ်ငန်းအရည်အသွေး ကြီးကြပ်စစ်ဆေးသည့် လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် အဆိုပါ လုပ်ငန်းဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။	တင်ဒါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားမည့်ရက်	- ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ၊ Training Center ရန်ကုန်ပြည်သူ့ဆေးရုံကြီး
	တင်ဒါပုံစံရောင်းချမည့်ရက်	- ၁-၇-၂၀၁၄ရက် (အင်္ဂါနေ့)
	တင်ဒါပိတ်မည့်ရက်	- ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့)
	တင်ဒါပိတ်မည့်အချိန်	- ၁၆း၀၀ နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အမျိုးသားတစ်ဦး တာလမ်းပေါ်၌ချော်လဲစဉ် ဓာတ်ကြိုးနှင့်ထိမိသဖြင့် ဓာတ်လိုက်သေဆုံး

လှော်ကား ဇွန် ၂၅

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေအတွင်း ဇွန် ၂၃ ရက် ညပိုင်းက အမျိုးသားတစ်ဦး တာလမ်းပေါ်၌ ချော်လဲစဉ် ဓာတ်ကြိုးနှင့်ထိမိသဖြင့် ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ်ဆေးရုံသို့ အမျိုးသားတစ်ဦး ဓာတ်လိုက်ခံရသဖြင့် ရောက်ရှိနေကြောင်း သတင်းအရ ဇွန် ၂၃ ရက် ည ၁၁ နာရီ မိနစ် ၂၀ က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ရွှေပြည်သာမြို့နယ်နေ အောင်ပိုင်ဦး (၂၃) နှစ်ဖြစ်ကြောင်း သိရပြီး လည်ပင်းယာဘက်၊ ယာပခုံးနှင့်လက်တို့တွင် ပေါက်ပြဲဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရသည်။

ထို့နောက် ဖြစ်စဉ်အားစုံစမ်းခဲ့ရာ သေဆုံးသူသည် ဇွန် ၂၃ ရက် ည ၁၀ နာရီခွဲခန့်က မိုးရွာနေစဉ် နေအိမ်မှ လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်သို့ သွားရောက်ခဲ့ရာ မိုးမောက်(၁) လမ်းထိပ်အရောက် ချော်လဲပြီး တာလမ်းမဘေးရှိ ဓာတ်တိုင်မှ နေအိမ်များသို့ သွယ်တန်းထားသော အိကျနေသည့် လျှပ်စစ်ဓာတ်ကြိုးနှင့် ထိမိသဖြင့် ဓာတ်လိုက်ကာ ဒဏ်ရာရရှိပြီး သေဆုံးခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေ ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၁၁/၂၀၁၄)ဖြင့် ရေးဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၀၄၀)

ဇွန် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ဟောင်း အလယ်မီးပွိုင့်တွင် ဆိုင်ကယ်များ ဦးထုပ်ဆောင်းရန် သတိပေးအရေးယူနေပုံ။ **(၈၆)**

အဲယားကွန်းပြုပြင်စဉ် ဓာတ်လိုက်သေဆုံး

မုံရွာ ဇွန် ၂၅

မုံရွာမြို့ မြဝတီရပ်ကွက် ကျောက္ကာလမ်းနှင့် သီတာလမ်းထောင့်ရှိ အလှပြင်ဆိုင်အပေါ်ထပ်တွင် အဲယားကွန်းပြုပြင်ရာမှ လူငယ်တစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်တစ်ရပ် ဇွန် ၂၃ ရက် ညနေ ၆ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အာရှဖက်ရှင် အလှပြင်ဆိုင် ဒုတိယထပ်တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ နယ်မြေရဲတပ်ဖွဲ့မှူး ရဲအုပ်ကျော်လှိုင်မိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာအလှပြင်ဆိုင်၏ ဒုတိယထပ်တွင် ဇာနည်အောင် အဲယားကွန်းပြုပြင်ရေးဆိုင်မှ ဇော်ရဲအောင်နှင့် ရဲနိုင်အောင်တို့သည် ဆိုင် အပြင်ဘက် သီတာလမ်းတွင် အစွန်းတစ်ပေခွဲခန့် ထုတ်ထားသည့် လျှောက်လမ်းတွင် တပ်ဆင်ထားပြီး အဲယားကွန်းအားထိုင်၍ ပြုပြင်နေစဉ် အဲယားကွန်းနှင့် ဆက်သွယ်ထားသော လျှပ်စစ်ဓာတ်ကြိုးအားထိမိရာ ဇော်ရဲအောင်အသက် (၂၀)နှစ် အဲယားကွန်းပြုပြင်ရေးလုပ်သား သရဖီလမ်း ဒေါနခြံရပ်ကွက် မုံရွာမြို့တွင်နေထိုင်သူမှာ ဓာတ်လိုက်၍ မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသခံယူစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းနှင့်အတူ အဲယားကွန်းပြုပြင်ခဲ့သော ရဲနိုင်အောင်မှာ မစိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် မုံရွာပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ဇော်ရဲအောင် သေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးမှုဟုတ်/မဟုတ် သက်ဆိုင်ရာအမှတ်(၂) ရဲတပ်ဖွဲ့စခန်းမှ မှတ်ပုံတင်အမှတ်(၂၈)၊ အမှတ်စဉ် ၆/၂၀၁၄ ဖြင့် သေမှုသေခင်းဖွင့်လှစ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း ဇွန် ၆ ရက်မှ ၁၃ ရက် အထိ တရားမဝင်ကျွန်း ၁၁ ဒသမ ၂၄၈၈ တန်၊ သစ်မာ ၀ ဒသမ ၈၉၆၄ တန်၊ အခြား ၀ ဒသမ၄၁၈၈ တန်၊ ဖြူးမြို့နယ်အတွင်း ဇွန် ၁၂ ရက်အတွင်း တရားမဝင်အခြားသစ် ၂ ဒသမ ၉၂၈ တန်၊ ကျောက်တံခါးမြို့နယ်အတွင်း ဇွန် ၅ ရက်မှ ၁၄ ရက်အထိ တရားမဝင်ကျွန်း ၁ ဒသမ ၉၂၂၄ တန်၊ သစ်မာ ၄ ဒသမ ၃၅၆၈ တန်၊ အခြား ၃ ဒသမ ၃၁၂ တန်၊ ရေတာရှည်မြို့နယ်အတွင်း ဇွန် ၁၂ ရက်မှ ၁၃ ရက်အထိ တရားမဝင်ကျွန်း ၂ ဒသမ ၀၀၃၈ တန်၊ သစ်မာ ၄ ဒသမ ၄၇ တန်၊ မင်းလှမြို့နယ်တွင် ဇွန် ၇ ရက်အတွင်း တရားမဝင် အခြားသစ် ၀ ဒသမ ၅၃၂ တန်၊ သာယာဝတီမြို့နယ်တွင် ဇွန် ၇ ရက်အတွင်း တရားမဝင်ကျွန်း ၂ ဒသမ ၅၃၉၂ တန်၊ သစ်မာ ၀ ဒသမ ၈၈၅၂ တန်၊ အခြား ၁ ဒသမ ၀၃၆၆ တန်၊ အုတ်တွင်းမြို့နယ်အတွင်း ဇွန် ၆ ရက်မှ ၁၆ ရက်အထိ တရားမဝင်ကျွန်း ၀ ဒသမ ၉၅၈ တန်၊ သဲကုန်းမြို့နယ်တွင် ဇွန် ၁၇ ရက် အတွင်း တရားမဝင်အခြားသစ် ၀ ဒသမ ၄၄၇၈တန်၊ ပြည်မြို့နယ်တွင် ဇွန် ၁၆ ရက်အတွင်း တရားမဝင် အခြားသစ် ၀ ဒသမ ၄၁၂၆ တန်၊ ဇီးကုန်းမြို့နယ်တွင် ဇွန်၁၃ ရက်အတွင်း တရားမဝင်သစ်မာ ၀ ဒသမ ၈၈၅ တန်၊ ရွှေတောင်မြို့နယ်အတွင်း ဇွန် ၁၃ ရက်တွင် တရားမဝင်အခြားသစ် ၁ ဒသမ ၃၃၈ တန်၊ ပေါင်းတည်မြို့နယ်တွင် ဇွန် ၁၄ ရက်အတွင်း တရားမဝင်ကျွန်း ၁ ဒသမ ၀၁၄ တန်နှင့် ပန်းတောင်းမြို့နယ်အတွင်း ဇွန် ၅ ရက်မှ ၁၅ ရက်အထိ တရားမဝင်ကျွန်း ၃ ဒသမ ၈၄၄၂ တန်၊ သစ်မာ ၁၄ ဒသမ ၄၈၅၈ တန်၊ အခြား ၁၀ ဒသမ ၆၃၀၆ တန်တို့အား ဖမ်းဆီးရမိခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း စုစုပေါင်း ဖမ်းဆီးရမိမှုမှာ တရားမဝင်ကျွန်း ၂၃ ဒသမ ၅၅၀၄ တန်၊ သစ်မာ ၂၅ ဒသမ ၉၇၉၂ တန်နှင့် အခြား ၂၁ ဒသမ ၀၅၆၄ တန်တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တံခါးမြို့နယ်တွင် ဆေးခြောက်များ သိမ်းဆည်းရမိ

ကျောက်တံခါး ဇွန် ၂၅

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်း၏ အရှေ့ဘက် ရှစ်မိုင်ခုနစ်ဖာလုံခန့်အကွာ ကွင်းချောင်းဝကျေးရွာကျောက်ကြီး-ပဲနွယ်ကုန်းသွားကားလမ်းမိုင်တိုင်အမှတ် (၈/၀)အနီးတွင် ဇွန် ၂၄ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က မူးယစ်တပ်ဖွဲ့စု (၃၆) ပဲခူးမှ ဒုရဲအုပ်လင်းထွန်းနှင့်အဖွဲ့၊ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ ရဲတပ်ကြပ်မှိုင်းဝေ၊ သက်သေများနှင့်အတူ ကျောက်ကြီးမြို့ဘက်မှ ပဲနွယ်ကုန်းမြို့ဘက်သို့ WAVE (S) ၁၀၀ အမျိုးအစားထိုင်းနိုင်ငံလုပ် (လိုင်စင် စိစစ်ဆဲ)အနီ/အနက်ကျား ဆိုင်ကယ်အား စီးနင်းမောင်းနှင်လာသည့် ဒေါ်မြဝင်း (၄၅)နှစ် သပြေကုန်းကျေးရွာ ကျောက်ကြီးမြို့နေသူအား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြား၌ ကြိုးဖြင့်တုတ်လျက် အဝါရောင်ဆီပုံးအတွင်း ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော အရိုး/အရွက်/အစေ့ပါ ဆေးခြောက်ဟု ယူဆရသော အထုပ်တစ်ထုပ် အလေးချိန် (၂ ဒသမ ၂ ကီလို)အား ရှာဖွေ တွေ့ရှိသဖြင့် သက်သေခံပစ္စည်း များအား ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး မူးယစ်ဆေးဝါးများရောင်းချရန် လက်ဝယ်တွေ့ရှိသူ ဒေါ်မြဝင်းအား ပဲနွယ်ကုန်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

ပုလဲရတု ရက်မြတ်မင်္ဂလာ

ချစ်သော ဖေဖေ ဦးမြင့်တင်(ခ) ဦးဖိုးထောင် (ဦးဖိုးထောင်၊ ကိုဘွန်ချွန်သတင်းစာ၊ ဂျာနယ် ဖြန့်ချိ၊ ရောင်းဝယ်၊ ပို့ဆောင်ရေးလုပ်ငန်းစု၊ တာမွေမြို့နယ်) နှင့် ချစ်မေမေ ဒေါ်လေးမိ(ခ) တန်လေဘိတို့၏ ၂၆-၆-၂၀၁၄ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် ပုလဲရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာနှင့် ဘာသာ၊ သာသနာအကျိုး သယ်ပိုးရွက်ဆောင်နိုင်ပြီး ဘာဝနာတရား ကျင့်ကြံပွားများအားထုတ်ကာ နိဗ္ဗာန်မင်္ဂဖိုလ်သို့တိုင် တက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်--

ချစ်သမီးကြီး - မဝင်းသီရိတင်(ခ) သင်သင်း
ချစ်သမီးလတ် - မထွန်းပပတင် (ခ) ကျူကျူး
ချစ်သမီးငယ် - မဝင်းစန္ဒာတင်(ခ) စွမ်စွမ်
ချစ်သားကြီး - မောင်မျိုးမောင်မောင်တင်(ခ)
ဘွန်ချွန်-မကေခိုင်ခိုင်လင်း
ချစ်သားငယ် - မောင်ဖြိုးမောင်မောင်တင်(ခ)ဘွန်ဟော့
ချစ်မဝတဲ့ တစ်ဦးတည်းသော မြေးမလေး-မအိမ့်ကြယ်စင်(ခ)အိန်အိန်

အလိုရှိသည်

ဘော်ဒါအဆောင်မှူး
ကျွမ်းကျင် -ကျား(၃)ဦး
(အသက်-၂၅ နှစ်မှ ၄၀နှစ်အတွင်း)
Tel: 09-30059147, 09-30059148

ပုံနှိပ်စက်ဆရာ (Offset Operator) ကျွမ်းကျင်သင်တန်း

(MPPA)

(UMFCCI)

Tel : 01 2300187, 09 5100 534

သွားဆေးတက္ကသိုလ်(မန္တလေး) မော်လူးဒေသခံများ အား ကျန်းမာရေးစောင့်ရှောက်

မော်လူး၊ ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးဒေသခံပြည်သူများအား သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခနှင့် ဆရာ၊ ဆရာမများ၊ အလုပ်သင်ဆရာဝန်များနှင့် စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူများပါဝင်သည့် အဖွဲ့သည် ဇွန် ၂၃ ရက် နံနက် ၈ နာရီက မော်လူး တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများနှင့် ကုသခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒေါက်တာသက်နိုင် (ကထိက) သွား/ညှိကုသဌာန၊ ဒေါက်တာကျော်သက်အောင်၊ ဒေါက်တာချမ်းချမ်းအေး၊ ဒေါက်တာငြိမ်းငြိမ်းအောင်၊ ဒေါက်တာစိုးလင်းကျော်နှင့် ဒေါက်တာစိုးသူရဇော်တို့က မော်လူးတိုက်နယ်ဆေးရုံ ကုသဆောင်တွင် ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေး ဟောပြောခဲ့သည်။

ဒေသခံ သွားနှင့်ခံတွင်းဝေဒနာရှင်များကို သံဃာဆောင်တွင် ဒေါက်တာကျော်သီဟ (တွဲဖက်ပါမောက္ခ) မှ ဦးဆောင်၍ အလုပ်သင်ဆရာဝန်များက သွားနှင့်ခံတွင်းဝေဒနာရှင် လူနာ ၁၈၉ ဦးကို စစ်ဆေးကုသမှုများ ပြုလုပ်ပေးခဲ့သည်။

မော်လူးကျေးရွာအတွင်း သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးလိုအပ်ချက်များ ရှိ-မရှိကို တစ်အိမ်တက်ဆင်း စစ်တမ်းကောက်ယူခဲ့ကြပြီး ဆေးကုသမှုအဖွဲ့အား လိုအပ်သည်များကို မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်၊ တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာ လာမာမီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေး စောင့်ရှောက်ပေးမှုအဖွဲ့တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) မှ ဆရာ၊ ဆရာမများ၊ အလုပ်သင်ဆရာဝန်များနှင့်စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူ အင်အား ၄၀ ပါရှိကြောင်း သိရသည်။ **(၆၈၅)**

ထူမာကျေးရွာ၏ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကလေး၊ ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကပ်သည် ထူမာကျေးရွာအုပ်စုရှိ သံဖိုကျေးရွာနှင့် မောက်လင်းကျေးရွာအုပ်စုရှိ အင်ကြင်းခုံနှင့် ယောက်ချိုကွင်းကျေးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပံ့ပိုးကူညီနိုင်ရန် ဇွန် ၁၄ ရက်နှင့် ၁၆ ရက်တို့တွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချင်းတိုင်းရင်းသားရေးရာဝန်ကြီးသည် အဆိုပါကျေးရွာများရှိ ကျေးလက်ဒေသ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆိုလာမီးရရှိရေး၊ ရေရရှိရေး၊ မှတ်ပုံတင်အမြန်ရရှိနိုင်ရေးနှင့် လယ်ယာမြေဆိုင်ရာ ပြဿနာများကို ဆွေးနွေးညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တက်ရောက်လာသော ရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးသည် ယခင်နှစ်မိုးတွင်းကာလတွင် ပျက်စီးသွားသည့် ကျေးရွာချင်းဆက်တံတားများဖြစ်သော ဇီးချောင်းတံတားနှင့် ဆည်ကြီးတံတား ပြန်လည်ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဂျိုးနက်**

ဝါးခယ်မမြို့နယ်ရှိ စာပေရေချမ်းစင်များတွင် စာအုပ်အသစ်များအား တစ်လတစ်ကြိမ် လဲလှယ်

ဝါးခယ်မ၊ ဇွန် ၂၅

ဝါးခယ်မမြို့နယ်၌ ဖွင့်လှစ်ထားရှိသော စာပေရေချမ်းစင်များကို မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများမှ တစ်လတစ်ကြိမ် စာအုပ်သစ်များလဲလှယ်ပေးလျက်ရှိပြီး ယခုလတွင်လည်း ပြည်သူများ စာအုပ်သစ်ဖတ်ရှုနိုင်ရေး၊ စာအုပ်အဟောင်း အသစ်လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူများစာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားပြီး စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ မြို့နယ်ပြန်/ဆက်ဦးစီးဌာနက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်နေပြီး စာပေရေချမ်းစင်များအား ဝါးခယ်မမြို့နယ်အတွင်း ခြောက်နေရာ ချိတ်ဆွဲထားရှိပေးကြောင်း သိရသည်။ **(ပြန်/ဆက်)**

ကိုယ့်ကိုယ်ကို လည်ပင်းဓားနှင့်လှီး၍သတ်သေမှုဖြစ်

ရန်ကုန်၊ ဇွန် ၂၅

လှိုင်မြို့နယ် မာလာမြိုင်(၈)လမ်းတွင် လူတစ်ဦး ကိုယ့်ကိုယ်ကိုလည်ပင်းကိုဓားဖြင့်လှီးကာ သေကြောင်းကြံစည်မှုဖြစ်ပွားခဲ့၍ ရဲအုပ်ကြည်စိုးသန့်မှ စစ်ဆေးခဲ့ရာစုံစမ်းချက်အရ ၎င်းမှာ ပဲခူးတိုင်းဒေသကြီးနေ ဦးသိန်းမောင် ၆၀ နှစ်ဖြစ်ပြီး အသဲရောင်ရောဂါပြသရန် ဇွန် ၁၅ ရက်ကယောက်ဖဖြစ်သူနေအိမ်သို့ရောက်ရှိနေပြီး ဇွန်၂၂ ရက် နံနက် ၉ နာရီခန့်တွင် နေအိမ်အပေါ်ထပ်ထိုင်ခုံတွင်ထိုင်လျက် မိမိကိုယ်ကို ကြက်သွန်လှီးဓားဖြင့် လည်ပင်းကို လှီးဖြတ်ထားသည်ကို တူမဖြစ်သူကတွေ့ရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရကြောင်းသိရသဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ လှိုင်မြို့ မရဲစခန်းက (ပ)၃၃၈/၁၄ ပြစ်မှုပုဒ်မ ၃၀၉ အရ အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

ရမည်းသင်းမြို့နယ်ရှိ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြု

ရမည်းသင်း၊ ဇွန် ၂၅

ရမည်းသင်းမြို့နယ်၊ လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်းနှင့် စာကြည့်တိုက် (ပထမ)အကြိမ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်သည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို လူမှုထူးချွန်စာကြည့်တိုက် E-Library တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးဇော်မင်းစိုးက ဖောင်ဒေးရှင်းဖြစ်ပေါ်လာရခြင်းနှင့် အလှူရှင်စာရင်းကို ရှင်းလင်းခဲ့သည်။

ရမည်းသင်းမြို့ စာစစ်ဌာနတွင်ဖြေဆိုသူငါးဘာသာတစ်ဦး၊ လေးဘာသာ နှစ်ဦး၊ သုံးဘာသာ ကိုးဦး၊ နှစ်ဘာသာ ၁၂ ဦး၊ တစ်ဘာသာ ၆၁ ဦးနှင့် မြို့နယ်ခြား စာစစ်ဌာနတွင် ဖြေဆိုသူ ငါးဘာသာ နှစ်ဦး၊ လေးဘာသာ နှစ်ဦး၊ သုံးဘာသာ ခြောက်ဦး၊ နှစ်ဘာသာကိုးဦးနှင့် တစ်ဘာသာ ခြောက် ဦး စုစုပေါင်း ၁၁၀ ဦးတို့ကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

အလှူရှင် ဦးမြတ်သင်းအောင်က ရမည်းသင်းစာဖြေဌာနမှ ငါးဘာသာ၊ လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရရှိသူများကို ကိုရီးယားစက်ဘီးတစ်စီးစီ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်(ရမည်းသင်း)

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်ဒိုင်(ဘ)ဦးသံဒိုင်[၁၂/ဒဂန(နိုင်)၀၂၆၂၁၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အကြောင်းမှာ ယခုဤကြော်ငြာစာအရ အသေးစိတ်ဖော်ပြထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့်

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၃၃)ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်သော အစိုးရမှ တရားဝင်ထုတ်ပေးထားသော စာရွက်စာတမ်းမူရင်းများ။

၂။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၂၃)ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်သော အစိုးရမှ တရားဝင် ထုတ်ပေးထားသော စာရွက်စာတမ်းမူရင်းများ။

၃။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၆၁)ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်သော အစိုးရမှ တရားဝင်ထုတ်ပေးထားသော စာရွက်စာတမ်းမူရင်းများ။

၄။ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၄၅)ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်သော အစိုးရမှ တရားဝင်ထုတ်ပေးထားသော စာရွက်စာတမ်းမူရင်းများ။

၅။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သစ်တောလမ်း၊ ဦးပိုင်အမှတ်(၆၇-ည)၊ မြေယာ(၁၈၇/၄၄၂အက်ဖ်)၊ ခြံအမှတ်(၃၂၈)ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်သော အစိုးရမှတရားဝင်ထုတ်ပေးထားသော စာရွက်စာတမ်းမူရင်းများအားလုံး တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဒိုင် လက်ဝယ်တွင်ထားရှိရာမှ ပျောက်ဆုံးနေပါသည်။

အထက်ပါ အမှတ်စဉ်(၁)မှ (၅)အထိပါဝင်သော မြေများနှင့်ပတ်သက်သည့် ပျောက်ဆုံးနေသော တရားဝင်စာရွက်စာတမ်းမူရင်းအားလုံးကို သက်ဆိုင်ရာဌာနများတွင် ပြန်လည်လျှောက်ထားပြီး မြေပုံမြေရာဇဝင်များ အသစ်ထုတ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမှတ်စဉ်(၁)မှ (၅)အထိ မရွှေ့မပြောင်းနိုင်သောမြေများနှင့်ပတ်သက်၍ ယနေ့ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေ သဘောတူခွင့်ပြုချက်မရှိဘဲ သက်ဆိုင်ရာဌာနများတွင် ပိုင်ဆိုင်ကြောင်း ကြေညာစာတမ်း ပြုလုပ်ရန်အတွက်လည်းကောင်း၊ အရောင်းအဝယ်ပြုလုပ်ရန် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အမည်ပြောင်းခြင်း၊ အထူးကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာများ ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူလှိုင် **LL.B**(စဉ်-၃၀၄၈၅)
ဒေါ်မေစံပယ်ဝင်း **LL.B**(စဉ်- ၃၈၀၆၂)
အထက်တန်းရှေ့နေများ

ဒေါ်ခင်သန်းမြင့် **B.A(Law),LL.B**(စဉ်-၁၅၄၉)
ဒေါ်ခင်စန်းမူ **B.A(Law),LL.B**(စဉ်-၈၂၅၇)
ဒေါ်အေးစုကြည် **LL.B**(စဉ်-၈၅၈၆)
တရားလွှတ်တော်ရှေ့နေများ

အမေနှင့်သမီးများ **Law Firm**
အမှတ်-၅၆၅၊ အခန်း-၆/၁၀၄၊ ပထမထပ်၊ **MAC Tower**၊ ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၄၈၆၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ်-ခ/၁၉၊ မြေကွက်တည်နေရာအမှတ်-၁၉၊ မင်းနန္ဒာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးခင်မောင်သိန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်သိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်အေးအေးညွန့်[၁၂/လသန(နိုင်)၀၀၅၉၇၇] မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပညာဒါနအခမဲ့

၁၀တန်းစာမေးပွဲကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်မသင်ကြားနိုင်သော လူငယ် များအား ဝါရင့်ဆရာကြီးများဖြင့် (၁၀)တန်းဘာသာစုံကို အခမဲ့သင်ကြားပေးနေကြောင်း ဖိတ်ခေါ် ပါသည်။

ကျောင်းသူ၊ ကျောင်းသားများလိုက်နာရန်
၁။ ကူးစက်တတ်သော ရောဂါကင်းရှင်း၍ ကျန်းမာသူဖြစ်ရမည်။
၂။ ကျောင်းစည်းကမ်းကို လိုက်နာနိုင်သူ ဖြစ်ရမည်။

အသိပညာ အတတ်ပညာဖြင့် တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်နိုင်ပါစေ။

အကျိုးဆောင်အဖွဲ့
ပရဟိတတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးကျောင်း
တောရစာသင်တိုက်၊ ပေါက်တောကျေးရွာ
တောင်စွန်းစာတိုက်၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်

ဝက်လက်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဝက်လက်၊ ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၂ ရက် နံနက် ၈ နာရီက ဝက်လက်မြို့နယ် ရေလည်မော်ကျေးရွာသို့ရောက်ရှိပြီး ချမ်းသာကြီးဘုရား ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ရေလည်မော်ရွာ အထောက်အကူပြုဥက္ကဋ္ဌ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဘုရားထီးတော်တင်ပွဲပြုလုပ်ရန် မှာကြားခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် အ. ထ. ကခွဲများသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ရှိမ္မကားကျေးရွာသို့ နံနက် ၉ နာရီတွင်ရောက်ရှိပြီး ရွှေယက်သာဘုရား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခြင်း၊ ရှိမ္မကားတိုက်နယ်ဆေးရုံသို့ တက်ရောက်ဆေးကုသခံယူနေသောလူနာများနှင့် ဆေးသိုလှောင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

အ. ထ. ကကျောင်းသို့ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ အောင်ချက်မြင့်မားရေး သင်ကြားပို့ချခြင်းအား အခြေခံကျကျ စနစ်တကျ သင်ကြားပို့ချရေး လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်၍ သစ်ဆိမ့်ရွာသစ်ကျေးရွာ ဓာတ်တော်ကြီးဘုရားကို ဖူးမြော်ကြည်ညိုခဲ့သည်။

ဝက်လက်မြို့သို့ မွန်းလွဲ ၁၂ နာရီခွဲတွင်ရောက်ရှိပြီး ပြည်သူ့ဆေးရုံ ဆေးကုသဆောင်တည် ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခြင်း၊ အထက ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ ၂၀၁၄-၁၅ ပညာသင်နှစ်တွင် အောင်ချက်မြင့်မားရေးအတွက် ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

နန်းမြင့်

ချင်းပြည်နယ် ကျေးလက်ဒေသအချို့တွင် အမျိုးသမီး စွမ်းရည်မြှင့်တင်ရေး သင်တန်းပြုလုပ်

ကျီခါး၊ ဇွန် ၂၅

ချင်းပြည်နယ်အတွင်း တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့နယ်ခွဲရှိ ကျေးလက်ဒေသများတွင် ချင်းလူထုဖွံ့ဖြိုးရေးကွန်ရက် (Network for Chin Community Development) က အမျိုးသမီးစွမ်းရည်မြှင့်တင်ရေး သင်တန်းကို ယခုဇွန်လအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဇွန် ၃ ရက်မှ ဇွန် ၁၁ ရက်အတွင်း ချင်းပြည်နယ် (မြောက်ပိုင်း) တီးတိန်မြို့နယ် ငင်းသဲကျေးရွာ၊ တွန်းဇံမြို့နယ် တွီးမွီကျေးရွာ၊ ကျီခါးမြို့နယ်ခွဲ ဆဲလ်ဘုန်းကျေးရွာနှင့်လိန်ထုတ်ကျေးရွာတို့တွင် သင်တန်းကို ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အနာဂတ် ချင်းအမျိုးသမီးများ ကိုယ့်အားကိုယ်ကိုး အသက်ရှင်ရပ်တည်နိုင်ရေး၊ အမျိုးသမီးများ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် ပါဝင်နိုးကြားလာရေး၊ အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ နားလည်သိရှိရေးတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

"အဓိကအားဖြင့် ကျေးလက်ဒေသကိုဦးတည်ပြီး လုပ်တာဖြစ်တယ်။ ကျေးလက်ဒေသဆိုတာက အဖက်ဖက်မှာ နိမ့်ကျတယ်လေ။ အချိန်နဲ့နေရာနဲ့ ချိန်ကိုက်တာရယ်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာတွေရယ်ကြောင့် ကျန်ရှိတဲ့ ကျေးလက်ဒေသတွေကို မလုပ်နိုင်သေးဘူး။ အဲဒီအတွက် ဆက်လက်ကြိုးစားသွားပါမယ်"ဟု Network for chin Community Development လက်ထောက်တာဝန်ခံ ကိုဆိုင်မွန်က ပြောသည်။

ယင်းသို့ဖြင့် ချင်းလူထုဖွံ့ဖြိုးရေးကွန်ရက်သည် ချင်းလူထုအတွင်း လူထုပိုင်ဆိုင်ခွင့်ရှိသည့် ဖွံ့ဖြိုးရေး၊ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည့် ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှု တည်ဆောက်ရေးတို့ကို အခြေခံမူအဖြစ် ထားရှိပြီး ထိုသို့ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုရက်တိုသင်တန်းများကိုလည်း လုပ်ငန်းများပြန်လည်ဆန်းစစ်ခြင်း၊ လုပ်ငန်းအကဲဖြတ်နည်းနာများ၊ စီမံကိန်းများကြီးကြပ်ခြင်းနှင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝိုဟေဆာ

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် မြန်အောင်တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

မြန်အောင်၊ ဇွန် ၂၅

မြန်အောင်ပြည်သူ့ဆေးရုံ (ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့)၊ မြန်အောင်မြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အထောက်အကူပြုကော်မတီနှင့် ပါရမီလူမှုကူညီရေးအဖွဲ့တို့သည် ရပ်ကွက်အတွင်းရှိ အိမ်များ၊ ရေမြောင်းများနှင့် ခြင်ခိုအောင်းနိုင်သော နေရာများတွင် ဇွန် ၂၃ ရက်မှစတင်ကာ ဆေးဖျန်းခြင်းလုပ်ငန်းများကို နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Malathion တစ်ဆ၊ Disel ၁၉ ဆ ရောစပ်ထားသော ဆေးရည်ကို ဆေးမှုတ်စက်အတွင်းသို့ စနစ်တကျထည့်ပြီး နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရောဂါသယ်ဆောင်ထားသော သက်ကြီးကောင်ခြင်ကို အမြန်ဆုံးသေစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ Malathion ဆေး၊ ခြင်ဆေးဖျန်းစက်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးကြောင်းနှင့် ကျောင်းများ၊ လူအများနေထိုင်သောနေရာများနှင့် ရပ်ကွက်များအတွင်းသို့ ခြင်ဆေးဖျန်းလိုပါကလည်း ဖျန်းပေးမည်ဖြစ်ကြောင်း ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှူး ဦးတင်အောင်က ရှင်းပြသည်။

အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်သန်းဦးက ရပ်ကွက်တစ်ခုလုံး ခြင်ဆေးဖျန်းပေးမည်ဖြစ်ပြီး အိမ်များအတွင်း ဖျန်းချင်သူများကိုလည်း ဖျန်းပေးပါကြောင်း၊ လိုအပ်သော ဒီဇယ်နှင့် ဓာတ်ဆီကို ပါရမီလူမှုကူညီရေးအဖွဲ့မှ လှူဒါန်းပါကြောင်း ပြောသည်။

နေဝင်းဇော်(မြန်အောင်)

စိတ်ကျန်းမာရေးမကောင်းသူတစ်ဦး ရေနစ်သေဆုံး

ရန်ကုန်၊ ဇွန် ၂၅

လှိုင်သာယာမြို့နယ်အတွင်း ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက စိတ်ကျန်းမာရေးမကောင်းသူ အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က လှိုင်သာယာမြို့နယ်၊ သောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် မကွေးလမ်းကြားရှိ အကျယ်ပေ ၅၀၊ အနက် ၁၀ ပေခန့်ရှိသော ရေမြောင်းအတွင်း အမျိုးသားတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ အသက် ၄၀ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးမှာ ပြင်ပဒဏ်ရာမတွေ့ရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

ထို့နောက် ဖြစ်စဉ်အားစုံစမ်းရာ ၎င်းအမျိုးသားသည် စိတ်ကျန်းမာရေးမကောင်းသူတစ်ဦးဖြစ်ကြောင်း သိရှိရပြီး မွန်းလွဲ ၁ နာရီ ခန့်က အဆိုပါရေမြောင်းအတွင်းဆင်းသွားရာမှ ရေနစ်နေသည်ကို ပတ်ဝန်းကျင်မှ တွေ့မြင်ခဲ့၍ ဝိုင်းဝန်းဆယ်ယူခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်း သိရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ လှိုင်သာယာမြို့နယ်၊ သောင်ကြီးနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၂၉/၂၀၁၄)ဖြင့် ရေးဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(MLA)

ရန်ကုန်မြို့ အချက်အချာကျသောနေရာရှိ မြေကွက် နှစ်ရှည်ငှားရမ်းလိုပါသည်

(၁) ဟိုတယ်ဆောက်လုပ်ရန်အတွက်ဖြစ်ပြီး အနည်းဆုံး အနှစ်(၃၀) နှစ်ရှည်ငှားရမ်းရပါမည်။
(၂) ရန်ကုန်မြို့၏ အချက်အချာနေရာတွင်ဖြစ်ပြီး မြေကွက် အကျယ်အဝန်း ၂၀၀၀၀ စတုရန်းပေနှင့်အထက် ရှိရပါမည်။
(၃) မြေကွက်ငှားရမ်းခကို တစ်နှစ်တစ်ကြိမ်ပေးချေမည်ဖြစ်ပြီး အနှစ်(၃၀)ပြည့်ပါက ဟိုတယ်အဆောက်အအုံအား မြေပိုင်ရှင်သို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။
(၄) အဆောက်အအုံဆောက်ရန်နှင့် လိုအပ်သည့်စီမံခန့်ခွဲမှုကိစ္စရပ်များအတွက် မြေပိုင်ရှင်မှ ငှားရမ်းသူသို့ Special Power ပေးအပ်ရပါမည်။
(၅) မြေကွက်ကို နိုင်ငံခြားသားသို့ တစ်ဆင့်ပြန်လည်ငှားရမ်းခွင့်ပြုရပါမည်။

Business Alliance Hub

အမှတ် ၁၂၆/က၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၂၇၃၉၊ ၀၁-၅၁၂၉၇၅၊ ၀၁-၅၁၂၆၈၃
ငှားရမ်းသူနှင့် တိုက်ရိုက်ပြောဆိုရန် ဖုန်း-၀၉-၄၃၀၉၆၄၆၇



ခြံရောင်းမည်

6011 Sqft
အင်းယားမြိုင်လမ်းမ
ဖုန်း-၀၉-၂၅၄၂၁၈၀၇၇၊
၀၉-၈၅၀၁၄၆၀

မြေကွက် ရောင်းမည်

ပေ(၅၀×၆၀)၊ ၅၇ လမ်းကျယ်
ဖုန်း-၀၉-၂၅၄၂၁၈၀၇၇

အများသိစေရန်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၅)ရပ်ကွက်၊ နန္ဒသူရိန်လမ်း၊ အမှတ်(၁၃၇)ဟုခေါ်တွင်သော ဧရိယာ ပေ(၄၀×၆၀)ရှိ ဦးကျော်ရွှေ ဂရန်အမည်ပေါက် နှစ်ထပ်အိမ်အား လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်နီနီမြင့်[၁၂/လမန(နိုင်)၀၀၅၇၅၅]ကိုင်ဆောင်သူမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မိုးသီတာ[၆/မအရ(နိုင်)၀၄၄၉၄၆]ကိုင်ဆောင်သူအား အပြီးအပိုင် ရောင်းချခဲ့ပြီးဖြစ်၍ ၎င်းအိမ်ခြံမြေအား ကျွန်ုပ်မိတ်ဆွေ၏သဘောတူခွင့်ပြုချက်မရရှိဘဲ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြေးမုံမြင့်(**LL.B**)အထက်တန်းရှေ့နေ(စဉ်-၃၆၀၃၉)
ဖုန်း-၀၉-၄၂၀၂၂၀၉၀၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်(၂၄)လမ်း၊ အမှတ်(၃၉၇/ခ၊ ၃၉၈) ပေ(၃၀×၆၀)ပေါ်တွင် မြေရှင်နှင့်ကန်ထရိုက်တာ အကျိုးတူပူးပေါင်းဆောက်လုပ်သော RC(3½) ထပ်တိုက်၏ ကန်ထရိုက်တာဦးသန်းလှိုင်[၉/သစန(နိုင်)၁၀၇၁၀၇]အကျိုးခံစားခွင့်ရရှိထားသော မြေညီထပ် ပေ(၁၄×၅၅×၁၀)အား ကန်ထရိုက်တာမှ အရှုပ်အရှင်းကင်းစွာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေး ချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံတို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးမောင်မောင်ချစ်(စလင်း)ဥပဒေဘွဲ့
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)
ရုံးခန်း/အိမ်-အမှတ်(၈၁/က)၊
တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၃၁၀၂၃၅၆၄

ဒေါ်မိုးယုနွယ်(**L.L.B.,D.B.L.,D.I.L**)
အထက်တန်းရှေ့နေ(စဉ်-၂၉၈၂၃)
ဖုန်း-၀၉-၇၃၁၃၂၂၂၁၂

သားအဖြစ်မှစွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)၊ အောင်မင်္ဂလာရပ်၊ (၁)လမ်း၊ အိမ်အမှတ်(၁၁၆/၁၁၅)နေ ဒေါ်ထွန်း[၉/တကန(နိုင်)၀၁၂၄၉၉]သည် ၂၁-၈-၂၀၀၉ ရက်၌ သားဖြစ်သူ ကိုမင်းသိန်းခိုင်[၉/ပမမ(နိုင်)၁၅၈၃၁၁]အပေါ် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်းဟူ၍ ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)တွင် ကြော်ငြာထည့်သွင်းခဲ့ပါသည်။ ထိုကြော်ငြာထည့်သွင်းပြီးနောက် ကိုမင်းသိန်းခိုင်သည် မိခင်ဒေါ်ထွန်း၏ဆိုဆုံးမလမ်းညွှန်မှုများကို အလေးထားလိုက်နာဆောင်ရွက်နေပြီဖြစ်ပါသောကြောင့် မိခင် ဒေါ်ထွန်းမှ သားဖြစ်သူ ကိုမင်းသိန်းခိုင်အား ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ် ပြန်လည်လက်ခံအသိအမှတ်ပြုပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင် ဒေါ်ထွန်း
[၉/တကန(နိုင်)၀၁၂၄၉၉]

မြန်မာနိုင်ငံအိမ်ခြံမြေများကို လက်ကိုင်ဖုန်းမှတစ်ဆင့် ရွေးချယ်ဝယ်ယူငှားရမ်းနိုင်

ရန်ကုန်၊ ဇွန် ၂၅

မြန်မာနိုင်ငံအိမ်ခြံမြေ portal တစ်ခုဖြစ်သည့် House.com.mm သည် ဇွန် ၁၉ ရက်တွင် ဖုန်းမှ တစ်ဆင့် မြန်မာနိုင်ငံအိမ်ခြံမြေများကို ရွေးချယ်ဝယ်ယူငှားရမ်းနိုင်မည့် Android App ကို မိတ်ဆက်ခဲ့သည်။

"ကိုယ်လိုချင်တဲ့အိမ်ခြံမြေတွေ အကုန်ရှာမယ်ဆိုရင် အဲ့ဒါက အရမ်းကို stress များတဲ့ ကိစ္စတစ်ခုဆိုတာသိမှာပါ။ ဒါပေမယ့် ဒီ App ဟာ အိမ်ခြံမြေတွေအကုန်လုံးကို တစ်နေရာထဲမှာ ရှာဖွေနိုင်တဲ့အတွက် ဒီလို stress တွေရှိနိုင်တော့မှာ မဟုတ်ပါဘူး"ဟု မန်နေဂျာ Michiel Bakker က ပြောသည်။

နိုင်ငံပေါင်းလေးနိုင်ငံတွင်လည်း အဆိုပါ App ကဲ့သို့ iOS app ကို ယခင်တစ်ပတ်က မိတ်ဆက်ခဲ့ပြီးဖြစ်ပြီး အဆိုပါ iOS app ကိုလည်း ပါကစ္စတန်၊ မက်ဆီကို၊ ကိုလံဘီယာနှင့် မော်စကို နိုင်ငံများအတွက် Lamudi က မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

House.com.mm ၏ မိခင်ကုမ္ပဏီဖြစ်သည့် ဘာလင်အခြေစိုက် Lamudi သည် Asia၊ Middle East၊ Latin America နှင့် Africa စသည့်တို့၏ နိုင်ငံ ၂၈ နိုင်ငံတွင် အိမ်ခြံမြေ လေးသိန်းကျော်ပါဝင်သည့် App ကို မိတ်ဆက်ခဲ့ပြီးဖြစ်သည်။

အဆိုပါနိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာနိုင်ငံအိမ်ခြံမြေများ၏ portal၊ House.com.mm က မြန်မာနိုင်ငံ အိမ်ခြံမြေများကို ဖုန်းမှတစ်ဆင့်လွယ်ကူစွာ ရွေးချယ်ဝယ်ယူငှားရမ်းနိုင်မည့် ယခု Android device ကို လွှင့်တင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် Android မှာ အသုံးအများဆုံးဖြစ်ပြီး ပြည်တွင်းမိုဘိုင်းဈေးကွက်၏ ၉၀ ရာခိုင်နှုန်း နီးပါးသည် Android ဖုန်းအသုံးပြုသူများဖြစ်ပြီး ဈေးကွက်ကိုးရာခိုင်နှုန်းကို Apple iOS က ပိုင်ဆိုင်ထားသည်။

House.com.mm ၏ မိခင်ကုမ္ပဏီဖြစ်သည့် Lamudi Co-Founder ဖြစ်သည့် မန်နေဂျင်းဒါရိုက်တာ Antonius Salis က"smartphone ဈေးကွက်က မြန်မာတင်မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးရဲ့ အနာဂတ်လို့ဖြစ်နေပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ဟာ မြန်မာတင်မဟုတ်ဘူး။ နိုင်ငံ ၂၈ နိုင်ငံမှာ ကျွန်တော်တို့ရဲ့ အိမ်ခြံမြေတွေကို အသုံးပြုသူတွေလက်ထဲ အတော်များများရောက်သွားစေလိုတာကြောင့် Android App ကို ထုတ်တာပါ"ဟု ပြောသည်။

ယခု App သည် ဖုန်းအင်တာနက်ဝန်ဆောင်မှု တိုးမြင့်လာသည့်ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်အောင် ဖန်တီးထားခြင်းဖြစ်ပြီး မကြာသေးမီထုတ်ပြန်ထားသည့် အင်တာနက်သတင်းအရ မိုဘိုင်းဖုန်းအသုံးပြုမှု တွင်ကျယ်လာကြောင်း ထုတ်ပြန်ထားပြီး အာရှတွင် အင်တာနက်အသုံးပြုသူများထဲမှ သုံးပုံတစ်ပုံမှာ မိုဘိုင်းဖုန်းအသုံးပြုသူများဖြစ်ကြောင်း သိရသည်။

House.com.mm ကို အခြား အိမ်ခြံမြေ အေးဂျင့်များနှင့် ဆက်နွယ်ခြင်းမရှိဘဲ မြန်မာ့ပထမဆုံး အွန်လိုင်းအိမ်ခြံမြေ ဈေးရောင်း၊ ဈေးဝယ်၊ ဈေးကွက်တစ်ခုအဖြစ် ၂၀၁၂ ခုနှစ်မေလမှ စတင်တည် ထောင်ခဲ့သည်။ မြန်မာပြည်၏အကြီးဆုံး အွန်လိုင်း အိမ်ခြံမြေ ရောင်းဝယ်ဝက်ဘ်ဆိုဒ် တစ်ခုဖြစ်ပြီး ရောင်းသူ၊ ဝယ်သူ၊ မြေပိုင်နှင့် ငှားရမ်းသူများအတွက် ရှာဖွေရန် အကောင်းဆုံးနေရာတစ်ခုလည်း ဖြစ်သည်။

ယခုအခါ Rocket သည် နိုင်ငံပေါင်း ၄၀ ကျော်တွင် ဝက်ဘ်ဆိုဒ်ပေါင်း ၁၅၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပြီး မြန်မာပြည်တွင် Motors.com.mm, Ads.com.mm, House.com.mm, Work.com.mm နှင့် Kaymu.com.mm အစရှိသည့် ဝက်ဘ်ဆိုဒ်များ တည်ထောင်ထားကြောင်း သိရသည်။

နေဇာ(ဝိတောက်ရိပ်)

ပခုက္ကူနယုန်ပွဲတော်အား ပိုမိုစည်ကားသိုက်မြိုက်စေရန် စီစဉ်ဆောင်ရွက် ပေးစေလို

ပခုက္ကူ၊ ဇွန် ၂၅

ပခုက္ကူနယ်သာမက တစ်နိုင်ငံလုံးကိုယ်စားပြုသည့် ပခုက္ကူနယုန်ပွဲတော်အား ပိုမိုစည်ကားသိုက်မြိုက်စေရန် စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း ယင်းဒေသခံများက ပြောသည်။

ပခုက္ကူ နယုန်လ သီဟိုဠ်ရှင်ပွဲတော်ကြီးသည် မြန်မာပြည်အနယ်နယ်မှ ဈေးသည်များ အားထားရောင်းဝယ်ရာ ဘုရားပွဲတော်ကြီးဖြစ်ပြီး ဈေးသည်ပေါင်း ၅၀၀၀ နီးပါး ဆိုင်ခန်းပေါင်း ၃၀၀၀ ကျော် လာရောက်ရောင်းချ၍ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ ဒေသထွက်ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာ ရောင်းဝယ်ကြသည်။

"ဒီနှစ်မှာ ပထမဆုံးကပြတဲ့ ဇာတ်ပွဲက ကလေး၊ လူကြီး ၂၅၀၀ ကျပ်နဲ့ ရုံဝင်ခယူတယ်။ ဖျာကလည်း ၁၂၀၀၀ ကျပ်ထိ ဈေးမြောက်တယ်။ ဧည့်သည်အနုပညာရှင်တွေကို အကြောင်းပြပြီး ရုံဝင်ခမြှင့်တော့ တော်ရုံတန်ရုံ ကြေးလက်ပြည်သူတွေက မလာကြတော့ဘူး။ ဆိုးတာက ပထမဇာတ်ပွဲ ကပြပြီး နောက်ဇာတ်ပွဲက ငါးရက်လောက် ခြားပြီး ဝင်တယ်။ ပွဲမပါတော့ နယ်က လူတွေက မလာကြပြန်ဘူး။ လာမယ့်နှစ်မှာ ဈေးသည်တွေလာချင်အောင် ဇာတ်ပွဲများလည်း ဆက်တိုက်ကပြဖို့ လိုအပ်ပါတယ်။ ရုံဝင်ခကိုလည်း ကျေးလက်ပြည်သူတွေ ကြည့်နိုင်ဖို့ တာဝန်ရှိသူများနဲ့ ညှိနှိုင်းဆောင်ရွက်သင့်ပါတယ်"ဟု ပွဲဈေးသူ ပွဲဈေးသားများက ပြောသည်။

ပခုက္ကူ နယုန်ပွဲတော်သည် နယုန်လဆန်းမှသည် လကွယ်တိုင်အောင် ပွဲရက်ရှည်ခင်းကျင်းသော အထက်မြန်မာပြည်၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီး လည်းဖြစ်သည်။

ဆင်ဖြူရှင်တံတား၊ ဇရာဝတီ တံတားများကြောင့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပုဂံ၊ ညောင်ဦးဒေသတို့အပြင် ချင်းပြည်နယ်၊ မင်းတပ်၊ မတူပီ၊ ယောနယ်တစ်ခွင် ပုလဲ၊ မင်းတိုင်ပင်ဒေသပါမကျန် လာရောက်ဈေးဝယ်ကြသည်။

ဆယ့်နှစ်ပွဲဈေးသည်များမှလည်း ရန်ကုန်၊ မန္တလေး၊ ရွှေဘို၊ စစ်ကိုင်း၊ မုံရွာ၊ မိုးညှင်းသမ္မာဒွေ၊ မကွေး၊ မြန်အောင်၊ ဟင်္သာတ၊ ပန်းတနော် စသည့် နယ်များမှ လာရောက်ရောင်းဝယ်ကြသည်။

ပခုက္ကူ နယုန်ပွဲတော်သည် တစ်ခေတ်တစ်ခါက ဇာတ်ပွဲလေးပွဲအထိ ရုံနှစ်ရုံအပြိုင် ကပြကြပြီး ယဉ်ကျေးမှုကို ထိန်းသိမ်းသော မြန်မာ့ရိုးရာ ရုပ်သေးသဘင်ကိုလည်း အခမဲ့ထည့်သွင်း ဆင်ယင်ကျင်းပသည့်ပွဲတော်ကြီး ဖြစ်ခဲ့သည်။

"ပခုက္ကူ နယုန်ပွဲက ပခုက္ကူကိုယ်စားပြုတဲ့အပြင် တစ်နိုင်ငံလုံးကိုလည်း ကိုယ်စားပြုတဲ့ ပွဲတော်ကြီးပါ။ ပြီးတော့ ကျွန်တော်တို့ ဆယ့်နှစ်ပွဲဈေးသည်တွေရဲ့ အဓိကအားထားရောင်းဝယ်တဲ့ ပွဲတော်ကြီးလည်း ဖြစ်ပါတယ်။ အဲ့ဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ ပွဲတော်ကြီး စည်ကားသိုက်မြိုက်အောင်၊ ပွဲတော်ဂုဏ်ကိုလည်း ထိန်းသိမ်းရာရောက်အောင် လာမယ့်နှစ်တွေမှာ စီစဉ်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ဈေးသည်တစ်ဦးက ပြောသည်။

နေဦးအောင်(ပခုက္ကူ)

ပခုက္ကူမြို့နယ်ရှိ ပခုက္ကူနယုန်လ သီဟိုဠ်ရှင်ပွဲတော်တစ်ခုတွင် ဈေးသည်များ၊ လာရောက်သောဧည့်သည်များနှင့် စည်ကားစွာတွေ့ရစဉ်။

သတင်းတို

တရားမဝင်ပန်းပုအရုပ်စုံ (ဆင်ရုပ်) ရုပ်တု၂၀အား တွေ့ရှိသိမ်းဆည်း

ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် တိုက်ကြီးမြို့နယ် သစ်တောအုပ်ကြီး ဦးအောင်မြနှင့်အဖွဲ့သည် ကျွန်းသစ်များ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းရရှိခဲ့၍ ကျွန်းချောင်းကျေးရွာအနီး ပတ်ဝန်းကျင် ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၆၀/၂၀)အနီးတွင် ပြည်ဘက်မှ မောင်းနှင်လာသည့် လိုက်ထရပ် အဖြူရောင်ယာဉ်ကို ရပ်တန့် စစ်ဆေး ခဲ့သည်။ အဆိုပါယာဉ်ပေါ်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်နေ မျိုးနိုင်(၁၆) နှစ်နှင့် ဖိုးကို (၁၄) နှစ်တို့ နှစ်ဦးကို တွေ့ရပြီး ယာဉ်ပေါ်တွင် ပန်းပု(ဆင်ရုပ်)အရွယ်စုံ ရုပ်တု ၂၀ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သောကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ တိုက်ကြီးမြို့မ ရဲစခန်းက (ဝ)၂၂၂/၁၄ပပက ၆(၁) အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၁)

အမည်မှန်

နောင်ချိုမြို့၊ အထက(ခွဲ)၊ ဒုတိယတန်း(ခ)မှ မမေရီဇော်၏အမည်မှန်မှာ မမျှူးအိန္ဒာထွန်းဖြစ်ပါကြောင်း။

မမျှူးအိန္ဒာထွန်း

အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုရေးကူညီမှုအသင်း
ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်သင်းလုံးကျွတ်
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုရေးကူညီမှုအသင်း၏ ပထမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၂ရက်(စနေနေ့) နံနက် ၉း၃၀ နာရီမှစတင်၍ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မွေ့ရုံတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ မိမိတို့ဌာနနှင့် မိတ်ဖက်ဆောင်ရွက်နေသည့်လုပ်ငန်းရှင်ကြီးများအားလုံးအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ)

အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးမင်းသိမ်း ၀၉-၄၃၁၁၇၅၉၃၊ ဒေါ်မြင့်မြင့်သန်း ၀၉-၇၃၁၂၅၈၉၂၊ ဦးသန်းအောင် ၀၉-၄၅၀၀၀၆၈၈၁၊ ဒေါ်ခင်ဝင်း ၀၉-၄၀၀၀၀၀၁၂၀၊ ဦးကျော်ဝင်း ၀၉-၅၀၀၂၄၀၉ သို့ ဆက်သွယ်လှူဒါန်းကြပါရန်။

(နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်)

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ်-၉၅၉/ခ၊ မြေကွက်တည်နေရာအမှတ်(၉၅၉/ခ)၊ နဝရတ်(၉)သွယ်လမ်း၊ ဒဂုံတောင်မြို့နယ်၊ ဦးတင်ငွေ အမည်ပေါက်ပါမြေနှင့်အဆောက်အအုံအား အမည်ပေါက်ဦးတင်ငွေ(TKU-၁၀၀၉၇၇)မှ ပါမစ်ပျောက်ဆုံးကြောင်းရဲစခန်း၊ ရပ်ကွက်ထောက်ခံစာ၊ ကျမ်းကျိန်လွှာဝန်ခံချက်တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇလွန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၉၆)မွေ့ရိုသာကြီးတွင် (၈၅) ကြိမ်မြောက် ဝိပဿနာအလုပ်ပေးရက်(၃၀)တရားစခန်းပွဲကြီး

ဇလွန်မြို့၊ လမ်းတော်မြောက်ရပ်ကွက်၊ ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆)မွေ့ရိုသာကြီးတွင် (၁၃၇၆ခုနှစ်၊ ဝါဆိုလကွယ်နေ့)၂၆-၇-၂၀၁၄ရက်မှ (၁၃၇၆ခုနှစ်၊ တော်သလင်းလဆန်း၁၀ရက်) ၃-၉-၂၀၁၄ရက်အထိ အကြိမ်(၈၅) ကြိမ်မြောက် ဝိပဿနာအလုပ်ပေးရက်(၃၀) တရားစခန်းပွဲကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ရက်(၃၀)တရားစခန်းပွဲကြီး၌ ကမ္မဋ္ဌာနာစရိယ အင်းမြို့ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးသာဂရအရှင်သူမြတ်နှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးဦးကျော်စိန်နှင့် ဆရာဦးမြင့်အောင်တို့မှ ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် နေရာမလပ်ရှူးနည်းသင်ကြားပြသပေးမည်ဖြစ်သောကြောင့် တရားဝင်ရောက်အားထုတ်ကြပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန်မှ လိုက်ပါလိုသော ယောဂီများသည် ဆရာကြီး ဦးကျော်စိန်(၀၁-၅၆၄၄၃၅)ထံသို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာမွေ့ရိုသာအဖွဲ့ခွဲ
အမှတ်(၉၆)၊ ဇလွန်မြို့။

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကျော်ထွန်း(CDC 64667)၏Certificate of Competency as General Operator for GMDSS (Green-Book) စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၁၈၈၀၈

အမည်ပြောင်း

အထက(၅)သာကေတ၊ ပဉ္စမတန်း(အေ)မှ အဖ ဦးအောင်သူရ၏သမီး မယုယအောင်အား မယုယဝတီဟု ပြောင်းလဲခေါ်ဆိုပါရန်။

မယုယဝတီ

ငွေအရင်းအနှီး ၂၅ သိန်း ရှိရုံဖြင့် သင်ကိုယ်ပိုင်စီးပွားဖြစ် လုပ်ငန်းတစ်ခု စတင်နိုင်ပြီဖြစ်သည်။ လက်ရှိအသုံးပြုနေသောဘူမှတ်စက်၊ ကျူ.ထုတ်စက်နှင့် ကွန်ပျူတာဆာများ ရောင်းရန်ရှိသည်။ စက်အသုံးပြုနည်းကိုပါ သင်ကြားပေးမည်ဖြစ်ပြီး customer များနှင့်ပါ မိတ်ဆက်ပေးမည်ဖြစ်သည်။ စိတ်ဝင်စားပါက ဆက်သွယ်ရန်
ဖုန်း-၀၉-၄၃၁ ၉၈၄၅၂

ICDF (Myanmar Branch Office) မှ
ကားနှစ်ချပ်ငှားရန် တင်ဒါခေါ်ယူခြင်း

Toyota Estima (သို့)Toyota Alphard (၂၀၀၄ မော်ဒယ်နှစ်အထက်) ကားနှစ်ချပ်ငှားရန်ရှိသည်။
တင်ဒါပိတ်ရက်-၁၆-၇-၂၀၁၄
ဆက်သွယ်ရန်ဖုန်း-၀၁-၆၅၇၇၇၂၊
၀၉-၂၅၀၂၅၂၀၀







ဖျာပုံတွင် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေး

ဖျာပုံ၊ ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မိုးစပါးစိုက်ပျိုးမည့် တောင်သူများ အခက်အခဲမရှိစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါးစိုက်ပျိုးရာသီအမီ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ ဖျာပုံဘဏ်ခွဲမှာ ချေးငွေပြေကျေပြီးတဲ့ တောင်သူတွေကို ဇွန်လ ၁၇ ရက်ကစတင် ထုတ်ချေးပေးနေပါတယ်။ ဖျာပုံဘဏ်ခွဲမှာ ဖျာပုံမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမယ့် တောင်သူများကို အရင်နှစ်က မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေနှုန်းအတိုင်း တစ်ဧကကို ကျပ်တစ်သိန်းနှုန်းနဲ့ ထုတ်ချေးပေးလျက်ရှိပါတယ်။ ချေးငွေပြန်ဆပ်ဖို့ ကျန်ရှိနေသေးတဲ့တောင်သူတွေကိုလည်း ချေးငွေတွေ ပြန်ဆပ်ပြီး မိုးရာသီချေးငွေထုတ်ယူနိုင်ဖို့လည်း နှိုးဆော်ထားပါတယ်"ဟု ဘဏ်ခွဲမန်နေဂျာ ဒေါ်ခင်စောဝတီမြင့်က ပြောသည်။

"ကျွန်တော်တို့လည်း ဘဏ်ကြွေးလက်ကျန်ကို အမြန်ဆုံးပြန်ဆပ်ချင်ပါတယ်။ ဆပ်ပြီးရင်လည်း ငွေပြန်ထုတ်လို့ ရမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်တော့်ဆီမှာရှိတဲ့ ဆောင်းစပါးက ဈေးကျနေတော့ ရောင်းဖို့စဉ်းစားနေရပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ဖျာပုံမြို့နယ်တွင် ဆန်စပါးတစ်မျိုးတည်းကိုသာ အဓိကထား စိုက်ပျိုးလျက်ရှိပြီး တောင်သူများအနေဖြင့် မိုးစပါးအချိန်မီ စိုက်ပျိုးအောင်မြင်နိုင်ရေးအတွက် ကြိုးစားထွန်ယက်ပြင်ဆင်နေကြကြောင်း သိရသည်။ **သူစာနွယ်(ဖျာပုံ)**

နန့်စီးအောင်ဘူတာနယ်မြေရှိ မီးရထားသံလမ်းများ အားကွန်ကရစ်ဇလီဖားတုံးများဖြင့် ဆောင်ရွက်

နန့်စီးအောင်၊ ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးဒေသ၊ နန့်စီးအောင်ဘူတာနယ်မြေ မီးရထားသံလမ်းများအား ကွန်ကရစ်ဇလီဖားတုံးများဖြင့် ကြံ့ခိုင်မှုရှိစေရန် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇွန် ၂၀ ရက်မှ စတင်ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါ မီးရထားသံလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို မော်လူးမီးရထားဘူတာ လမ်းဗိုလ်လေး ဦးထင်လတ်အောင်က ကြီးကြပ်၍ ကန့်ဘလူမြို့နယ်၊ ဇော်ချောင်းကျေးရွာရှိ မီးရထားသံလမ်း အလုပ်သမားခေါင်း ဦးမောင်ဦးနှင့်အဖွဲ့ဝင် ၁၅ ဦးတို့သည် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မီးရထားသံလမ်း အမှတ်(၁) ကို ဇွန် ၂၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးရထားသံလမ်းများအား တစ်ရက်လျှင် ကွန်ကရစ်ဇလီဖားတုံး ၇၀ တုံးအထိ လဲလှယ်ဆောင်ရွက်ခဲ့ပြီး အမှတ် ၂၊ ၃၊ ၄ လမ်းများကိုလည်း ကြံ့ခိုင်မှုရှိအောင် ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးလဲလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြဇေ)**

အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲကျင်းပ

စစ်ကိုင်း၊ ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီးတွင် တရားရေးဝန်ထမ်းများ၏ အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက မုံရွာမြို့ ကွန်ပျူတာတက္ကသိုလ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းသို့ မုံရွာခရိုင် တရားရုံးဝန်ထမ်းများ၊ ချောင်းဦးမြို့နယ်နှင့် ပုလဲမြို့နယ်တရားရုံးတို့မှ တရားရေးဝန်ထမ်းများ စုစုပေါင်း ၃၄ ဦး တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစန်းကို၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ကျောင်းအုပ်ဆရာကြီးဒေါက်တာမျိုးသိန်းဇော်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ မုံရွာဆရာအတတ်သင်ကောလိပ်မှကျောင်းအုပ်ကြီး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

သာစည်မြို့နယ်တွင် အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်

သာစည်၊ ဇွန် ၂၅

မိတ္ထီလာခရိုင် သာစည်မြို့နယ် ပေါက်တောကျေးရွာအုပ်စု ပေါက်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းတွင် သာစည်မြို့နယ်မှ ပေါက်တောကျေးရွာ၊ သမန်းကန်ကျေးရွာ၊ အင်းရွာကျေးရွာနှင့် ဆင်ဝင်ကျေးရွာ၊ မိတ္ထီလာမြို့နယ်မှ အိုင်ကြီးလည်ကျေးရွာ၊ ဖိုးမိုးကုန်းကျေးရွာနှင့် ရှားပင်ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်မှ ဝါးရုံကျေးရွာနှင့် ပေါက်တန်းကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၅၂၀ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ဇွန် ၂၁ ရက် နံနက် ၉နာရီခွဲတွင် ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေနှင့်မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးမြင့်တို့က ဖွင့်လှစ်ပေးခဲ့ သည်။

အဆိုပါကျောင်းအဆင့်မြှင့်တင်ခြင်းအခမ်းအနားကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများ၊မြို့နယ်ဖွံ့ဖြိုးထောက် ဥက္ကဋ္ဌ ဦးသူရနှင့် အဖွဲ့ဝင်များ၊ကျောင်းသားမိဘများ၊ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြောင်းသိရသည်။ **ထွန်းထွန်း(သာစည်)**

မန္တလေးတွင်ကျန်းမာရေးအသိပေးသည့် ရွှေမိုးပွင့်အေး ကျန်းမာရေးစင်တာဖွင့်

မန္တလေး၊ ဇွန် ၂၅

ကျန်းမာရေးအသိပေးသည့် ရွှေမိုးပွင့်အေး ကျန်းမာရေးစင်တာကို ဇွန် ၂၁ ရက်နံနက်၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါ ရပ်ကွက် ၇၄ လမ်းနှင့် ၇၅လမ်း ကြား ၃၂ လမ်းနှင့် ၃၃လမ်းကြား အမှတ် ၂၀၂/က တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ကျန်းမာရေးအသိပေးသည့် အမေရိကန်၊ဂျပန်၊ဂျာမနီ နိုင်ငံတို့မှ နောက်ဆုံးပေါ် ခေတ်မီ စက်ကြီးများဖြင့်သွေးဖောက်စရာမလို၊ ဓာတ်ရောင်ခြည်မဖြတ်သန်းဘဲ မိနစ်ပိုင်းအတွင်း ခန္ဓာကိုယ်မှ ရောဂါဖြစ်နိုင်ခြေများကို ကြိုတင်သိရှိနိုင်ပြီး ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ရေးတို့ ပြုလုပ်နိုင်သည်။

ကျန်းမာရေးစင်တာမှ ဦးနှောက်ပိုင်းဆိုင်ရာရောဂါများ၊ အာရုံကြောဆိုင်ရာရောဂါများ၊ နှလုံးအားနည်းခြင်း၊ မောခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အသည်းနှင့်ဆိုင်သောရောဂါများ၊ ကျောက်ကပ်နှင့်ဆိုင်သောရောဂါများ၊ အစာအိမ်အူလမ်းကြောင်း ဆိုင်ရာရောဂါများ၊ အရိုးပွ၊ ကျီးပေါင်းတက်၊ အရိုးအဆစ်ဆိုင်ရာရောဂါများ၊ ဆီးချို၊ သွေးချို၊ လေဖြတ်ဝေဒနာရှင်များ၊ သွေးကြောဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါဖြစ်နိုင်ခြေများကို သက်သာပျောက်ကင်းအောင် အကောင်းဆုံးဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ထန်တလန်)ရှိ ကျောင်းသားများ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းမှ ဆုများရရှိ

နေပြည်တော် ဇွန် ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ထန်တလန်)မှ ကျောင်းသား(၄၅)ဦးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်ကကျင်းပသည့် (၃၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအား ဝင်ရောက်ဖြေဆိုခဲ့ရာ အခြေခံအဘိဓမ္မာသင်တန်းတွင် မောင်ဇေယျာမြင့်(နဝမတန်း)က ပထမဆု၊ မောင်ထန်းကီးတမ်(တက္ကသိုလ်ဝင်တန်း)က ဒုတိယဆု၊ မောင်ဖြိုးသက်အောင်(နဝမတန်း)က တတိယဆုကိုလည်းကောင်း၊ ဗုဒ္ဓဘာသာမြန်မာစာသင်တန်းတွင် မောင်အောင်မျိုးဝေ(အဋ္ဌမတန်း)က ပထမဆု၊ မောင်ဟာကီး(သတ္တမတန်း)က ဒုတိယဆု၊ မောင်ဟာရှိန်းလိန်း(သတ္တမတန်း)က တတိယဆုကိုလည်းကောင်း၊ ယဉ်ကျေးမှုကျင့်ဝတ်သင်တန်းတွင် မောင်ဟာရှယ် (ဆဋ္ဌမတန်း)က ပထမဆု၊ မောင်ငြိမ်းချမ်းဦး (ဆဋ္ဌမတန်း)က တတိယဆုကိုလည်းကောင်း ဆုများအသီးသီးရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၅၄၉၊ မြေကွက်တည်နေရာအမှတ်(၄၆)၊ နဝဒေးလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးထွန်းစိန်[၁၂/ဒပန(နိုင်)၀၄၄၀၇၁] အမည် ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းစိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်နူရ်ဂျန်ဘီ[၁၂/ဒပန(နိုင်)၀၄၀၀၉၃]မှ တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင် ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ သားသမီးများဖြစ်ကြသော (၁)ဦးလှထွန်း[၁၂/ဒပန(နိုင်)၀၄၀၅၃၁]၊ (၂)ဦးစိုးမိုးလှိုင်[၁၂/ဒပန(နိုင်)၀၄၀၅၉၁]၊ (၃)ဒေါ်လှလှဝင်း[၁၂/ဒပန(နိုင်)၀၄၀၅၄၀]၊ (၄)ဒေါ်လှကြည်[၁၂/ဒပန(နိုင်)၀၄၀၅၃၂]တို့မှ မိခင်ဒေါ်နူရ်ဂျန်ဘီ၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား သိရှိကြောင်းနှင့်သဘောတူညီကြောင်း ကျမ်းကျိန်လွှာ-၉၂၆၂/ ၂၀၁၃တင်ပြလာသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အတွေးအမြင်ဆောင်းပါး

အားလုံးကောင်းပါသည်. . သို့သော်. . .

à ulk(au;mufe;awmif)

လွန်ခဲ့သည့် ဇွန်လတတိယပတ်ထဲတွင် မိမိဌာန တိုင်းဒေသကြီးရုံးသို့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသွားရပါသည်။ အစည်းဝေးမှာ ခရိုင်အလိုက်၊ မြို့နယ်အလိုက် မိမိတို့လုပ်ငန်း ဆောင်ရွက်ချက်နှင့် လိုအပ်ချက်များကိုတင်ပြခြင်း၊ တိုင်းဦးစီးမှူးက လုပ်ငန်းဆိုင်ရာကိစ္စများ ရှင်းလင်းမှာကြားခြင်းတို့ဖြင့် အစည်းအဝေးပြီးဆုံးချိန်တွင် အချိန်မှာ ညနေ ၅ နာရီခွဲရှိနေပြီ။ မိမိပြန်ရမည့်ခရီးမှာ ယာဉ်လိုင်းရှားပါးမှုမရှိသော်လည်း ခရီးအတန်ငယ်ဝေးသဖြင့် နေရာအခက်အခဲဖြစ်မှာ၊ နေရာမရမှာစိုးရသည်။ သို့ဖြစ်၍ နီးရာဂိတ်မှ ဆိုင်ကယ်ကယ်ရီငှားကာ ဒရောသောပါး ပြေးရသည်။ အရေးထဲ ကွဲဆည်ကန်ကားကွင်းမရောက်ခင် မိုးကသဲသဲမဲမဲ ရွာချလိုက်ရာ တစ်ကိုယ်လုံး စိုစို့ရွှဲရွှဲဖြင့်ပင် ကားကွင်းသို့ရောက်ခဲ့ရပြီး ကယ်ရီဆရာ၏ ကောင်းမှုဖြင့် မော်တော်ယာဉ်ခ ပုံမှန်ထက်ဈေးပိုပေးရသည့် နောက်ဆုံးပေါ်ကား အကောင်းစားကြီးရပ်ထားသည့် ဂိတ်သို့ရောက်ရှိခဲ့ပါသည်။

Express ကားကြီးမှာ အတော်ပင်သစ်လွင်လှပပါသည်။ ဂိတ်ကောင်တာတွင် တာဝန်ကျသည့် စာရေးမငယ်လေးများမှာလည်း သွက်လက်ချက်ချာ၍ အင်မတန် ဖော်ရွေ ပျူငှာကြပါသည်။ ဖော်ရွေခြင်းမရှိသည်မှာ အဆိုပါလုံမငယ်လေးများလက်မှ ကမ်းလာသည့် မော်တော်ကားလက်မှတ် ဖြစ်ပါသည်။ မော်တော်ကားခမှာ မိမိမြို့နှင့် မန္တလေးခရီးစဉ်အတွက် လေအိပ်ကားဟုခေါ်သည့် မည်သည့် Express ကားပင်စီးစီး ပုံမှန်ကားခမှာ ငွေကျပ် ၅၀၀၀ ဖြစ်သော်လည်း ယခုကားမှာ ပုံမှန်ထက်ငွေကျပ် ၁၅၀၀ ပိုပေးရသည့်အပြင် အသက်အာမခံအဖြစ် ငွေကျပ် ၃၀၀ ထပ်ဆောင်းကာ ပေးလိုက်ရသေးသည်။ ရှိစေတော့ ကားအသစ်စက်စက်ကြီးမို့ ဝန်ဆောင်မှုစရိတ်စကများသဖြင့် ပိုပေးရသလို၊ အသက်အာမခံဆိုသည့် ကိစ္စမှာလည်း ပူပူနွေးနွေး အဝေးပြေးလမ်း ယဉ်ကျေးမှုအဖြစ်ပဲ ရှိစေတော့ဟု သဘောထားလိုက်ရသည်။ ငွေကအရေးမကြီး။ လမ်းခရီးတွင် အန္တရာယ်ကင်းဖို့က အရေးကြီးသည် မဟုတ်ပါလား။

မိမိရောက်ရှိချိန်နှင့် ယာဉ်ထွက်ခွာမည့်အချိန်မှာ တစ်နာရီခွဲခန့်ကွာဟနေသဖြင့် စိုရွှဲနေသည့် မိမိအဝတ်အစားများကိုပြကာ ဂိတ်တာဝန်ခံဟုထင်ရသူထံ မျက်နှာချိုသွေး၍ ရေချိုးခွင့်လေး တောင်းလိုက်ပါသည်။ အင်မတန်သဘောကောင်း၍ နားလည်မှုရှိဟန်တူသော ထိုပုဂ္ဂိုလ်က ပြုံးပြုံးလေးပင် ခေါင်းညိတ်၍ ရေချိုးခွင့်ပြုပါသည်။ မိမိလည်း အခြားသူမရှိခင် ကပျာကယာပင် အဝတ်အိတ်များကို ရေချိုးခန်းအတွင်းယူကာ ရေစိုအဝတ်များကိုချွတ်၍ ရေချိုးရန်ပြင်လိုက်ချိန်မှာ နှစ်ပေခန့်ကျယ်၍ လေးပေခန့်နက်သော ရေကန်အတွင်းတွင်ရှိသောရေမှာ အောက်ခြေလေးလက်မခန့်သာရှိပါသည်။ မိမိလည်း အဝတ်အိတ်အတွင်းမှ ခြောက်နေသော အဝတ်များကိုလဲဝတ်ပြီး ခြေထောက်ရေဆေးကာ ပြန်ထွက်လာခဲ့ပြီး စိတ်ပျက်လက်ပျက်ဖြင့် ညနေစာစားရန် အပြင်ထွက်ခဲ့ပါသည်။

ညနေ ၇ နာရီတိတိတွင် ကားထွက်ခွာမည်ဖြစ်ကြောင်း

မိမိမျှော်လင့်ထားသည့် စကားနှင့်အပြုအမူ. . .

ကားလက်မှတ်တွင် ရှင်းရှင်းလင်းလင်း ရေးသားထားသော်လည်း လူမစုံသဖြင့်မထွက်နိုင်ပါ။ နောက်ကျသည့်လူကို အပြစ်တင်ရမည်လား၊ အချိန်နောက်ကျခံ၍ စောင့်ဖော်ရသည့်ကားကို အပြစ်တင်ရမည်လားမသိပါ။ မိုးမိထားသည့်ခန္ဓာကိုယ်ဖြင့် ကားပေါ်မှဖွင့်ထားသည့် အဲယားကွန်း၏ အောက်တွင် သည်းခံကာထိုင်နေရပါသည်။ ကားမထွက်သေးသဖြင့် အပေါ့အပါးသွားရန် မိမိလက်မှတ်ဝယ်သည့် ဂိတ်သို့ပြန်ဝင်ခဲ့ရာ ရှေ့တွင်ရပ်ထားသည့် ကားအဆင့်နှင့်မထိုက်တန်သော ယူထားသည့် ကားခ၏တန်ဖိုးနှင့်မလျော်ညီသော သန့်စင်ခန်းအတွင်းဝင်လိုက်မိရာ အတော်ပင်စိတ်ပျက်သွားမိပြီး ကိစ္စအမြန်ပြီးအောင်လုပ်၍ ပြန်ပြေးခဲ့ရပါသည်။ မော်တော်ယာဉ်ပေါ်ရောက်ချိန်တွင် ထူးထူးဆန်းဆန်းပင် အမျိုးသားယာဉ်နောက်လိုက်မဟုတ်ဘဲ၊ အမျိုးသမီး ယာဉ်နောက်လိုက်တစ်ဦး ယူနီဖောင်းဝတ်ဖြင့် တာဝန်ထမ်းဆောင်နေသည်ကို တွေ့မြင်ရပါသည်။

ယဉ်ကျေးပျူငှာစွာဖြင့်ပင် ခရီးသည်များ၏ အမည်၊ နိုင်ငံသားအမှတ်တို့ကို လိုက်လံမှတ်သားခြင်း၊ လိုအပ်သည့်ရေသန့်ဘူး၊ ပလတ်စတစ်အိတ်များ ဝေငှပေးခြင်းအပြင် ထိုင်ခုံများကို သက်တောင့်သက်သာဖြစ်အောင်ကိုယ်တိုင်လိုက်၍ အတင်အချပြုလုပ်ပေးနေသည်ကို စိတ်ဝင်စားဖွယ်တွေ့မြင်ရပေသည်။ သို့သော် မိမိမြို့သို့ပြန်လည်ရောက်ရှိသည့်တိုင် မိမိမျှော်လင့်ထားသည့် စကားနှင့်အပြုအမူများ လုပ်ဆောင်ပြခြင်းမရှိခဲ့သည်ကို မိမိစိတ်တွင် ဘဝင်မကျ ဖြစ်နေမိပါသည်။

ယနေ့အချိန်အခါတွင် အမြန်လမ်းနှင့်သက်ဆိုင်သည့် ယာဉ်များနှင့် ခရီးသည်တင် အဝေးပြေးယာဉ်တိုင်းအား သက်ဆိုင်ရာတာဝန်ရှိသူများ အစုအဖွဲ့ဖြင့် ယာဉ်၏ကြံ့ခိုင်မှု၊ အသုံးပြုနေသည့် တာယာကောင်း၊ မကောင်း၊ အရေးပေါ်ထွက်ပေါက်အသုံးပြု၍ရ-မရ၊ မှန်ခွဲရန်တူ၊ ပုဆိန်ပါ-မပါ၊ မီးသတ်ဆေးဘူးပါ-မပါ စသည်ဖြင့် မိမိတို့မြို့နယ်အလိုက်၊ လမ်းအလိုက် ပုံမှန်စစ်ဆေးမှုများ၊ ရှောင်တခင်စစ်ဆေးမှုများကို ခရီးသွားပြည်သူများ၏ အသက် အိုးအိမ် စည်းစိမ် လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိနေသည့်ကာလဖြစ်ရာ၊ အဆိုပါခရီးသည်တင် အဝေးပြေးယာဉ်များအနေဖြင့်လည်း မိမိတို့ယာဉ်ပေါ်တွင်ပါရှိသည့် ခရီးသည်များ၏ အသက်အန္တရာယ်လုံခြုံရေးကို မိမိတို့တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ခရီးသည်များကပါ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်နှင့် မိမိတို့ယာဉ်ပေါ်တွင်ပါရှိသည့် အသက်ကယ်ပစ္စည်းများ၏ အသုံးဝင်ပုံနှင့် အသုံးပြုနည်းများကို မိမိတို့ကိုယ်တိုင် အမှန်တကယ်နားလည် သိရှိထားရမည့်အပြင် ခရီးသည်များကိုလည်း အသိပညာ ဖြန့်ဝေပြောပြရန်လိုအပ်မည်ဟု ထင်ပါသည်။

ယခုတော့ ကားကြီးကအဆင့်အတန်းမြင့်ပါသည်။ အတွင်းပိုင်းအပြင်အဆင်ကလည်း ကောင်းလှပါသည်။ တာဝန်ယူလိုက်ပါလာသည့် မော်တော် ယာဉ်မယ်လေးကလည်း ယဉ်ကျေးပျူငှာပါသည်။ သို့သော်. . . . .

မြင်းခြံတွင် မူခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

မြင်းခြံ၊ ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမတွင် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်က မှုခင်းကျဆင်းရေးအကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလေးနိုင်က ဆိုင်ကယ်စီးသူများ လိုက်နာရန် အချက်များ၊ ဒုတိယခရိုင် ဥပဒေအရာရှိ ဒေါ်ခင်အုန်းမြင့်က မှုခင်းဖြစ်ရပ်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်နိုင်က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ အိအိဝင်းက မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူး ခင်မောင်ချိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့် အချက်များကို ရှင်းလင်းဟောပြောခဲ့သည်။

အခမ်းအနားသို့ ခရိုင်ပညာရေးမှူး ဦးတင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဘသစ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏ လစဉ်ဝိပဿနာတရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘညာဏ်လမ်း၊ အမှတ်-၈၈၈၊ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်၊ ကမ္မဋ္ဌာနာစရိယချုပ်ဆရာကြီးဦးသန်း၏ တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ်ဝိပဿနာခုနစ်ရက်တရားစခန်းကို ၁-၇-၂၀၁၄ရက်မှ ၉-၇-၂၀၁၄ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်
(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၃၉)အထူး၊ ၁၇၆-ဂိတ်ဆုံး။

ကန့်ကွက်နိုင်ပါသည်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကွင်းအမှတ်(၁၁၈၄/က)၊ ကွင်းအမည်(ထောင်ဝိမြောက်ကွင်း) အတွင်းရှိ ဦးပိုင်အမှတ်(၁၀/၂)၊ဧရိယာ(၀. ၄၁)ဧက အကျယ်အဝန်းရှိ လန-၃၉ရပြီး မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်မှ အမှတ်(၁၀/၂)+(၁၁/၂)၊ ရွှေကင်း(၂)လမ်း၊ (၈)ရပ်ကွက်၊ ဘားအံမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဘားအံမြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဦးကြည်စိုး[၃/လဘန(နိုင်)၀၀၅၁၄၄] အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ အဆိုပါ အိမ်ခြံမြေကို ဦးကြည်စိုးထံမှဦးမင်းအောင်[၁၂/အစန(နိုင်)၁၀၅၆၄၈]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ(**LL.B**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ကွင်းအမှတ်(၅၀)၊ ကွင်းအမည်-ဗိုလ်ကုန်းအရှေ့ပိုင်း၊ ဦးပိုင်အမှတ်-၁၂/က(၁၉၈၆-ခုနှစ်)၊ မြေကွက်အမှတ်(၆၁)၊ ဧရိယာ(၀. ၇၀၃)ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်သည် ကလောမြို့နယ်၊ မြေစာရင်းဦးစီးဌာနတွင် ဒေါ်မာလာသော်(ဘ) ဦးချစ်ထွန်း[၁၃/ကလန(နိုင်)၀၁၀၇၂၀]အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဒေါ်မာလာသော်ထံမှ ဦးမင်းအောင်[၁၂/ အစန(နိုင်)၁၀၅၆၄၈]က အဆိုပါမြေကွက်ကို ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ(**LL.B**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်(ရွှေသောင်ယံမြို့နယ်ခွဲ)၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၉၉၀၊ ချောင်းသာ၊ ဦးပိုင်အမှတ်(C-၃၆)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် အဆိုပါမြေကွက်အပေါ်မှ အမှတ်(၅/၄) ကြံ့ခိုင်ရေး လမ်း၊ ချောင်းသာကျေးရွာအုပ်စု၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ပုသိမ်မြို့ဟုခေါ်တွင်သော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ပုသိမ်ခရိုင်မြေစာရင်းဦးစီးဌာနတွင် ဦးစိန်မင်း [၇/တငန(နိုင်)၀၉၃၉၆၈]အမည်ဖြင့်မှတ်သားတည်ရှိနေပါသည်။ ဦးစိန်မင်းထံမှ တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားရှိသူ ဦးလှဖေ[၁၂/ကတတ(နိုင်)၀၂၀၅၆၃]+ဒေါ်ရီလေး[၁၂/ကတတ(နိုင်) ၀၂၀၅၆၄]တို့ထံမှ ဦးအောင်ကိုဝင်း[၆/ ကသန(နိုင်)၀၄၀၂၈၈]+ဦးဝင်းသူနိုင်[၆/ကသန(နိုင်)၀၆၄၁ ၄၀] တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာ ပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့် မြောက်၍ ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ (**LL.B**)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ အကွက်အမှတ်(၂၈)၊ ဦးပိုင်အမှတ်(၄၄)၊ မြေကွက်အမှတ်(၅၇)၊ အကျယ်အဝန်း(၂. ၂၁၅)ဧကရှိ မြေကွက်နှင့်အဆိုပါမြေကွက်ပေါ်မှ မြေကွက်အမှတ်(၅၇)၊ ပြည်ထောင်စုလမ်းမကြီး၊ ဟိန်ဓမ္မရပ်ကွက်၊ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းဟု ခေါ်တွင်သောမြေကွက်နှင့်ပတ်သက်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဖယ်ခုံမြို့နယ် မြေစာရင်းဦးစီးဌာနတွင် ဒေါ်သီတာလွင်[၁၂/ဗဟန(နိုင်)၀၅၂၅၈၆] အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ အဆိုပါမြေကွက်ကို ဒေါ်သီတာလွင်ထံမှ ဦးမင်းအောင် [၁၂/အစန(နိုင်)၁၀၅၆၄၈]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ(**LL.B**)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ ကွင်းအမှတ်(၂၀)၊ ကွင်းအမည်-ဝင်းရပ်၊ ညောင်ရွှေမြို့၊ဦးပိုင်အမှတ်-၄၀-၁(၁၉၈၉-ခုနှစ်)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၂/၄၀-၁)၊ ဧရိယာ(၀. ၁၁၀)ဧက၊ (၄၇၉၂)စတုရန်းပေရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်မှ အမှတ်(၃၆)၊ (၁၈)လမ်း၊ ဝင်း(၂)ရပ်ကွက်၊ ညောင်ရွှေမြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ညောင်ရွှေမြို့နယ် မြေစာရင်းဦးစီးဌာနတွင် ဒေါ်ညိုညိုအမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဒေါ်ညိုညိုမှာ ၂၁-၅-၂၀၁၃ ရက်က ကွယ်လွန်သွား၍ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးကျော်မြင့်(ဘ)ဦးစိန်[၁၃/ညရန(နိုင်)၀၀၅၂၂၂]က မြန်မာ့ဝေလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ထို့ကြောင့်အဆိုပါ အိမ်ခြံမြေကို လက်ရှိပိုင်ဆိုင်ထားရှိသူ ဦးကျော်မြင့်ထံမှ ဦးမင်းအောင်[၁၂/အစန(နိုင်)၁၀၅၆၄၈]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ(**LL.B**)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၈၁၈၂၀

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ကျွန်းဖိုပင်ရွာ၊ ဆားလင်းကြီးမြို့နယ်၊ မုံရွာမြို့နေ ဦးမျိုးညွန့်-ဒေါ်သန်းမြင့်ကြည်တို့၏သမီး **မတွယ်တာထွန်း**(မမ-၅၁၅)သည် **(မြန်မာစာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) (၅)ဘာသာဂုဏ်ထူးဖြင့်** ၂၀၁၃-၂၀၁၄တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးကို လင်းထက်လေ့ကျင့်ရေးဘော်ဒါမှ ထူးချွန်စွာ အောင်မြင်ခဲ့သဖြင့် မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

လင်းထက်လေ့ကျင့်ရေးဘော်ဒါ(ပြင်ဦးလွင်)

ဘော်ဒါအုပ်နှင့်ဆရာ/ဆရာမများ

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက(၄)၊ ဆဋ္ဌမတန်း(A)မှ မဆိုင်းဆန့်မိုင်၏ဖခင်အမည်မှန်မှာ ဦးဟောင်းလွမ်းဖြစ်ပါသည်။

အမည်ပြောင်း

ဦးဆောမြင့်၏သမီး၊ ဝိုင်းမော်မြို့၊ အထက(၂)၊ နဝမတန်း(D)မှ မခေါ်လွိုင်းအား မအေးသီရိမွန်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

မိုးညှင်းမြို့၊ ရှမ်းစုရပ်ကွက်မှ မချစ်ပိုးဖြူ[၁/မညန(နိုင်)၁၇၂၃၂၉]အား မသွန်းလင်းလက်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

ပညာရေးဝန်ကြီးဌာန

National Management College (NMC)

FINANCIAL SERVICES နှင့် BUSINESS MANAGEMENT

... STI Education ...

Certificate ...

(က) Certificate in Financial Services (CFS)

(ခ) Certificate in Business Management (CBM)

၂။ ... Certificate ... Diploma, Advanced Diploma ... The Open University of Hong Kong နှင့် ... Bachelor of Business Administration/ Finance and Banking (BBA) ... BBA ...

... BBA ...

... (STI Education)

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက-စီတာပူ၊ နဝမတန်း(A)မှ မဂျာဒွဲဘူ၏ဖခင်အမည်မှန်မှာ ဦးဂွမ်ခေါင်ဇော်ဂျာဖြစ်ပါသည်။

အမည်ပြောင်း

ဦးကျော်မိုးမြင့်၏သမီး၊ မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(C_1)မှ မကဲကဲမေကျော်အား မနန်းခင်ရတနာဗိုဟု ပြောင်းလဲခေါ်ပါရန်။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ အထက(၃)တပ်နယ်(ယခင် အထက-ခွဲ၊ တပ်နယ်)မှ ၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာနှုန်း ၃၈. ၄၆ရာနှုန်းဖြင့် ရခိုင်ပြည်နယ်၌ တတိယရရှိအောင် ခြောက်ဦးတည်းဖြင့် သင်ကြားပေးသော ဆရာ ဦးထင်အောင်ကျော်၊ ဆရာမ ဒေါ်မြင့်မြင့်ကျော်၊ ဒေါ်တင်ဇာဇာအုန်း၊ ဒေါ်သင်းသင်းနွယ်၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်အိမြတ်စု အောင်နှင့် စခန်းသွင်းလေ့ကျင့်ပေးကြသော လယ်/မူပြ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးဆောင်လူကြီးများအား ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ကျောင်းသားမိဘများ(တောင်ကုတ်မြို့)

HTET OO MARITIME TRAINING INSTITUTE

... Whole Package

... BST နှင့် Pre-Sea ...

CDC / Passport ...

၁။ BST (4 Tickets) - (... နှင့် Coffee ...)

၂။ Tanker Familiarization Course (T.F) - (... နှင့် Coffee ...) (Oil, Chemical)

၃။ Pre-sea Course (Deck , Engine) - (Onboard Excursion) ...

Ph: 09 250278274, 01-544562

Ph: 09 421154222

EPS TOPIK

Ph: 0973040610, 098770096

EVER TOP

SIS Education Services

Contact Phone: 09421008412

Diploma in TESOL 3rd Batch

SIS Education Services နှင့် London Teacher Training College ... Diploma ... London Teacher Training College (UK) ... Diploma in TESOL ... London Teacher Training College ... Certificate in TESOL Training ... IELTS ... Teacher Trainer ... B.A(Eng); Dip-ELTM, M.A(EFL) ...

မြေကွက်ဝယ်လိုသည်

မြေကွက်များဝယ်လိုသည်။

09 250644566

09 255781353

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၀)ရပ်ကွက်၊ အမှတ်(၂၄၃၈) ဟုခေါ်တွင်သော (အလျား၄၀'× အနံ ၆၀') အကျယ်အဝန်းရှိ မြေချပါမစ်မြေအား မူလအမည်ပေါက်ပိုင်ရှင်ထံမှ အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ရန်ဝူးတန်[၁၃/မဆတ(နိုင်)၀၃၃၀၄၀]ထံမှ ကျွန်တော် ဦးထွန်းကိုကို[၁၂/ကမရ(နိုင်)၀၁၄၂၇၅]မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းကိုကို[၁၂/ကမရ(နိုင်)၀၁၄၂၇၅]
၁၀၆(က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၁၂၇၉၊ ၀၉-၂၅၄၂၀၆၂၉၈၊
၀၉-၅၁၂၆၆၇၂

သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပူဇော်ပွဲနှင့် အသင်းသားစုံညီ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၈၈)ကြိမ်မြောက် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူပူဇော်ပွဲနှင့် အသင်းသားစုံညီ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အမှုဆောင်၊ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာပေးပို့မည်မဟုတ်ပါ)

အစီအစဉ်

နေ့ရက်	- ၂၉-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)
အချိန်	- နံနက် ၉နာရီ
နေရာ	- အမှတ်(၈၉)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

အမှုဆောင်အဖွဲ့

ပရိယတ္တိသာသနာနုဂ္ဂဟ၊ ရန်ကုန်ဆန်လှူအသင်းကြီး။ ဖုန်း-၀၁-၅၃၇၉၂၈၊ ၀၁-၅၃၆၂၃၅၊ ၀၁-၅၂၃၆၉၄

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောက်စိမ်းတွင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် ရန်ကုန်ရောက် ကချင်ပြည်နယ်သူ/သားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ သင်္ကန်းတစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။(ပြည်နယ်ထမင်းဟင်းလျာဖြင့် ဧည့်ခံပါမည်။)

(၁) ဦးစောနွဲ့သန်းစိန် ဖုန်း-၃၇၅၄၂၁၊ ၀၉-၅၀၉၉၁၁၆၊ (၂) ဒေါ်ဘေဘီ ဖုန်း-၅၇၇၈၁၂၊ ၀၉-၅၁၇၃၃၇၈၊ (၃)ဦးတင်မောင်ဝင်း ဖုန်း-၃၈၃၀၃၁၊ (၄) ဒေါ်တင်တင်ညွန့် ဖုန်း-၅၅၅၅၂၉၊ (၅) ဒေါ်ခင်မကြီး ဖုန်း-၃၇၁၁၉၇၊ (၆)ဒေါက်တာအေးအေးစူး ဖုန်း-၃၉၂၈၈၅၊ (၇)ဒေါက်တာခင်ညိုညို ဖုန်း-၀၉-၂၅၀၀၈၂၂၉၉၊ (၈)ဒေါ်ကြည်ကြည်ဆွေ ဖုန်း-၀၉-၅၁၆၆၂၄၈၊ (၉)ဒေါ်ညိုမာသွယ် ဖုန်း-၀၉-၅၀၂၁၈၁၅၊ (၁၀)ဒေါ်နုနုယဉ် ဖုန်း-၀၉-၃၀၁၉၁၉၈၉၊ (၁၁)ဒေါ်လှလှချိန် ဖုန်း-၀၉-၅၀၇၇၉၂၃၊ (၁၂)ဒေါ်ကြည်ကြည်နိုင် ဖုန်း-၀၉-၃၃၂၁၅၃၄၃

အမှုဆောင်အဖွဲ့

အမည်ပြောင်း

အထက(၆)အလုံ၊ တတိယတန်း(A)မှ (ဘ)ဦးခင်မောင်ထွေး၏ သား မောင်ဇင်မင်းနိုင်အား မောင်နေဇင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

အဖ ဦးပေါ်ဦး၏သမီး အထက ဆီမီးကန် အဌမတန်း(A)မှ မဆုပြည့်ဟန်အား မရွှန်းလဲ့မိုးဦးဟု ပြောင်းလဲခေါ်ပါရန်။

မရွှန်းလဲ့မိုးဦး

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ပိန်းကန်ကျေးရွာ အထက၊ နဝမတန်းမှ မောင်အေးဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်စိန် [၁၂/ဒဂတ(နိုင်)၀၀၇၂၉၂] ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့ အခြေခံအမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း(၃/၂၀၁၄) ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	- ၇-၇-၂၀၁၄ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ	- အမှတ်(၅)၊ သာလွှာဝတီလမ်း၊ (၇)မိုင်၊ ပုလင်းဖုံးစက်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်။
သင်တန်းအချိန်	- နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီထိ (တနင်္လာ မှ သောကြာ)
သင်တန်းကာလ	- (၂)လ
လက်ခံမည့်သင်တန်းသူဦးရေ	- (၂၀)ဦး (အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၃၀-၆-၂၀၁၄ရက်
လျှောက်လွှာတင်ရန်နောက်ဆုံးရက်	- ၄-၇-၂၀၁၄ရက်
လျှောက်လွှာတင်ရမည့်နေရာ	- အမှတ်(၅)၊ သာလွှာဝတီလမ်း၊ (၇)မိုင် ပုလင်းဖုံးစက်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်။
ဆက်သွယ်ရန်ဖုန်း	- ၃၇၉၂၃၁၊ ၀၉-၅၀၁၄၃၁၉

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ရှိ ဒေါ်မီမီခိုင်[၁၂/ဒဂန(နိုင်)၀၁၉၉၇၈]ပိုင် မြေကွက်အမှတ်(၃၀)အား ဦးတင်မျိုးအောင်[၉/မနမ(နိုင်)၀၄၈၆၆၀]ဆိုသူ တစ်ဦးတည်းကိုသာရောင်းချထားကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ရှိကွင်းအမှတ်မင်းတံတား/လျှပ်စစ်နောက်ကျော၊ မြေကွက်နံပါတ် (၃၀)၊ ဧရိယာ(၀. ၀၅၆)သည် ၁၉၉၃ခုနှစ်၊ ဇူလိုင်လ ၂၂ရက် ကဒေါ်မီမီခိုင်အမည်ပေါက်ရရှိသော မြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ကိုပိုင်ရှင်ဒေါ်မီမီခိုင်က ဦးတင်မျိုးအောင် တစ်ဦးတည်းကိုသာလွှဲပြောင်းရောင်းချထားပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မီမီခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးအောင်(၆၉၁၄) B.A,R.L.D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ငုဝါလမ်း၊ ၅၁နာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၀၂၆၀၇

၁၂-၆-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာတွင် ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးရဲလွင်၏ ညွှန်ကြားချက်အရ ဦးကျော်ရင် (တရားလွှတ်တော်ရှေ့နေ)မှ သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်းအား တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာအောင်[၇/ပခန(နိုင်)၁၀၉၇၁၉]အမှတ်(၆၇)၊ ဗိုင်း/မြောက်(၄)လမ်း၊ ပဲခူးမြို့၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း၏ ကြေညာချက်အား တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်သူဇာအောင်၏ မောင်ဖြစ်သူ ကိုထွန်းမင်းမင်းသည် ဂျပန်နိုင်ငံတွင် အထွေထွေလုပ်သားအဖြစ် လုပ်ကိုင်ရန် လူကြီးမင်း၏ ရွှေလွင်လွင်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်၏ ဆက်သွယ်ဆောင်ရွက်ပေးမှုအတွက် ကျသင့်သော ဝန်ဆောင်ခများကို အရစ်ကျ ငွေပေးချေသည့်စာချုပ်များဖြင့် ပေးချေခဲ့ပြီးဖြစ်၍ လူကြီးမင်း၏ကုမ္ပဏီမှ ကိုထွန်းမင်းမင်းကို ဂျပန်နိုင်ငံသို့စေလွှတ်ခဲ့ခြင်းသာဖြစ်ပါသည်။လူကြီးမင်း၏ကြေညာချက်တွင် ဖော်ပြခဲ့သည့် အမှတ်စဉ်-၆တွင် ကိုထွန်းမင်းမင်း ဂျပန်နိုင်ငံသွားရန် အာမခံငွေကျပ်သိန်း(၂၀၀)ကို ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်သူဇာအောင်နှင့်ဖခင်ဖြစ်သူ ဦးမောင်ချိုတို့မှ ဝန်ခံကတိပြုစာချုပ်ချုပ်ဆိုထားခြင်းမရှိဘဲ ဖော်ပြကြေညာခြင်းမှာ မမှန်မကန်ကြေညာခြင်းဖြစ်ပါသည်။ ထို့တွက်ကြောင့် လူကြီးမင်း၏ ကြေညာချက်ပါ အာမခံငွေများနှင့်ပတ်သက်၍ ပေးလျော်ရန် လက်မှတ်ရေးထိုးခြင်း၊ ကတိပြုထားခြင်းတို့မရှိသည့်အတွက် လူကြီးမင်းတို့ကုမ္ပဏီမှ တရားစွဲဆိုအရေးယူမည်ဆိုပါက တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း အသိပေးတုံ့ပြန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချမ်းမြေ့လင်း(LL.B)	**ဦးကျော်စွာမြင့် (LL.B,D.B.L)**
စဉ်-၂၇၂၆၀	**စဉ်-၃၈၇၇၀**

အထက်တန်းရှေ့နေများ

အမှတ်-၈၃/၇၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၄၈၀၀၄၈၁၂၊ ၀၉-၄၅၀၀၂၇၇၄၆၊ ၀၁-၃၈၅၂၀၅

အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်ကျွမ်းဝင်သော မောင်ပြည့်ဖြိုးနိုင်(ခ)ဂိုးသား

အသက် (၄ လ နှင့် ၁ ရက်)

[illegible] (Naing New Generation Trading Co.,Ltd) [illegible]

Yoon Iron Steel Trading Co.,Ltd

[illegible]

၁၃-၁၁-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၂၀-၃-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာပါ ဒေါ်ခင်အေးသိန်း၊ဦးခွက်ကြီး(ခ)ဦးပန်းရွှေနှင့် ဒေါ်တင်မြတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ၏ အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ကွင်းအမှတ်-၈၂၊ ကွင်းအမည်-ကွမ်းခြံကွင်း၊ ဦးပိုင်အမှတ်(၁၈၁)၊ အကျယ်ပေ(၄၀×၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (ဆ/၁၁)၊ ရွှေဆံတော်(၁)လမ်း၊ ရွှေဆံတော်ရပ်ကွက်၊ တွံတေးမြို့ဟုခေါ်တွင်သော နေအိမ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်လှနှင့်ဒေါ်မြင့်မြင့်ခိုင်တို့က ၁၇-၁-၂၀၀၉ရက်စွဲပါ မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်တင်ညွန့်၏ကိုတ်တိမမွေးစားသမီး ဒေါ်စန်းမြင့်(မှတ်ပုံတင်စာချုပ်အမှတ်-၁/၂၀၀၀)ထံမှ တရားဝင်ဝယ်ယူထားခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်ကို ဒေါ်တင်ညွန့်က ဒေါ်ရီထံမှ ၂၈-၂-၇၄ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူနေထိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ဦးခွက်ကြီးက ဒေါ်တင်ညွန့်အပေါ် ရန်ကုန်တိုင်းတရားရုံး (တောင်ပိုင်းခရိုင်)၏တရားမကြီးမှုအမှတ်(၂၀/၂၀၀၀)တွင်လည်းကောင်း၊ ဒေါ်စန်းမြင့်နှင့် ဦးသက်ဦးတို့အပေါ် ရန်ကုန်တိုင်းတရားရုံးတော်၏ တရားမကြီးမှုအမှတ်(၈၄၇/၂၀၀၆)တွင်လည်းကောင်း၊ ခွင့်ပြုချက်ဖြင့်ထားသူများအား နှင်လိုမှုတို့ကို စွဲဆိုခဲ့ရာ ဒေါ်တင်ညွန့်က ဒေါ်မယ်ရီထံမှ ဝယ်ယူခဲ့သည့် ၂၈-၂-၇၄ရက်စွဲပါစာချုပ်ကိုတင်ပြခဲ့ရာတွင် ယင်းစာချုပ်အားအတည်ပြုကာ ဦးခွက်ကြီးစွဲဆိုခဲ့သောအမှုများကို ပလပ်ခဲ့ပါသည်။ ဦးခွက်ကြီးက တရားရုံးချုပ်သို့ တရားမအယူခံမှုအမှတ်(၂၄/၂၀၀၇)ကိုတင်သွင်းခဲ့ရာတွင်လည်း ပလပ်ခံခဲ့ရပါသည်။

ထို့ပြင်ဦးခွက်ကြီးက ဒေါ်တင်ညွန့်နှင့်မစန်းမြင့်တို့အပေါ် တွံတေးမြို့နယ်တရားရုံးတော်၏ ပြစ်မှုကြီးမှုအမှတ်(၃၂၉/၂၀၀၀)တွင် ဦးခွက်ကြီးနှင့်ဇနီးဒေါ်တင်မြတို့က ဒေါ်မယ်ရီထံမှ ဝယ်ယူထားသောစာချုပ်မှာ ပျောက်ဆုံးသွားကြောင်းနှင့်ပြစ်မှုပုဒ်မ-၄၂၄ဖြင့်စွဲဆိုခဲ့သောအမှုနှင့်ဦးခွက်ကြီးကပင် မစန်းမြင့်အပေါ် တွံတေးမြို့နယ်တရားရုံးတော်၏ ပြစ်မှုအထွေထွေမှုအမှတ် (၆/၂၀၀၇)တွင် ဒေါ်တင်ညွန့်က ဒေါ်မယ်ရီထံမှ ဝယ်ယူခဲ့သည့် ၂၈-၂-၇၄ရက်စွဲပါစာချုပ်မှာ အတုဖြစ်ကြောင်း စွဲဆိုခဲ့သောအမှုများကို ရုံးတော်ကပလပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်တင်ညွန့်က အထက်ပါ မြေနှင့်အိမ်တို့ကို ဒေါ်မယ်ရီထံမှဝယ်ယူခဲ့သည့် ၂၈-၂-၇၄ရက်စွဲပါ စာချုပ်ကို တရားရုံးချုပ်ထိ လက်ခံ အတည်ပြုထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ၁၃-၁၁-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါကြော်ငြာတွင် ဦးခွက်ကြီး(ခ)ဦးပန်းရွှေနှင့် ဒေါ်တင်မြတို့က ဖော်ပြပါမြေကို ဒေါ်မယ်ရီ(ခ)ဒေါ်ရီထံမှ ၂၅-၁၁-၁၉၇၄ရက်တွင် ငွေကျပ် ၄၀၀ဝိ/-ဖြင့် ဝယ်ယူသည့်စာချုပ်မှာ ပျောက်ဆုံးခဲ့ကြောင်းကြေညာခြင်းမှာ တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ခဲ့ခြင်းကို ဆန့်ကျင်ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများက ဖော်ပြပါ မြေကွက်တစ်ခုလုံးအား ၁၇-၁-၂၀၀၉ရက်စွဲပါ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးမှ မြေကွက်၏အနောက်မြောက်ထောင့်ရှိ ဦးခွက်ကြီး(ခ)ဦးပန်းရွှေနေထိုင်လျက်ရှိသော အကျယ်ပေ(၃၀×၂၅) မြေကွက်အား လက်ရောက်ရလိုမှုကို ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၏ တရားမကြီးမှုအမှတ်(၃၂/၂၀၀၉)တွင်စွဲဆိုခဲ့ရာ အမှုအား ဤပုံစံအတိုင်းစွဲဆိုခွင့်မရှိကြောင်းဖြင့် ဆုံးဖြတ်ကာ ပလပ်ခဲ့ခြင်းသာဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်ကြောင့် ဖော်ပြပါ မြေကွက်ကို ဦးခွက်ကြီး(ခ)ဦးပန်းရွှေက ပိုင်ဆိုင်ရန်အကြောင်းမရှိပါ။

သို့ဖြစ်ရာ ၂၀-၃-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးခွက်ကြီး(ခ)ဦးပန်းရွှေနှင့် ဒေါ်တင်မြတို့က ဖော်ပြပါမြေအား ၎င်းတို့က ပိုင်ဆိုင်ကြောင်းကြေညာချက်မှာ ၎င်းတို့တွင် ဝယ်ယူခဲ့သည့်စာချုပ်ကိုပင် တရားရုံးအဆင့်ဆင့်တွင် တင်ပြနိုင်ခြင်းမရှိဘဲ မမှန်မကန်ကြေညာနေခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ အမှတ်(ဆ/၁၁)၊ ရွှေဆံတော်(၁)လမ်း၊ ရွှေဆံတော်ရပ်ကွက်၊ တွံတေးမြို့ဟုခေါ်တွင်သော အကျယ်ပေ(၄၀×၆၀)မြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေများပိုင်မြေကွက်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်တင်လှနှင့်ဒေါ်မြင့်မြင့်ခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မြင့်	**ဒေါ်သင်းသင်းမော်**	**ဦးကျော်ငွေးလွင်**
(စဥ်-၃၄၈၀)	**(စဥ်-၇၂၂၈)**	**(စဥ်-၄၀၇၅၀)**
တရားလွှတ်တော်ရှေ့နေများ		**အထက်တန်းရှေ့နေ**

အမှတ်(၈၃)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(၇)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးမောင်မောင်ချစ် (U Charlie)

ကုန်သွယ်ရေး(ငြိမ်း)

(ဦးဘိုးဆိုင်-ဒေါ်မြင့်)တို့၏သား ဦးမောင်မောင်ချစ် (U Charlie) ကွယ်လွန်သည်မှာ ၂၆-၆-၂၀၁၄ရက်တွင် (၇)နှစ်ပြည့်သော်လည်း နေ့စဥ်အမှတ်ရတမ်းတဆဲပါ၊ မောင်ချစ်အားရည်စူးပြီး နေ့စဥ် လစဥ် (၇)နှစ်ပြည့်ပြုသမျှ ကုသိုလ်ကောင်းမှု အစုစုကို ရောက်ရာဘုံဘဝမှ သာဓု ခေါ်နိုင်ပါစေ။

ချစ်ဇနီး - **Genevieve (Daw Genny)**
မီးရထားအငြိမ်းစား

သား၊ သမီးများ - **Glanville, Alfred**
Thelma-(Vincent)
Perth. W.Australia

အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်ကျွမ်းဝင်သော မောင်ပြည့်ဖြိုးနိုင်(ခ)ဂိုးသား

အသက် (၄ လ နှင့် ၁ ရက်)

[illegible] (Naing New Generation Trading Co.,Ltd) [illegible]

Nyunt Myat Mo Industrial Trading Co.,Ltd

အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်ကျွမ်းဝင်သော မောင်ပြည့်ဖြိုးနိုင်(ခ)ဂိုးသား

အသက် (၄ လ နှင့် ၁ ရက်)

[illegible] (Naing New Generation Trading Co.,Ltd) [illegible]

Naing One Construction Materials Trading Co.,Ltd

[illegible]

[illegible]

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုသလ

သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ရွှေဘုန်းမြင့်တိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တကုသလ မဟာထေရ်မြတ်သည် ၁၃၇၆ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ရက် ၂၃-၆-၂၀၁၄ရက်(တနင်္လာနေ့) နံနက်၄း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ်၊ နယုန် လပြည့်ကျော် ၁၃ရက်) ၂၅-၆-၂၀၁၄ မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်၌အန္တိမအဂ္ဂိစျာပန မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးတပည့်ရဟန်းသံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးရိုန်

အသက်(၆၃)နှစ်

တတိယအင်ဂျင်နီယာ(P.I.L)CDC-6891

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ၂လမ်းအမှတ်(၁၇)နေ ဒေါ်တင်တင်မြ၏ခင်ပွန်း၊ ဦးစိုးရိုန်(၆၃)နှစ်သည် ၂၂-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ

ပညာသင်အင်ဂျင်နီယာ(ဒလသင်္ဘောကျင်း)

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်

အလုပ်အမှုဆောင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ဥက္ကဋ္ဌ မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့

ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်မြင့်ခင် အသက် (၉၁) နှစ်သည် ၁၉-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်ကျွမ်းဝင်သော မောင်ပြည့်ဖြိုးနိုင်(ခ)ဂိုးသား

အသက် (၄ လ နှင့် ၁ ရက်)

[illegible] (Naing New Generation Trading Co.,Ltd) [illegible]

T T Gyi [illegible]

T T Lay [illegible]

[illegible]

[illegible] 1500 sqft, [illegible] 2 MB, 1SB, 4 AC, Bathtub, [illegible] water heater (80 Liters) [illegible] Gas [illegible] Cabinet [illegible]

သိန်း ၄၀၀၀

၂ Hi-way Complex 1650 sqft [illegible] 1MB, 2SB, 4 AC, [illegible]

သိန်း ၂၅၀၀

[illegible]

အိမ်ရောင်းမည်

- 30' x 60' [illegible] (၄၈၀၀) သိန်း [illegible]
- 20' x 60' [illegible] (၁၂၀၀) သိန်း [illegible]
- 10' x 60' [illegible] (၅၀၀) သိန်း [illegible]
- 12½' x 45' [illegible] (၆၂၀) သိန်း [illegible]

ဖုန်း - 09 421030776

ဒုတိယရဲမှူး ဦးရွှေမောင်ကြီး(ငြိမ်း)
သူရ-အမှတ်စဉ်(၁၀)၊ (သတင်းတပ်ဖွဲ့)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ အမှတ်(၉)၊ ကျောက်မြောင်းဈေးလမ်းနေ ဒေါ်တင်တင်မြင့်(ခ)နော်ဆာ၏ခင်ပွန်း၊ (ဦးဝင်းမြင့်)-ဒေါ်ခင်ပြုံးချို၊ ဦးငွေလှိုင်-ဒေါ်အေးအေးချို၊ ဦးတင်သန်း-ဒေါ်ခင်ခင်အုန်း၊ ဦးရန်နိုင်ဝင်းတို့၏မွေးသဖခင်၊ မောင်ပြည့်ဖြိုးဦး၊ မယုဝါဝါခိုင်တို့၏အဘိုးသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့)တွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစိန်ဝင်း(ခ)အောင်ရောက်တိတ်
အသက်(၁၀၀)

ရန်ကုန်မြို့၊ အမှတ်(၄၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်နေ (ဦးခတ်စု-ဒေါ်ပီဟာ)တို့၏သား၊ (ဒေါ်မြဝင်း)၏ခင်ပွန်း၊ ဒေါ်လွင်လွင်ဝင်း-ဦးထွန်းညွန့်၊ ဒေါ်သဇင်ဝင်း-ဦးသိန်းတန်၊ ဒေါ်ကြူကြူဝင်း(Australia)၊ ဦးတင်မောင်ဦး-ဒေါ်ကြည်ကြည်ဝေ၊ ဦးတင်မောင်အောင်၊ Dr.လဲ့လဲ့ဝင်း(Australia)၊ Dr.စီစီဝင်း(Australia)တို့၏ဖခင်၊ မဝေဝေဦး-ကိုအောင်ရည်ချင်း၊ Dr.ထိန်လင်းဦး(ခေတ္တ-Australia)တို့၏ အဘိုးသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၀ နာရီတွင် အမှတ်(၄၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ညိမ်းညိမ်း(ခ)တင်ငြိမ်းရင်
(Hilda Tin)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂/ခ)နေ (ဦးတင်-ဒေါ်အုံးသိန်)တို့၏သမီး၊ (ဦးမြို့-ဒေါ်ခင်တင့်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်လတ်)၏ဇနီး၊ (ဦးဇော်တင့်)-ဒေါ်ခင်မေလတ်၊ ဦးတင်ထွဋ်-ဒေါ်ခင်ဆွေလတ်၊ ဦးသူရ-ဒေါ်ညွန့်ညွန့်ဝေ(ခေတ္တ- Singapore)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဦးဇော်လတ်(ပုသိမ်တက္ကသိုလ်)-ဒေါ်သဇင်(HTOO TRAVELS)၊ ဒေါ်မေသက်နွယ် (ထွန်းဖောင်ဒေးရှင်းစာကြည့်တိုက်)၊ ဦးတင်လတ် (ခေတ္တ-Melbourne)၊ ဦးသူရိန်လတ် (မင်းဓမ္မကုမ္ပဏီလီမိတက်)-ဒေါ်ကြေ့ယမင်းအောင်၊ ဦးဟိန်းလတ်(ခေတ္တ-Melbourne)၊ ဒေါ်စုရည်ဝင်း (ခေတ္တ-Singapore)၊ ဒေါ်စုရည်လင်း (ခေတ္တ- Singapore)တို့၏ ဘွားဘွား၊ မောင်ပြည့်မင်းသူ၊ မြတ်ပွင့်ဖြူစန္ဒမင်းသူတို့၏ဘွားဘွားကြီး ဒေါ်ညိမ်းညိမ်းသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
အယ်လ်ဟက်ဂျ်အဒူမာဘုတ်(ခ) ဟာဂျီဦးမောင်စိန် (၆၇)နှစ်
ဥက္ကဋ္ဌ၊ ဗိုလ်တထောင်မြို့နယ်(မအဖ)
အာရှကျောက်မျက်ရတနာရောင်းဝယ်ရေး(ဗိုလ်ချုပ်ဈေး)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ အယ်လ်ဟက်ဂျ်မောင်လာနာ အလီဟူစိန်-ဟာဂျီမဒေါ်ဇူလေခါတို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၀၀)၊ အခန်း(၈)၊ ပထမထပ်နေ (ဟာဂျီမဒေါ်မိုင်မွန်နာ)၊ ဟာဂျီမ ဒေါ်ဖေရိုဇာနီဆာတို့၏ခင်ပွန်း၊ နူးရ်မိုဟမ္မဒ်၊ ဟာဂျီမဟာစီနာ၊ ဟာဂျီကိုယဉ်ထွေး-ဟာဂျီမ ဂျမီလာ၊ အယ်လ်ဟက်ဂျ် မောင်လာနာအဗ္ဗဒွလ်ဘာဆစ်-ဒေါ်အာစမာ၊ ကိုကျော်စွာမြင့်-မဟာမီဒါ၊ ဟာဂျီစလင်း-မရှမီမာ၊ ဟာဂျီမဟာလီမာ၊ ဟာဂျီမခတီဂျာ၊ ကိုအောင်ကျော်သူ-မရရှီဒါ၊ မဖာတမာ၊ မခူရှီဒါ၊ ဟာဂျီအဗ္ဗဒွယ်အဇီးဇ်(ခ)မောင်တင်အောင်ထွေး၊ မအာရှာတို့၏မွေးသဖခင်၊ မြေး၁၄ယောက်တို့၏အဘိုး အယ်လ်ဟက်ဂျ်အဒူမာဘုတ်(ခ)ဟာဂျီ ဦးမောင်စိန်သည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မြန်မာစံတော်ချိန် နံနက် ၁၁နာရီတွင် မလေးရှားနိုင်ငံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) အစွါရ်နမာဇ်အပြီး ရန်ကုန်မြို့၌ ဒါဖွာနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်စန်းမြင့် (၉၂)နှစ်
ထိပ်တန်းရုပ်ရှင်မိခင်ကြီး

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်း(ဓ/၇၃၄)နေ(ဦးဘစော-ဒေါ်နီ)တို့၏သမီး၊ (ဦးစောမောင်-ဒေါ်ဆိုင်းရင်)တို့၏ သမီးချွေးမ၊ ဦးကိုကို(ထိပ်တန်းရုပ်ရှင်)၏ ချစ်ဇနီး၊ (ဦးကျင်အိပ်-ဒေါ်စိန်)၊ (ဦးကျင်လုပ်- ဒေါ်ကျင်ဆိုင်)၊ (ဦးခဲပိန်-ဒေါ်အေးကျင်)၊ (ဦးလှရွှေ-ဒေါ်အေးလှိုင်)တို့၏ ညီမ၊ (ဦးဟော်လိန်-ဒေါ်ဟုမ်ရှမ်း)၊ (ဦးတင်စိန်-ဒေါ်ကျင်ရှမ်း)၊ (ဦးကြည်လွင်-ဒေါ်သန်းဆင့်)၊ ဒေါ်ချိုချိုဆက်၊ ဦးမောင်မောင်-ဒေါက်တာဒေါ်မိမိထွန်းတို့အစ်မ၊ မြေး၁၃ယောက်၊မြစ်ငါးယောက်တို့၏အဘွားသည် ၂၄-၆-၂၀၁၄(အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ရွှေဂုံဟိုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမများမိသားစု

ဒေါ်အမာ (၈၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊အမှတ်(၉၃/၄)၊ (၄၉)လမ်း(အလယ်)၊ ပထမထပ်နေ (ဦးထွေး-ဒေါ်သန်းလှ)တို့၏ သမီး၊ (ဦးမောင်မောင်လေး)၏ ဇနီး၊ [ဒေါ်တင်တင်အောင်(ခ)ဘေဘီထွေး]၊ (ဦးဝင်းတင်)-ဒေါ်လွင်လွင်မော်(ခ)ဒေါ်ညိုညို၊ ဒေါ်မိမိခိုင် (ရေနံသယ်ပို့)၊ ဒေါ်နီလာဝင်းတို့၏မိခင်၊ မယမင်းသူ-မောင်အောင်အောင်ခိုင်၊ မောင်ဝင်းထွဋ်အောင်၊ (မောင်ဝေယံအောင်)တို့၏ အဘွား၊ မသူဇာအောင်၊ မောင်ဟိန်းပြည့်ဝေသျှန်၊ မသွန်းသဒ္ဒါအိမ်တို့၏ ဘွားဘွားကြီးသည် ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မယ်လှ(ခ)ဒေါ်မေလှ
အသက်(၆၁)နှစ်
တ. ဆ-၃(ငြိမ်း)
(စစ်တွေ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၄) ဆ. လ. ရ ရေသန့်ဝင်းနေ (ဦးထွန်းစိန်-ဒေါ်ဖြူ)တို့၏သမီးကြီး၊ (ဦးထွန်းမြအောင်-ဒေါ်ရွှေကြာဖြူ)တို့၏ သမီးချွေးမ၊ ဦးလှဘော်-ဒေါ်မဲမချေတို့၏ညီမ၊ (ဦးသာဒိုး)-ဒေါ်ခင်ခင်ဌေး၊ ဦးကျော်ဇံလှ-ဒေါ်မေမြ၊ ဦးအောင်ကျော်သိန်း-ဒေါ်နွယ်နွယ်ဝင်းတို့၏အစ်မ၊ ကိုဘုန်းမြင့်-မစန်းသီတာထွေး၊ (ကိုခင်မောင်သန်း)-မမိုးမိုးဝေတို့၏မွေးသမိခင်၊ တူ/တူမ ၁၃ယောက်တို့၏ကြီးတော်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးလှထွန်း(တ. ဆ-၃၊ ငြိမ်း)၏ဇနီး ဒေါ်မယ်လှ(ခ)ဒေါ်မေလှ (တ. ဆ-၃၊ ငြိမ်း) သည် ၂၄-၆-၂၀၁၄(အင်္ဂါနေ့) ည ၉း၃၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမြ (၈၆)နှစ်
ရဲအုပ်(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၆)နေ (ဦးဝေလု-ဒေါ်အယ်ဘားမား)တို့၏သား၊ (ဒေါ်မြစိန်)၏ခင်ပွန်း၊ ဒေါ်မာလာ၊ ဦးနာသန်(ဦးစီးမှူး၊ဆည်မြောင်းဦးစီးဌာန၊ ကျောက်ဆည်)-ဒေါ်ဝင်းမြင့်၊ ဒေါ်စံသာ(ရန်ကုန်နည်းပညာတက္ကသိုလ်၊ငွေစာရင်းဌာန)၊ ဒေါ်အေးအေးမြ၊ ဒေါ်အေးအေးမြင့်၊ ဦးသန်းစိုး-ဒေါ်ရင်ရင်မြ၊ ဦးတင်မောင်နီ(တည်ဆောက်ရေး-၆၊ ဆည်မြောင်းဦးစီးဌာန)၊ ဦးလှဝင်း (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ ဒေါ်သန်းသန်းအေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၄-၆-၂၀၁၄ရက် မွန်းလွဲ ၂း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်ဒါယကာကြီး
ဦးခန့် (၈၅)နှစ်
CDC No.4561

(ဦးမောင်ဦး-ဒေါ်စိန်ခင်)တို့၏သား၊ (ဦးရွှေအေး-ဒေါ်စိန်တင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အမှတ်(၃၀)၊ ငါးလွှာ(ခ)၊ ရတနာပုံလမ်းအောက်နေ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်စိန်၊ဦးမြင့်ရွှေ၊ ဦးမျိုးသိန်း၊ (ဦးဝင်းသိန်း)၊ (ဦးနိုင်နိုင်ဝင်း)-ဒေါ်နီနီအေး၊ ဒေါ်သန်းသန်းမြင့် (General Administration Department Good Brothers' Co., Ltd.)တို့၏ဖခင်၊ မခင်စုစုဝင်း (4 CIT)၊ မောင်လွင်မိုးအောင်(အထက-၃၊ ရွှေပြည်သာ)တို့၏အဘိုး ဦးခန့်သည် ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းစန်း(ဝါးခယ်မ)
အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ (ဦးစောမောင်-ဒေါ်မမတင်)တို့၏သမီး၊ (ဦးကံဆိုင်)၏ဇနီး၊ ရဲမှူးအောင်ခိုင်ဦး(ငြိမ်း)-ဒေါ်ခင်အင်း၊ (ဒေါ်သက်သက်နွယ်)၊ ဒေါ်သီသီနိုင်၊ (ဦးခင်မောင်မြင့်)၊ ဦးစိုးလွင်-ဒေါ်သီတာဦး၊ ကိုဇော်လင်း-မလွင်လွင်မြိုင်တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်စန်းစန်းသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၁)ရပ်ကွက်၊ အေးနန္ဒာအိမ်ရာ၊ ရတနာပုံ(၈)လမ်း၊ တိုက်အမှတ်(၆၅၉)၊ ဒုထပ်၊ အခန်း(၂၀၂)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမြင့်နိုင် (၇၄)နှစ်
ကုန်းလမ်းပို့ဆောင်ရေး(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၂၅)နေ (ဦးဟိုဝါး-ဒေါ်ရှားနား)တို့၏သား၊ (ဦးကင်းမိန်)-ဒေါ်ကျင်မွှေးတို့၏ သားသမက်၊ ဒေါ်ခင်လင်း၏ခင်ပွန်း၊ ကိုညီညီလင်း-မသက်သက်ဝင်း၊ မယဉ်ထူးထူးနိုင်တို့၏ဖခင်၊ မဆုလဲ့ရည်လင်း၏အဘိုးသည် ၂၅-၆-၂၀၁၄ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၆-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၂)ပါ ဝမ်းနည်းကြေကွဲခြင်း ဒေါ်အုန်းလှ အသက်(၈၆)နှစ် ကြော်ငြာတွင် Capt. သတိုးကျော်-ဒေါ်မိမိနိုင် PRECIOUS Gems & Jewellery ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးသော်သော်(ပြည်) (B.Sc Match;)
အသက်(၅၄)နှစ်

နတ်တလင်းမြို့၊ ပညာ့ဂုဏ်ရည်လမ်းနေ (ဦးမြင့်မောင်-ဒေါ်မြမြခင်)(အထက ငြိမ်း)တို့၏သား၊ ဦးဇော်မြင့် (တိုင်းမန်နေဂျာ၊ လယ်/စိုက်)-ဒေါ်အေးအေးစိုး(လယ်/စိုက်၊ ကျိုင်းတုံမြို့)၊ ဦးအေးမြင့်-ဒေါ်မော်မော်မြင့်(ကစ်မီ၊ ကျောက်မျက်)တို့၏မောင်၊ (ဦးဝင်းကျော်မြင့်)၊ ဦးသန့်ဇင်ဝင်း (မြန်မာကိုင်ဒို)-ဒေါက်တာသီတာမြင့်(ကထိက၊ ဥပဒေ ပညာဌာန၊ YU)တို့၏အစ်ကို၊ ပြည်မြို့၊ တရုတ်စုရပ်၊ ဝါးရုံလမ်း၊ အမှတ်(၄၇)နေ ဦးသိန်းစိန်(ပညာရေးမှူး-ငြိမ်း)-ဒေါ်ခင်အုန်းမြင့်တို့၏သားသမက်၊ ဒေါ်မွန်မွန်ရည် (အထက-၃၊ ပြည်)၊ ခင်သီတာ၊ ဦးယုလွင်-ဒေါ်တင်မိုးမိုး (ဒုတာဝန်ခံ မြန်မာ့ရွေ့ဆောင်ဘဏ်၊ မူဆယ်)တို့၏ အစ်ကို၊ ဒေါ်ချိုချိုသန်း (အထက-၅၊ ငြိမ်း)၏ခင်ပွန်း၊ ဂျူးဂျူး၏ဖခင်သည် ၂၄-၆-၂၀၁၄ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ရက် မွန်းလွဲ ၂ နာရီတွင် ပြည်မြို့နေအိမ်မှ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်းဒါယိကာမကြီး
ဒေါ်စန်းမြင့် (၉၂)နှစ်
ထိပ်တန်းရုပ်ရှင်မိခင်ကြီး

သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်း၊ဓ/၇၃၄နေ(ဦးဘစော-ဒေါ်နီ)တို့၏သမီး၊(ဦးစောမောင်-ဒေါ်ဆိုင်းရင်)တို့၏ သမီးချွေးမ၊ ဦးကိုကို(ထိပ်တန်းရုပ်ရှင်)၏ချစ်ဇနီး၊ဦးကိုကိုမြင့်-ဒေါက်တာမေသဇင်၊ ဦးကိုကိုတင်-ဒေါ်နန်းရွှေအုံး၊ ဦးသက်ထွန်း-ဒေါက်တာနွယ်နီဝေ၊ ဦးကိုကိုခိုင်(ဦးအောင်ကြည်)-ဒေါ်နွယ်နီဆွေ၊ ဦးအောင်စိုးကျော်-ဒေါ်ခင်မေကြည်၊ဦးဝင်းမြင့်-ဒေါက်တာမိုးဆန်းတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး၁၃ယောက်တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၄-၆-၂၀၁၄(အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ရွှေဂုံဟိုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၆-၂၀၁၄ (တနင်္လာနေ့) နံနက် ၉နာရီမှ ၁၁နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်အုန်း(ရဲအုပ်-ငြိမ်း)
(ရထားရဲတပ်ဖွဲ့မှူးရုံး)
အသက်(၆၅)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်နေ (ဦးဆွေရှမ်း-ဒေါ်ရီ)တို့၏သားကြီး၊ (ဒေါ်တင်အေး)၊ (ဦးတင်စိန်)၊ (ဦးတင်လှ)-ဒေါ်ဖြူဖြူ၊ ဦးတင်လှိုင်-ဒေါ်ခင်သန်းမြင့်၊ဦးသန်းလှိုင်-ဒေါ်မိမိကြီး၊ (ဦးရှည်ကြီး)-ဒေါ်မိမိလေး၊ ဦးတင်လှကြည်-ဒေါ်ကြည်ကြည်လေး၊ ဦးမောင်မောင်ထွေး-ဒေါ်သန်းမြင့်ရီ၊ ဒေါ်ထွေးရီတို့၏အစ်ကိုကြီး၊ တူ/တူမ ၁၀ ယောက်တို့၏ဦးကြီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ဇောတိက(၁)လမ်း၊ အမှတ်(၆၈၅)နေ တပ်ကြပ်ကြီးဇော်မြင့်ဦး(သတင်းတပ်ဖွဲ့)-ဒေါ်ဘေဘီ၊ ဦးဇော်မိုး-ဒေါ်ခင်မိုးမြင့်၊ ဦးဇော်မင်းဦး-ဒေါ်တင်နွဲ့ရီတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်လှလှမွန်၏ခင်ပွန်းသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဇော်ဇော်မင်း (စစ်တွေ)
Managing Director Comrade Co., Ltd.
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးမြသိမ်း-ဒေါ်လှမြသိန်းတို့၏ သားကြီး၊ စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ ဦးကျော်အေး-ဒေါ်အေးမြစိန်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ (၄၉)လမ်း၊ အမှတ်(၉၁)၊ အခန်း(၇)နေ ဒေါ်ခင်အေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မအေးမြင့်မြတ်ဖြိုး(ခ)ရွှေဥ (TOTAL Learning Acadamy)၏ မွေးသဖခင်၊ ဒေါ်မြချောဥမ္မာ-ဦးအောင်လင်း (ဒဂုံတက္ကသိုလ်)တို့၏ အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးဩဘာ(ခ)ဦးချန်းတင်
(မမကြီးရေနံမော်လမြိုင်/တံခွန်တိုင်)
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်အုတ်လမ်း၊ အမှတ်(၉၉)နေ (ဦးသိမ်ဝမ်-ဒေါ်အေးမြ)တို့၏ သား၊ (ဦးဘော့-ဒေါ်စိန်ငုံ)တို့၏ သားသမက်၊ [ဒေါ်မငယ်(မမကြီးရေနံ)]၏ ခင်ပွန်း၊ ဦးအောင်မျိုး-ဒေါ်စန်းစန်းမြင့်၊ ဦးဝမ်ချိန်း-ဒေါ်ကြည်ကြည်မြင့်၊ ဦးထွန်းဝင်း-ဒေါ်တင်တင်မြင့်၊ ဦးသက်ဟိန်း-ဒေါ်အေးအေးသက်၊ ဦးတင်ထွန်း(ခ)ဦးငွေဟိန်း-ဒေါ်စန္ဒာကျော်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ရဲလင်း-ဒေါက်တာအိအိသူ(USA)၊ မဇင်ဇင်သူ (စင်ကာပူ)၊ မောင်မျိုးပိုင်ထွန်း-ဒေါက်တာအိအိဖြူ(USA)၊ မမျိုးမြတ်သူ၊ မောင်ဟန်မျိုးဇင်၊ မနုနန္ဒာ(စင်ကာပူ)၊ မဇင်ဇင်ဖြိုး(Eco)၊ မလင်းလင်းထွန်း (Civil,GTU)၊ မောင်ဉာဏ်လင်းစိုး (AIT)၊ မအေးချမ်းဖြိုး၊ မထွန်းအိမ်သူစံ၊ မထွန်းစန္ဒီကျော်တို့၏ အဘိုး၊ Ms. Kate Forbe(USA)၊ Ms Emogen Soe(USA) တို့၏ဘိုးဘိုးကြီး ဦးဩဘာ(ခ)ဦးချန်းတင်သည် ၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝေ (၈၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ (၁၇)လမ်းအနောက်၊ အမှတ်(၇၈၁)နေ (ဦးထွန်းလင်း-ဒေါ်မကြီး)တို့၏သမီး၊ (ဦးခင်မောင်လှ)၏ဇနီး၊ ဦးသူရ-ဒေါ်ဆွေဆွေအေး၊ ဦးတင်အေး-ဒေါ်ဝင်းဝင်းအေး၊ (ဦးဦးမြင့်)-ဒေါ်စမ်းစမ်းအေး၊ ဦးအောင်ကျော်ဦး-ဒေါ်တင်တင်မြင့်၊ (ဦးအောင်ကျော်မင်း)၊ (ဒေါ်အေးအေးလတ်)၊ ဦးမျိုးသိန်း-ဒေါ်စုစုလတ်၊ ဦးမျိုးမင်းလတ်-ဒေါ်သန္တာတို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Ci Nawn (၅၆)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နှင့် ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်အမှတ်(၂၆)၊ အခန်း(၂၀၄)၊ (၇)လမ်း၊ (B)ဘလောက်နေ (U Hrang Hnok-Pi Tin Iang)တို့၏သမီးကြီး၊ (U Hre Ling)၏ချစ်ဇနီး၊ U No Kio (ချင်းပြည်နယ်သမဝါယမဦးစီးဌာန လ/ထညွှန်ကြားရေးမှူး-ငြိမ်း)၏ ညီမ၊ U Tin Chum, Daw Zing Hliang, Daw Far Kim (Norway), (U Sui Thawng), Rev Dr. Peter Al Ceu တို့၏ အစ်မ၊ Nu Tial Men Cuai (Norway), Nu Duh Tin Mawi, Nu Thian Dawt Len တို့၏ချစ်လှစွာသောမိခင် Pi Ci Nawn သည် ၂၅-၆-၂၀၁၄ရက် နံနက် ၆း၄၀နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၂၈-၆-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်၊ မြောက်ဒဂုံ(၄၆)မှတ်တိုင်၊ မန္တလေးမှတ်တိုင်၊ ဘီအိုစီ-အင်းစိန်၊ လှိုင်သီရိအိမ်ရာ၊ လှိုင်မြို့နယ်တို့မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်ကြည် (၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၁၁၂၇)နေ (ဦးအုန်းခိုင်-ဒေါ်သက်ညွှန်း)တို့၏သမီး၊ [ဦးတင့်လွင် (ရထတ၊ မြန်မာ့မီးရထား)]၏ဇနီး၊ (ဦးတင်အောင်ကျော်)-ဒေါ်ချိုချိုလွင်၊ ဦးရဲလွင်၊ ဦးညီညီလွင် (ဗိုလ်ချုပ်အောင်ဆန်းဈေး၊ လျှပ်စစ်တာဝန်ခံ Y.C.D.C)-ဒေါ်ဥမ္မာသွင်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မဖြိုးသီရိကျော် (မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေး၊ သတ္တုတွင်းဝန်ကြီးဌာန)၊ ဦးပညာနန္ဒ (ပဲခူးကြခပ်ဝိုင်းစာသင်တိုက်)၊ မောင်မင်းမြတ်သူ၊ မမေဖူးမြတ်တို့၏ချစ်လှစွာသော ဘွားဘွားသည် ၂၂-၆-၂၀၁၄(တနင်္ဂနွေနေ့) ည ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ရင်ရွှေ(ခနောင်) (၇၂)နှစ်

ခနောင်တောထဲကန်နေ (ဦးလှသော်-ဒေါ်မြရင်)တို့၏ သမီး၊ (ဦးမောင်ကျော်-ဒေါ်ခင်လှ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် (၂၉)လမ်း၊ အမှတ်(၃၉)နေ ဗိုလ်ကြီးဝင်းရွှေ(ငြိမ်း)၏ ဇနီး၊ ရဲမှူးကျော်သက်ထွန်း(ဗန်းမော်)-ဒေါ်နန်းသွယ်သွယ်ဝင်း၊ ဒေါ်အိအိမိုး(ဆ-သ-ရ)၊ ဒုရဲအုပ်အောင်မျိုးအေး-ဒေါ်မိမိသက်(စီမံကိန်း)၊ ဦးအေးချို-ဒေါ်သန္တာဝင်း (ဆ-သ-ရ)၊ ဦးကျော်ထင်ခိုင် (Star City)-ဗိုလ်ကြီးကြေးမုံဝင်း(ငြိမ်း) တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်ရင်ရွှေသည် ၂၄-၆-၂၀၁၄ ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းဝင်း(ခ)ဦးဗလ (၆၇)နှစ်
ဟိုတယ်/ခရီး(ငြိမ်း)
ရွှေပြည်သာမြို့နယ်၊ ပခုက္ကူဝိပဿနာသင်တန်းပြန့်ပွားရေးဥက္ကဋ္ဌ မေတ္တာမျက်ဝန်းအဖွဲ့ဥက္ကဋ္ဌ၊ အောင်မေတ္တာဘိုးဘွားရိပ်သာအကျိုးဆောင်ချုပ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ရတနာပန်းခြံ၊ အမှတ်(၈/၅/၃၀၉)နေ (ဦးထွန်းပေါ်-ဒေါ်သိန်းညွှန့်)၊ (ဦးမောင်မောင်)- ဒေါ်ခင်နွဲ့တို့၏သား၊ ဦးထွန်းရွှေ (Inyalake Hotel-ငြိမ်း)-ဒေါ်တင်အေးတို့၏ညီ၊ ဦးရဲမင်းထွန်း (Currency Engineering)-ဒေါ်သူဇာ၊ ဦးဇော်မင်းထွန်း-ဒေါ်ရှမ်းမ၊ ဦးနေမင်းထွန်း(ခ) ကိုသောက်-ဒေါ်စန္ဒာအောင်၊ မနွယ်နီဝင်း (Welcome Myanmar Holidays Travel & Tour)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်စန်းထွေး၏ခင်ပွန်း ဦးထွန်းဝင်း(ခ)ဦးဗလသည် ၂၄-၆-၂၀၁၄(အင်္ဂါနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးဝင်းလှိုင် (၅၆)နှစ်
(အုပ်ချုပ်ရေးမှူး၊ ဗိုလ်ထွန်းဇံရပ်ကွက်)
ဂန္ထဝင်တမ်းတစားသောက်ဆိုင်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးစု-ဒေါ်သောင်း)တို့၏သား၊ (ဦးထွန်းလှိုင်-ဒေါ်ဝိုင်း)တို့၏သားသမက်၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၂)နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ကိုဖြိုးဝေဦး (Coca-Cola Co., Ltd.)-မမော်မော်လွင်၊ မကြူကြူအေးတို့၏ဖခင်သည် ၂၅-၆-၂၀၁၄ရက် နံနက် ၇နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးလှမောင်(ပခုက္ကူ)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၁၀၅)နေ ဒေါ်စန်းစန်းမြင့်၊ ဦးအေးမောင်၊ ဦးသန်းကြွယ်၊ ဦးစိန်ဝင်း၊ ဒေါ်မာမာကြည်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၄ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Capt. ဦးနော်လွန်း (၇၇)နှစ်
ရေကြောင်းပြအရာရှိ(ငြိမ်း)

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ လမုန်ကျေးရွာနေ [ဦးဒရှိလထွယ်-ဒေါ်မရန်လု(ခ)အင်နောင်လု]တို့၏သားထွေး၊ (ဒေါ်လဗျခါးတွမ်)၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ (၁၇) စပယ်လမ်း၊ ပထမထပ်နေ ဆရာမဒေါ်ထုမိုင်(အမက-၁၉၊ စမ်းချောင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒရှိအယ်လ်နန်-ဦးဖြိုးမင်း၊ [ဒရှိဂမ်ဖန်(ခ)ဦးနူးလာ]-ဒေါ်အားဘောင်၊ ဒရှိဘောက်မိုင်-ဦးဝင်းသိန်း၊ ဒရှိဂျီးတောင်-Mr. saiato၊ ဒရှိဆန်းအောင်-ဒေါ်မိုးမိုးခိုင်၊ ဒရှိထန်နူးတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး Capt. ဒရှိနော်လွန်းသည် ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) နံနက် ၅း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၆-၂၀၁၄(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးကျောင်း၌ ပြုလုပ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ကချင်နှစ်ခြင်းအသင်းတော်နှင့် နေအိမ်တို့မှကားများ နံနက် ၈နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အမာ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် (၉၃/၄)၊ (၄၉)လမ်း(အလယ်)၊ ပထမထပ်နေ (ဦးထွေး-ဒေါ်သန်းလှ)တို့၏ သမီး၊ (ဦးမောင်မောင်လေး)၏ ဇနီး၊ (ဒေါ်အေးညွှန့်)၏တူမ၊ ဦးဖေဝင်း-ဒေါ်ထားထားရွှေ၊ (ဦးနေလင်း-ဒေါ်သန်းကြည်)၊ ဦးသိန်းထွန်း-(ဒေါ်သင်းမြ)၊ ဦးသန်းဦး-ဒေါ်တင်မြင့်၊ (ဦးသန်းအောင်)-ဒေါ်ခင်ကြည်၊ (ဦးစိုးသိန်း)-ဒေါ်ခင်နိုင်တို့၏ အစ်မကြီးသည် ၂၄-၆-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ရှုရင်(ခ)မညောင်
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅၀)၊ ဒုတိယထပ်(ဝဲ)၊ (၄၃)လမ်းနေ (ဦးအမြိုင်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးဝင်း)၏ဇနီး၊ ဦးဇော်လင်း (၆/ရပ်ကွက် အုပ်ချုပ်ရေးမှူး)၊ မဝင်းဝင်းမေ၊ မဝင်းဝင်းမာ၊ မောင်ဟန်ဝင်းအောင်တို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ရှုရင်သည် ၂၅-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၄(သောကြာနေ့ ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အမိမြန်မာပြည်ရုပ်တုနှင့် ပန်းပုဆရာကြီးဦးဟန်တင်

သတင်းထောက်ကြီး ဦးခင်ညို(ညိုအောင်)မိတ်ဆက်ပေးသဖြင့် မြို့တော်သတင်းစာမှ သတင်းထောက်ချုပ် ဦးစောသိန်းဝင်းနှင့်ခင်မင်ခဲ့ရာမှ တစ်နေ့ ဦးစောသိန်းဝင်းထံ အလုပ်ကိစ္စတစ်ခုဖြင့်သွားရာ သူ၏စားပွဲပေါ်မှ နိုင်ငံခြားသားဧည့်သည်တော်တစ်ဦး၏ မြန်မာပြည်ခရီးစဉ် ဓာတ်ပုံမှတ်တမ်းကိုတွေ့၏။ စာရေးသူစိတ်ဝင်စားသည်ကား ယင်းဓာတ်ပုံမှတ်တမ်းတွင်တွေ့ရသော ပန်းပုဆရာကြီး ဦးဟန်တင်ထုလုပ်ခဲ့သည့် အမိမြန်မာပြည်ရုပ်တုပင်ဖြစ်၏။ ဓာတ်ပုံထဲမှ အမိမြန်မာပြည်ရုပ်တုသည် အမြဲတမ်းကျက်သရေ ရှိနေဆဲဖြစ်ပါ၏။ အမိမြန်မာပြည်ရုပ်တုကို မြင်ရသည်နှင့် ဆရာကြီး ဦးဟန်တင်၏ အမိမြန်မာပြည်ရုပ်တုကို ဘာကြောင့်ထုလုပ်ရသည်ဆိုသော စဉ်းစားတွေးခေါ်ပုံအဆင့်ဆင့်ကို သတိရမိ၏။

ပန်းပုဆရာကြီး ဦးဟန်တင်သည် မြန်မာပန်းပုလောကကို Craft အဖြစ်သာ မြင်တွေ့ရသောခေတ်မှ အနုပညာအဖြစ်မြင်ရအောင် စတင်ဖန်တီးခဲ့သော မြန်မာ့ဂုဏ်ဆောင် ပန်းပုဆရာကြီးတစ်ဦးဖြစ်၏။ အနောက်တိုင်းပန်းပုပညာကို မြန်မာပြည်သို့ စတင်အခြေချပေးခဲ့သော ဆရာကြီးတစ်ဦးလည်းဖြစ်၏။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲများအား စတင်ရောင်းချ

နေပြည်တော် ဇွန် ၂၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး **(အပေါ်ပုံ)** ပုလဲတင်ဒါအမှတ်(၁) အနေဖြင့် ပုလဲအတွဲပေါင်း ၁၀၄ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချပေးခဲ့သည်။

ပုလဲအတွဲ တင်ဒါအမှတ်(၂)နှင့် အမှတ်(၃)တို့ကို ဇွန် ၂၆ ရက်တွင် ကျောက်မျက်ရတနာပြတိုက် ရတနာဈေးအထပ်တွင် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး ပုလဲအတွဲပေါင်း ၃၀တွဲကို ဇွန် ၂၇ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲဒုတိယနေ့တွင် နံနက် ၈ နာရီမှစ၍ ပြည်တွင်းပြည်ပမှရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ဧရိယာအလိုက်ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များအား မိမိတို့စိတ်ကြိုက် လှည့်လည်ကြည့်ရှုလေ့လာမှတ်သားကြရာ ပြပွဲဗဟိုအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကိုလိုက်လံကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ တွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ကျောက်မျက်အတွဲပေါင်း ၂၇၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၅ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍

ယနေ့ **မာတိကာ**

မူးယစ်အန္တရာယ် ကာကွယ်တိုက်ဖျက် — စာမျက်နှာ - ၂

ငွေကျပ် ၂၀၀ တန်ထီ ဇူလိုင် (၁) ရက် ဖွင့်မည် — စာမျက်နှာ - ၃

အမျိုးသားရေးတာဝန် — စာမျက်နှာ - ၁၁

ရေအောက်ကေဘယ်ဆက်ကြောင်းများ ပုံမှန်ပြန်လည်ကောင်းမွန်

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများသို့ တယ်လီဖုန်းနှင့် အင်တာနက်လိုင်းများ ချိတ်ဆက် အသုံးပြုလျက်ရှိသော SEA-ME-WE-3 ရေအောက်ကေဘယ်ဆက်ကြောင်းသည် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံအကြား ရေပိုင်နက်တွင် ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ရေအောက်ကေဘယ်ပြုပြင်ရေးသင်္ဘောဖြင့် ဇွန် ၂၀ ရက်မှ စတင်ပြုပြင်ခဲ့ရာ ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ဆောင်ရွက်ပြီးစီးသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံတို့အကြား ချိတ်ဆက်ထားသော ဆက်ကြောင်းလိုင်းများ ပုံမှန်ပြန်လည်ကောင်းမွန်သွားပြီ ဖြစ်ပါကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက အသိပေးကြေညာထားကြောင်း သိရသည်။ **(ကြေးမုံ)**

မန်းရတနာပုံ လေကြောင်းလိုင်းသစ် ဖွင့်ပွဲအခမ်းအနား

ထားဝယ် ဇွန် ၂၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိကလေကြောင်းလိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိရာ ခရီးသွားပြည်သူများ ခရီးလမ်းအဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းလိုင်းအသစ် ထပ်မံတိုးချဲ့ကြောင်း သိရသည်။

မန္တလေးအခြေစိုက် လေကြောင်းလိုင်းသစ်တစ်ခုဖြစ်သည့် မန်းရတနာပုံ လေကြောင်းလိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လေယာဉ်ကွင်းအဆောက်အအုံရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်း၊ မန်းရတနာပုံလေကြောင်းလိုင်းမှ ဥက္ကဋ္ဌ ဦးသန်းဦးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းပီယာရီတို့က မန်းရတနာပုံလေကြောင်းလိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

စာမျက်နှာ ၉ ကော်လံ ၇ သို့ ❒

ကမ္ဘာ့ဖလား
ဘောလုံးပြိုင်ပွဲ
ကြေးမုံ အထူးထုတ် ၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်၊ ကြာသပတေးနေ့
FIFA WORLD CUP Brasil

STI
MYANMAR UNIVERSITY
MBA BBA MED BE

ပေါ်တူဂီကို အနိုင်ကစားဖို့ အစွမ်းကုန်ပေးဆပ်မယ်ဆိုတဲ့ အဆာမိုဂျန်

ဂါနာအသင်းတိုက်စစ်မှူး အဆာမိုဂျန်က ပေါ်တူဂီအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ရန် ကြိုးစားကစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဂါနာအသင်းသည် ဂျာမနီအသင်းနှင့် ၂-၂ ဂိုးစီ သရေကျပြီးနောက် ပေါ်တူဂီအသင်းကဲ့သို့ပင် တစ်မှတ်ရရှိထားကာ ကစားရန် တစ်ပွဲကျန်ရှိနေသေးပြီး ရှုံးထွက်အဆင့်သို့ တက်ရောက်ရန် အခွင့်အရေးရှိနေဆဲဖြစ်သည်။

ဂျာမနီအသင်းနှင့်ပွဲတွင် ဂိုးသွင်းယူပြီး ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ကင်မရွန်း ဂန္ထဝင်ကစားသမား ရော်ဂျာမီလာကဲ့သို့ ငါးဂိုးသွင်းယူနိုင်သည့် ထိပ်တန်း အာဖရိကဂိုးသွင်းသူဖြစ်လာကာ ကမ္ဘာ့ဖလားပြိုင်ပွဲ သုံးကြိမ်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး အာဖရိက ကစားသမားဖြစ်သူ အဆာမိုဂျန်က ကြယ်နက်များ (ဂါနာအသင်းနာမည်ပြောင်)သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အစွမ်းကုန် ပေးဆပ်သွားမည်ဟု ဆိုသည်။

"ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားမှာပါ။ ဘာလို့လဲဆိုတော့ သရေရလဒ်က ကျွန်တော်တို့အတွက် နောက်တစ်ဆင့် မတက်နိုင်လို့ပါ။ ကျွန်တော်တို့ အာရုံစိုက် ကစားဖို့လိုပါတယ်" ဟု ဂါနာအသင်းခေါင်းဆောင်က ပြောကြားသည်။ ဂါနာအသင်းသည် ဘရာစီးလီးယား၌ ကစားမည့် ပေါ်တူဂီအသင်းနှင့် အုပ်စုနောက်ဆုံးပွဲကို အနိုင်ရရန်လိုအပ်ပြီး ဂျာမနီအသင်းနှင့် အမေရိကန်အသင်းတို့ သရေကျမသွားရန် မျှော်လင့်ရမည်ဖြစ်သည်။ **[သုတ]**

နေ့ရက်	-	၂၆-၆-၂၀၁၄
အချိန်	-	ည ၁၀း၃၀
ကစားမည့်ကွင်း	-	Nocionalde Brasilia

ပေါ်တူဂီနှင့် ဂါနာ။ နှစ်သင်းစလုံးအတွက် အထူးအရေးပါသောပွဲဟုဆိုလျှင် မှားမည်မဟုတ်။ အဆိုပါနှစ်သင်းသည် သူတို့အနာဂတ်ကို သူတို့မပိုင်။ ပြိုင်ဘက်အသင်းများ ခြေချော်လက်ချော်ဖြစ်ပါမှ အခွင့်အရေးရမည့်အခြေအနေတွင်ရှိသည်။ အရှင်းဆိုရသော် သူတို့တွင် ခိုင်မာသောအာမခံချက်မရှိ။ သူတို့နှစ်သင်းအနက် မည်သည့် အသင်းနိုင်နိုင် တစ်ဖက်တွင် အမေရိကန်နှင့် ဂျာမနီ သရေကျသည်နှင့် သူတို့နှစ်သင်းစလုံးပြိုင်ပွဲမှ ထွက်ရပေလိမ့်မည်။ ထို့ကြောင့် ထိုနှစ်သင်းသည် သူတို့ကံကြမ္မာ သူတို့မပိုင်။ သူတို့သည် သူတို့၏ကံကြမ္မာအား ပြိုင်ဘက်များ၏ လက်အတွင်းသို့ ထိုးအပ်ထားရသည်။ သို့သော် သူတို့တာ သူတို့လုံရန် ကြိုးစားမည်က သေချာသည်။ အထူးသဖြင့် ဂါနာသည် ယခုပွဲ၌ ပေါ်တူဂီအား နှစ်ဂိုးပြတ်နိုင်မည်။ တစ်ဖက်တွင်လည်း အမေရိကန်က ရှုံးမည်ဆိုလျှင် ဂါနာတွင် နောက်တစ်ဆင့်တက်ပိုင်ခွင့်ရှိသည်။ ထိုနည်းတူ ပေါ်တူဂီသည်လည်း ဂါနာအား လေးဂိုးပြတ်နိုင်မည်။ တစ်ဖက်တွင်လည်း အမေရိကန်က ဂျာမနီအား ရှုံးနိမ့်မည်ဆိုလျှင် ပေါ်တူဂီတွင်လည်း နောက်တစ်ဆင့်တက်ပိုင်ခွင့်ရှိသည်။ ထို့ကြောင့် ထိုနှစ်သင်းသည် ပြိုင်ဘက်များ၏ အခြေအနေအား လျစ်လျူရှုကာ သူတို့တာသူတို့လုံရန် ကြိုးစားပေမည်။ အသေချာဆုံးမှာ နှစ်သင်းစလုံး မနိုင်မဖြစ်ပွဲဖြစ်သည့်အပြင် ဂိုးများရန်လည်း လိုအပ်နေသောကြောင့် တိုက်စစ်ဖွင့်ကစားကြမည်က သေချာသည်။

သို့ဆိုလျှင် စဉ်းစားရမည်က မည်သည့်အသင်း၏တိုက်စစ်သည် ပို၍ထက်မြက်သနည်းဆိုသောအချက်ပင် ဖြစ်သည်။ အထူးသဖြင့် ပေါ်တူဂီတွင် ရော်နယ်ဒိုပါသည်။ ထို့ကြောင့် နာမည်အရ တိုက်စစ်ပိုင်းစုဖွဲ့မှု၌ ပေါ်တူဂီသည် ဂါနာထက်ပို၍တောင့်တင်းသည်ဟု ဆိုနိုင်သည်။ သို့သော် လက်တွေ့တွင်မူ ပေါ်တူဂီထိုးစစ်သည် ထက်မြက်မှုမရှိ။ အထူးသဖြင့် ရော်နယ်ဒိုသည် ပေါ်တူဂီထိုးစစ်တွင် အထီးကျန်ဆန်လွန်းသည်။ သူ့တွင် တွဲဖက်ကစားမည့်သူမရှိ။ သူ့အား ပံ့ပိုးပေးနိုင်သူမရှိ။ သူပံ့ပိုးပေးမှုများကိုလည်း ထိထိမိမိအသုံးချနိုင်သူမရှိ။ ဆိုချင်သည်မှာ ရော်နယ်ဒိုသည် ပေါ်တူဂီတိုက်စစ်တွင် လူပိုသက်သက်နီးပါး ဖြစ်နေသည်။ သူ့အား ထိန်းချုပ်နိုင်ရုံဖြင့်ပင် ပေါ်တူဂီတိုက်စစ်အား ဟန့်တားပြီးသားဖြစ်နေသည်။ အမေရိကန်နှင့်ပွဲ၌ရသော နှစ်ဂိုးမှာ တစ်ဂိုးက ကံကောင်း၍ရသောဂိုးဖြစ်ပြီး ကျန်တစ်ဂိုးမှာ ရော်နယ်ဒိုအား ထိန်းချုပ်နိုင်မှုမှ လွတ်ကင်းသွားချိန်တွင် ရသောဂိုးများဖြစ်နေခြင်းက သက်သေဖြစ်သည်။

သို့ဆိုလျှင် ပေါ်တူဂီထိုးစစ်သည် ဂါနာ၏ ခံစစ်အား လွယ်လွယ်နှင့် ကျော်ဖြတ်နိုင်ပါမည်လော။ ဂါနာ၏ တံ့ပြန်အားသည် မည်မျှအထိ ထက်မြက်သည်ကို ဂျာမနီနှင့်ပွဲ၌ တွေ့ခဲ့ရပြီးဖြစ်သည်။ အထူးသဖြင့် ဂျာမနီသည် ကွင်းလယ်အင်အားတောင့်တင်းသောအသင်း ဖြစ်သည်။ ဂျာမနီ၏ ကွင်းလယ်ကစားသမားများသည် တစ်ဦးချင်းခြေစွမ်းပိုင်းကောင်းမွန်သည်။ စာမျက်နှာ ၂ သို့ » »



ကိုရှိုင်း

အုပ်စုပထမနေရာအတွက် အမှားမခံမည့် ဘယ်လ်ဂျီယံ

နေ့ရက် »၂၇-၆-၂၀၁၄ အချိန် » (နံနက် ၂း၃၀) ကစားမည့်ကွင်း » Arena Corin thlans

တောင်ကိုရီးယားနှင့် ဘယ်လ်ဂျီယံ။ မထင်မှတ်သည့်ပွဲကောင်းတစ်ပွဲဖြစ်လာမည်လော။ ဘယ်လ်ဂျီယံသည် လက်ရှိအချိန်၌ နှစ်ပွဲနိုင် ခြောက်မှတ်ရနေသော်လည်း နောက်တစ်ဆင့်တက်ရန်သာသေချာနေကာ အုပ်စုပထမရရန်မှာ မသေချာသေး။ အကယ်၍ ယခုပွဲသာ ရှုံးလျှင် ဘယ်လ်ဂျီယံသည် ၁-၀ ဖြင့် ရှုံးသည့်တိုင် ခြောက်မှတ်နှင့် တန့်နေမည်ဖြစ်ကာ ဂိုးကွာခြားမှုတွင်လည်း +၁ သာရှိပေလိမ့်မည်။ ထိုအခြေအနေတွင် အယ်လ်ဂျီးရီးယားက ရုရှားအား ၁-၀ ဖြင့်သာ အနိုင်ရခဲ့လျှင်ပင် ခြောက်မှတ်ဖြစ်လာမည့်အပြင် ဂိုးကွာခြားမှု၌ +၂ အထိ ဖြစ်သွားပေမည်။ သို့ဆိုလျှင် ဘယ်လ်ဂျီယံသည် အုပ်စုဒုတိယဖြစ်သွားမည်ဖြစ်ကာ ရှုံးထွက်၌ ဂျာမနီနှင့်ဆုံရရန် အကြောင်းဖန်လာ ပေလိမ့်မည်။ ထို့ကြောင့် ဘယ်လ်ဂျီယံသည်ယခုပွဲ၌ ရှုံး၍မဖြစ်သကဲ့သို့ အမှားခံမည်လည်း မဟုတ်ပေ။ ထိုနည်းတူ တောင်ကိုရီးယားသည်လည်း ယခုပွဲ၌ ဂိုးပြတ်အနိုင်ရခဲ့သည့်အပြင် တစ်ဖက်အယ်လ်ဂျီးရီးယားနှင့် ရုရှားတို့ပွဲ၌ ရုရှားနိုင်သည်ဖြစ်စေ၊ သရေကျသည်ဖြစ်စေ နောက်တစ်ဆင့်တက်နိုင်ဖွယ်ရှိသောကြောင့် ခြေကုန်ထုတ်ကစားမည်က သေချာသည်။ ထို့ကြောင့် ယခုပွဲသည် အကြိတ်အနယ်ရှိနိုင်သကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းသော ပွဲတစ်ပွဲဟု ဆိုရပေမည်။ အထူးသဖြင့် ထိုနှစ်သင်းသည် သမိုင်းတစ်လျှောက် သုံးကြိမ်ဆုံခဲ့ဖူးရာတွင် ဘယ်လ်ဂျီယံသည် တစ်ကြိမ်သာ ဂိုးပြတ်နိုင်ခဲ့သည်ကို ဤသို့ တွေ့ရသည်-

၁၉၉၉ တောင်ကိုရီးယား ၁ - ၂ ဘယ်လ်ဂျီယံ
၁၉၉၈ ဘယ်လ်ဂျီယံ ၁ - ၁ တောင်ကိုရီးယား
၁၉၉၀ ဘယ်လ်ဂျီယံ ၂ - ၀ တောင်ကိုရီးယား

သို့ဆိုလျှင် ယခုပွဲတွင်လည်း ဘယ်လ်ဂျီယံသည် တောင်ကိုရီးယားအား လွယ်လွယ်အနိုင်ရပါမည်လောဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။ သို့သော် တောင်ကိုရီးယား၏ ခံစစ်သည် ယခုပွဲ၌ ကျစ်လျစ်မှု လုံးဝမရှိပေ။ အယ်လ်ဂျီးရီးယားနှင့်ပွဲတွင် ခံစစ်ပိုင်းအားနည်းမှုများကြောင့်ပင် ဂိုးပြတ်ရှုံးခဲ့ရခြင်းဖြစ်သည်။ အထူးသဖြင့် တောင်ကိုရီးယားသည် နောက်တစ်ဆင့်တက်နိုင်ရန်အတွက်ဆိုလျှင် ယခုပွဲ၌ နိုင်ရုံးနှင့် မလုံလောက်ပေ။ ဂိုးများရန် လိုပေသည်။ ထို့ကြောင့် တောင်ကိုရီးယားသည် တိုက်စစ်အား လုံးလုံးလျားလျားအားပြုလာမည်ဆိုပါက ခံစစ်ပိုင်း ပို၍အားပျော့သွားပေလိမ့်မည်။ အရှင်းဆိုရသော် ဘယ်လ်ဂျီယံ ထိုးစစ်သည် ထင်မှတ်ထားသလောက် အဆုံးသတ်ပိုင်း အားမကောင်းပေ။ သို့သော် ဟာဇက်နှင့် မာတင်းတို့၏ တောင်ပံထိုးစစ်များသည် လျင်မြန်သည်။ ထိုးဖောက်မွှေနှောက်အား အထူးကောင်းမွန်သည်။ ထို့ကြောင့် တောင်ကိုရီးယား ခံစစ်သည် ဘယ်လ်ဂျီယံ ထိုးစစ်အား ထိန်းချုပ်နိုင်ရန်မှာ ခက်ခဲလွန်းပေမည်။

ဆိုရလျှင် ဘယ်လ်ဂျီယံသည် အသင်းလိုက်ကစားပုံ၌ တောင်ကိုရီးယားထက် ပိုကောင်းသကဲ့သို့ တစ်ဦးချင်းခြေစွမ်းသည်လည်း တောင်ကိုရီးယားကစားသမားများထက်ပို၍ ပြည့်စုံသော အသင်းဖြစ်သည်။ ထို့အပြင် ကစားသမားများ၏ အတွေ့အကြုံပိုင်းတွင်လည်း တောင်ကိုရီးယားကစားသမားများထက် ဘယ်လ်ဂျီယံကစားသမားများက ပိုမိုပြည့်ဝနေပေသည်။ ထို့ကြောင့် ယခုပွဲတွင် နောက်တစ်ဆင့်တက်ရန်အတွက် တောင်ကိုရီးယားတို့ ခြေကုန်ထုတ်လာမည်ဖြစ်သော်လည်း အုပ်စုပထမနေရာရရန် ဂရုတစိုက် ကစားသွားမည့် ဘယ်လ်ဂျီယံကိုပင် နှစ်သက်မိပေသည်။ ■

အယ်လ်ဂျီးရီးယားကို အနိုင်ကစားရန်မှတစ်ပါး အခြားမရှိဟု ရုရှားနည်းပြကာပယ်လိုမှတ်ချက်ပြု

ရုရှားလက်ရွေးစင်အသင်းနည်းပြ ကာပယ်လိုက အုပ်စုဒုတိယပွဲစဉ်တွင် ဘယ်လ်ဂျီယံကို ရှုံးနိမ့်ခဲ့သော်လည်း ၁၆ သင်းအဆင့်သို့ တက်ရောက်ရန် အခွင့်အရေး ရှိနေသေးကြောင်း ပြောဆိုသွားသည်။

ရုရှားအသင်းသည် အုပ်စုအဖွင့်ပွဲတွင် တောင်ကိုရီးယားနှင့် ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ဒုတိယပွဲတွင် ဘယ်လ်ဂျီယံကို ထပ်မံရှုံးနိမ့်ခဲ့သည်။ သို့သော် ရုရှားအသင်းအနေဖြင့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အယ်လ်ဂျီးရီးယားအသင်းကို အနိုင်ရရှိခဲ့ပါက နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရနိုင်မည့် အခြေအနေတွင် ရှိနေသည်။

ကာပယ်လိုက "ကျွန်တော်တို့မှာ အခွင့်အရေးရှိနေသေးတယ်လို့ ထင်မိပါတယ်။ ဒါပေမယ် ကျွန်တော်တို့မှာ အယ်လ်ဂျီးရီးယားကို အနိုင်ရဖို့ဆိုတဲ့အချက်ကလွဲပြီး ရွေးချယ်စရာ နည်းလမ်းမရှိပါဘူး။ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်ခွင့်ရဖို့ အတွက် ၁၂ နှစ်ကြာ စောင့်ဆိုင်းခဲ့ရတဲ့ ကျွန်တော်တို့အတွက် အရေးကြီးဆုံးအချက်က ဒီလိုအဆင့်မြင့်တဲ့ ပြိုင်ပွဲမျိုးမှာ ဒီအဆင့်နဲ့သင့်တော်မယ့် လုံလောက်တဲ့အရည်သွေးတွေရှိနေဖို့ သင်ယူမှုတွေလုပ်ရမှာပါ"ဟု ပြောဆိုသွားသည်။

ရုရှားအသင်းသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို သုံးကြိမ်မြောက်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ယခင်ယှဉ်ပြိုင်ခဲ့သည့်နှစ်များတွင် အုပ်စုအဆင့်ဖြင့်သာ ကျနပ်ခဲ့ရသည်။

[သစ်လွင်]

ရုရှားနှင့်ပွဲတွင်လည်း တိုက်စစ်စွမ်းရည်ပြသရန် အသင်းဖော်များကို ဘရာဟီမီတိုက်တွန်း

အယ်လ်ဂျီးရီးယား ကွင်းလယ်ကစား သမားဘရာဟီမီက ၁၆ သင်းအဆင့်သို့ တက်ရောက်ခွင့်ရနိုင်ရေးအတွက် အုပ်စုနောက်ဆုံးပွဲစဉ်တွင် တိုက်စစ်စွမ်း ရည်ဖြင့် အနိုင်ရရှိအောင် ကစားသွားကြရန် အသင်းဖော်များကို တိုက်တွန်းပြောဆိုလိုက်သည်။

အယ်ဂျီးရီးယားသည် အုပ်စုဒုတိ ယပွဲစဉ်တွင် တောင်ကိုရီးယားအသင်းကို ၄-၂ ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ရန် အခွင့်အရေး ရရှိလာခဲ့ခြင်းဖြစ်သည်။

သို့သော် အယ်ဂျီးရီးယားအသင်းအနေဖြင့် နောက်တစ်ဆင့်သို့တက်ရောက်ခွင့်ရရေးအတွက် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် ရုရှားအသင်းနှင့်ကစားရမည့်ပွဲတွင် အရှုံးရလဒ်မဖြစ်အောင် ကစားသွားရမည်ဖြစ်သည်။

ဘရာဟီမီက "တောင်ကိုရီးယားနဲ့ပွဲမှာ ကျွန်တော်တို့ ကောင်းမွန်တဲ့တိုက်စစ်ဆင်မှုအချို့ကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ရုရှားနဲ့ပွဲမှာလည်း ဒီလိုစွမ်းရည်မျိုး ပြသနိုင်ဖို့ လိုပါတယ်။ ဒီပွဲမှာ တိုက်စစ်စွမ်းရည်ပြသဖို့ဆိုတာ မလွယ်ကူနိုင်ပေမယ့် ကျွန်တော်တို့ရဲ့ တည်ငြိမ်မှုရှိနေတဲ့ ခြေစွမ်းကိုတော့ ရပ်တန့်သွားမှာ မဟုတ်ပါဘူး" ဟု ပြောသွားသည်။

ဘရာဟီမီသည် တောင်ကိုရီးယားနှင့်ပွဲတွင် အသင်းအတွက် စတုတ္ထမြောက်ဂိုးကို သွင်းယူပေးခဲ့သူလည်း ဖြစ်သည်။

[သစ်လွင်]

၂၀၁၄ ကမ္ဘာ့လားပြိုင်ပွဲ၏ ရာပြည့်ဂိုးသွင်းယူသည့် ကစားသမား (သို့မဟုတ်) ဘရာဇီးတိုက်စစ်မှူးနေမာ

အိမ်ရှင်ဘရာဇီးနှင့် ခရိုအေးရှားအသင်းတို့၏ အုပ်စု(A) အုပ်စုအဖွင့်ပွဲစဉ်ဖြင့် စတင်ခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ယခုဆိုလျှင် အုပ်စုအဆင့်ပွဲစဉ်များပင် ပြီးဆုံးရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။ ပြီးခဲ့သည့် အင်္ဂါနေ့ နံနက် ၂ နာရီခွဲတွင် တစ်ပြိုင်တည်း ကစားခဲ့သော အုပ်စု(A) အုပ်စုနောက်ဆုံးပွဲစဉ်အထိ ပွဲစဉ်ပေါင်း ၃၆ ပွဲ ကစားအပြီးတွင် ပြိုင်ပွဲဝင် နိုင်ငံလက်ရွေးစင်အသင်း ၃၂ သင်းရှိ ကစားသမားများက သွင်းဂိုး စုစုပေါင်း ၁၀၈ ဂိုးသွင်းယူနိုင်ခဲ့ကြသည်။ ထိုကစားသမားများတွင် အထူးခြားဆုံး ကစားသမားတစ်ဦးပါဝင်နေသည်ဟု ဆိုနိုင်သည်။ ၎င်းကစားသမားမှာ ၂၂ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး နေမာပင်ဖြစ်သည်။

တိုက်စစ်မှူး နေမာသည် ဘရာဇီးနှင့်ကင်မရွန်းတို့၏ အုပ်စုနောက်ဆုံးပွဲစဉ် ပွဲချိန် ၁၇ မိနစ်တွင် ဘရာဇီးအသင်းအတွက် အဖွင့်ဂိုးကို ကွင်းလယ်ကစားသမား ဂူစတာဗို၏ ပေးပို့မှုမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ၁၇ မိနစ်တွင် နေမာ သွင်းယူခဲ့သည့်ဂိုးသည် ယခုနှစ် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့် ဂိုးဖြစ်လာခဲ့သည်။ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ရာပြည့်ဂိုးသွင်းယူသည့် တိုက်စစ်မှူးအဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။ ပွဲချိန် ၃၅ မိနစ်အရောက်တွင် နောက်တစ်ဂိုးထပ်မံသွင်းယူပေးခဲ့သဖြင့် အုပ်စုအဖွင့်ပွဲစဉ် ခရိုအေးရှားနှင့်ပွဲတွင် နှစ်ဂိုးသွင်းနိုင်ခဲ့သည့် ဘရာဇီးတိုက်စစ်မှူးသည် ပွဲစဉ် ၃၆ ပွဲ ကစားပြီးချိန်တွင် ဂိုးအများဆုံးသွင်းသည့် ကစားသမားစာရင်း၌ လေးဂိုးဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီဖြစ်သည်။

ထို့အပြင် ဘရာဇီးတိုက်စစ်မှူး နေမာသည် ယခုနှစ် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးပင်နယ်တီဂိုးကို အဖွင့်ပွဲစဉ် ခရိုအေးရှားနှင့်ပွဲ၌ အမှားအယွင်းမရှိ ဂိုးသွင်းနိုင်ခဲ့သည့်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားသူ ဖြစ်သည်။ ပြိုင်ပွဲမတိုင်မီက ဂိုးသွင်းဘုရင် ရေပန်းစားမှုမှာ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ၏နောက် ဒုတိယနေရာတွင်ရှိခဲ့သည့် ဘရာဇီးတိုက်စစ်မှူးသည် ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲအပြီး သွင်းဂိုး လေးဂိုးဖြင့် ဂိုးအများဆုံး သွင်းယူထားနိုင်ပြီဖြစ်၍ ရွှေဖိနပ်ဆုအတွက် အိပ်မက်မက်နေပြီဟု ပြောနိုင်သည်။ ဘရာဇီးအသင်းအတွက် ရှေ့ဆက်ရမည့် ခရီးတွင် အောင်မြင်မှုများ ရယူပေးဦးမည့် သူ၏နောက်ထပ်သွင်းဂိုးများကို ပရိသတ်အများစုက မျှော်လင့်နေကြပြီ ဖြစ်သည်။ ဘရာဇီးတိုက်စစ်မှူး နေမာအနေဖြင့် ကြုံကြိုက်ခဲ့ရသည့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသော ပြိုင်ပွဲတွင် သူ၏သွင်းဂိုးများဖြင့် ဘယ်လို မှတ်တမ်းသစ်တွေ ရေးထိုးနိုင်မှာလဲဆိုတာကိုတော့ စိတ်ဝင်တစားစောင့်ကြည့်ရမည်သာဖြစ်သည်။

[ဝင်းထွဋ်ဦး]

အယ်လ်ဂျီးရီးယား၏ အိပ်မက်ကို အဆုံးအဖြတ်ပေးမည့် ရုရှား

နေ့ရက် » ၂၇-၆-၂၀၁၄ အချိန် » (နံနက် ၂း၃၀) ကစားမည့်ကွင်း » Americo Guimaraes

မင်းမြတ်

အယ်လ်ဂျီးရီးယားနှင့်ရုရှား စိတ်ဝင်စားဖွယ်ကောင်းသောပွဲဖြစ်သည်။ ထိုပွဲသည် နိုင်သည့်အသင်းနောက်တစ်ဆင့်တက်နိုင်သောအခြေအနေတွင်ရှိသည်။ အထူးသဖြင့် အယ်လ်ဂျီးရီးယားသည် ယခုပွဲအနိုင်ရမည်ဆိုပါက နောက်တစ် ဆင့်တက်ရန် သေချာသွားမည်ဖြစ်သည်။ သို့သော် ရှုံး၍မဖြစ်။ ဆိုရလျှင် ထိုအုပ်စုတွင် အယ်လ်ဂျီးရီးယား၊ ရုရှား၊ တောင်ကိုရီးယားတို့၏ လက်ရှိရပ်တည်မှုသည် ဤသို့ရှိသည်။

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာမှု	ရမှတ်
အယ်လ်ဂျီးရီးယား	၂	၁	၀	၁	၅	၄	+၁	၃
ရုရှား	၂	၀	၁	၁	၁	၂	-၁	၁
တောင်ကိုရီးယား	၂	၀	၁	၁	၃	၅	-၂	၁

ထိုသို့သောအခြေအနေအရ အယ်လ်ဂျီးရီးယားသည် ရုရှားအားအနိုင်ရလျှင် လွတ်လွတ်ကျွတ်ကျွတ် နောက်တစ်ဆင့်တက်မည်က သေချာသည်။ သို့သော် သရေကျခဲ့လျှင်မူမသေချာ။ ဆိုရလျှင် အယ်လ်ဂျီးရီးယားသည် ရုရှားအား သရေသာကစားနိုင်ချိန်၌ တောင်ကိုရီးယားသည် ဘယ်လ်ဂျီယံအား အနိုင်မယူနိုင်လျှင်အကြောင်းမရှိ။ သို့သော် တောင်ကိုရီးယားသည် ဘယ်လ်ဂျီယံအား သုံးဂိုးပြတ်အနိုင်ရခဲ့လျှင် ယခုကဲ့သို့ရပ်တည်မှုပြောင်းလဲသွားပေလိမ့်မည်။

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာမှု	ရမှတ်
တောင်ကိုရီးယား	၃	၁	၁	၁	၆	၅	+၁	၄
အယ်လ်ဂျီးရီးယား	၃	၁	၁	၁	၅	၄	+၁	၄
ရုရှား	၃	၀	၂	၁	၁	၂	-၁	၂

ထိုသို့ဖြစ်လာပါက ဖော်ပြပါဇယားအတိုင်းပင် တောင်ကိုရီးယားသည် ရမှတ်တူ၊ ဂိုးကွာခြားမှုတူသည့်တိုင် သွင်းဂိုးပိုများမှုအရ နောက်တစ်ဆင့်တက်နိုင်ပေသည်။ ထို့ကြောင့် အယ်လ်ဂျီးရီးယားသည် ရုရှားနှင့်သရေကျမည်ဆိုလျှင် သွင်းဂိုးအများဖြင့် သရေကျရန်လိုပေသည်။ ထို့အပြင် ရှုံး၍လည်းမဖြစ်။ ရှုံးသည်နှင့် ရုရှားကို အခွင့်အရေးပေးရာ ရောက်မည်ဖြစ်သလို တောင်ကိုရီးယားကိုလည်း အခွင့်အရေးပေးရာရောက်ပေသည်။ ဆိုချင်သည်မှာ အကယ်၍ အယ်လ်ဂျီးရီးယားသည် ရုရှားအား ရှုံးနိမ့်ခဲ့ပြီး တောင်ကိုရီးယားသည်လည်း ဘယ်လ်ဂျီယံအား အနိုင်ယူနိုင်ခဲ့မည်ဆိုလျှင် တောင်ကိုရီးယားနှင့် ရုရှားတို့ လေးမှတ်ဆီတူညီပေမည်။ သို့ဆိုလျှင် ဂိုးကွာခြားချက်အရ တစ်သင်းသင်း တက်ရောက်ပေလိမ့်မည်။ အကယ်၍ ရုရှားသည် အယ်လ်ဂျီးရီးယားအား အနိုင်ရချိန်တွင် တောင်ကိုရီးယားက ဘယ်လ်ဂျီယံအား အနိုင်မယူနိုင်လျှင် ရုရှားသည် လွတ်လွတ်ကျွတ်ကျွတ် နောက်တစ်ဆင့်တက်ပေလိမ့်မည်။ ထို့ကြောင့် ထိုပွဲသည် အယ်လ်ဂျီးရီးယားအတွက်ရော ရုရှားအတွက်ပါ အရေးပါသောပွဲဟု ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်မှဖြစ်မည့်ထိုပွဲတွင် နှစ်သင်းစလုံးအားစိုက်ကစားကြမည်ဖြစ်ပေရာ အကြိတ်အနယ် ရှိမည့်အပြင် စိတ်ဝင်စားဖွယ်ကောင်းသော ပွဲတစ်ပွဲလည်း ဖြစ်နေသည်။

ဆိုရလျှင် အယ်လ်ဂျီးရီးယား၏ခြေသည် တောင်ကိုရီးယားနှင့်ပွဲတွင် ကောင်းမွန်မှုရှိခဲ့သည်မှာ မှန်သည်။ သို့သော် တောင်ကိုရီးယား၏ ခံစစ်ပိုင်းအားနည်းမှုများသည် အယ်လ်ဂျီးရီးယားအတွက် အခွင့်အရေးများဖြစ်ခဲ့သည်ကိုလည်း မေ့၍မရ။ ဆိုရလျှင် ရုရှားသည် ကစားပုံကောင်းမွန်သောအသင်းဖြစ်သည်။ အထူးသဖြင့် ရုရှားသည် အသင်းလိုက်ကစားပုံ အထူးကောင်းမွန်သောအသင်းဟုဆိုရမည်ဖြစ်သကဲ့သို့ ခံစစ်ပိုင်းသည်လည်း ကျစ်လျစ်မှုရှိသည်။ ထို့အပြင် အယ်လ်ဂျီးရီးယားသည် လျင်မြန်မှုရှိသကဲ့သို့ ရုရှားသည်လည်း လျင်မြန်မှုရှိသောအသင်းဖြစ်သည်။ သို့ဆိုလျှင် ရုရှားတွင် အားနည်းချက်မရှိဟုဆိုရာရောက်သော်လည်း လက်တွေ့တွင်မူ ရုရှားတွင် အားနည်းမှုကြီးကြီးမားမားရှိပေသည်။ ဤသည်မှာ တိုက်စစ်ပိုင်းပင်ဖြစ်သည်။ ဆိုရလျှင် ရုရှား၌ အဆုံးသတ်သေချာသော တိုက်စစ်မှူးမရှိ။ သို့သော် အယ်လ်ဂျီးရီးယား၏ ခံစစ်သည်လည်း ထင်သလောက် ကျစ်လျစ်မှုမရှိပေ။ အယ်လ်ဂျီးရီးယား၏ ခံစစ်သည် တောင်ကိုရီးယား၏ တိုက်စစ်ကိုပင် ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ရုရှား၏တိုက်စစ်အားပျော့သော်လည်း အယ်လ်ဂျီးရီးယား၏ခံစစ်အားပျော့မှုအရ ယခင်ကပွဲများကဲ့သို့ ရှုန်းကန်ရဖွယ်မရှိပေ။ ထို့ကြောင့် အတွေ့အကြုံတစ်ဦးချင်းစွမ်းရည်ပိုင်းများ၌ပါ အသာရနေသည့်အပြင် ကာပယ်လို ကဲ့သို့သော နည်းပြကောင်းတစ်ဦးပါရှိနေသော ရုရှားကသာ ကပ်၍အနိုင်ရသွားမည်ဟု ယူဆမိပေသည်။

ဂါနာကို အနိုင်ယူရန်ခက်သည့် ပေါ်တူဂီ

» » ရွှေဖုံးမှ

စုဖွဲ့မှုနှင့် နားလည်မှုပိုင်းတွင် ပို၍ပြည့်စုံထက်မြက်သည်။ ပေါ်တူဂီတွင် ထိုသို့သော ကွင်းလယ် စုဖွဲ့မှုမျိုးမရှိ။ မွန်တင်ဟို၊ မီလိုဆို၊ မီရယ်လက်စ်တို့မှာ သာမန်ခြေစွမ်းမျိုးသာရှိကြသူများဖြစ်သည်။ ထို့ကြောင့် ဂါနာသည် ထိုပွဲ၌ ဂျာမနီနှင့်ပွဲကကဲ့သို့ ခပ်မာမာ တုံ့ပြန်ကစားမည်ဆိုလျှင် ပေါ်တူဂီအနေဖြင့် ကစားကွက်ပိုင်းအသာရရန် ခက်ခဲပေလိမ့်မည်။ အကယ်၍ ကစားကွက်ပိုင်းအသာမရခဲ့ပါက ပေါ်တူဂီသည် ရော်နယ်ဒိုအား ပံ့ပိုးပေးနိုင်မှုတွင်ပါ အားနည်းသွားပေလိမ့်မည်။ ထိုသို့ဆိုလျှင် ပေါ်တူဂီတိုက်စစ်သည် အမေရိကန်နှင့်ပွဲကကဲ့သို့ပင် အခွင့်အရေးရရန် လွယ်မည်မဟုတ်ပေ။ ထို့အပြင် ဂါနာသည် အသင်းလိုက်ကစားပုံမာကျောသည်။ ထိုမာကျောမှုနှင့် လျင်မြန်မှုအား ပေါင်းစပ်ကာ တန်ပြန်တိုက်စစ်ကို အကောင်းဆုံး တုံ့ပြန်အသုံးချနိုင်သည်။

ပေါ်တူဂီ၏ ကွင်းလယ်တွင် ကွင်းလယ်အဖျက်ကစားသမား ကောင်းကောင်းမရှိ။ ထို့ကြောင့်ပင် ဂါနာ၏ တန်ပြန်တိုက်စစ်အား ကွင်းလယ်မှ ကြိုတားပေးနိုင်စွမ်းမရှိနိုင်။ အမေရိကန် နှင့်ပွဲတွင် ထိုသို့ ကွင်းလယ်အဖျက်အား ကောင်းကောင်းမရှိ၍ အမေရိကန်၏ တုံ့ပြန်ထိုးဖောက်မှုများအား ခက်ခက်ခဲခဲ ဟန့်တားခဲ့ရကာ သရေကျရန်ပင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် ပေါ်တူဂီ၏ ခံစစ်တွင် ပီပီ ပြန်လည်ပါဝင်လာမည်ဖြစ်သော်လည်း ခံစစ်ပိုင်းအရည်အသွေးသည်ထွေထွေထူးထူး ထက်မြက်လာဖွယ်မရှိပေ။ ကွန်ထရာအိုမပါဝင်နိုင်ခြင်းမှာ ပေါ်တူဂီ၏ တောင်ပံခံစစ်ပိုင်း အားလျော့နေစေသောကြောင့် ပေါ်တူဂီအနေဖြင့် ဂါနာ၏ တုံ့ပြန်ထိုးဖောက်မှုအား ဟန့်တားရန် ခက်ခဲပေလိမ့်မည်။

အထူးသဖြင့် ဂါနာ၏ ကွင်းလယ်ကစားသမားများဖြစ်သော ဘိုတန်၊ ရာဘီယူတို့မှာ မာကျောသူများဖြစ်သည်။ ထို့ကြောင့်ပင် ပေါ်တူဂီ၏ ကွင်းလယ်အား ကောင်းစွာ ဟန့်တားနိုင်စွမ်းရှိသည်။ ထို့အပြင် အာယောအစ်ဆူတို့၏ တောင်ပံတိုက်စစ်များသည်လည်း လျင်မြန်မှုအပြည့် ရှိနေသည့်အပြင် အဓိက တိုက်စစ်မှူး အဆာမိုဂျန်မှာလည်း တွန်းတွန်းတိုက်တိုက်ဖြင့် ထိုးဖောက်နိုင်စွမ်းရှိသော အဆုံးသတ်ပိုင်းအားကောင်းသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ပေါ်တူဂီသည် ဂါနာအား ထိန်းချုပ်ကစားနိုင်ရန်ခက်သကဲ့သို့ အသာရရန်လည်း ရုန်းကန်ရနိုင်သည်။ အထူးသဖြင့် ပေါ်တူဂီသည် နောက်တစ်ဆင့်တက်ရန် လိုအပ်သည့် ဂိုးအရေအတွက်မှာ တစ်ဂိုး မဟုတ်။ နှစ်ဂိုးမဟုတ်။ လေးဂိုးပြတ် အနိုင်ရပါမှ မျှော်လင့်နိုင်မည့် အခြေအနေတွင် ရှိသည်။ ထို့ကြောင့် ပေါ်တူဂီသည် ဦးဆောင်ဂိုး မရလျှင်ပင် အနိုင်ရရန် ထိန်းကစားသွားမည်မဟုတ်။ တိုက်စစ်ဖွင့်ကစားသွားမည်က သေချာသည်။ သို့ဆိုလျှင် ပေါ်တူဂီအနေဖြင့် ဂါနာ၏ တန်ပြန်တိုက်စစ်အား ထိန်းချုပ်ရာ၌ ပို၍ပင် အားနည်းမှုများ ရှိလာမည်က သေချာသည်။ ထို့ကြောင့် ထိုပွဲတွင် ပေါ်တူဂီအနေဖြင့် အနိုင်ရရန် အားစိုက်လာမည်က သေချာသော်လည်း ဂါနာ၏ တုံ့ပြန်ကစားအားကိုသာ နှစ်သက်မိသည်။

[ရှိုင်းမင်းမင်း]



ဂျာမနီကို အနိုင်ကစားမယ်ဆိုတဲ့ အမေရိကန်အသင်းနည်းပြ ကလင်းစမန်း

အမေရိကန်အသင်းနည်းပြ ဂျာဂင် ကလင်းစမန်းက အုပ်စု (ဆ) နောက်ဆုံးပွဲစဉ် ဂျာမနီအသင်းနှင့်ပွဲတွင် နှစ်သင်းစလုံး သရေကျပါက ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ပြီဖြစ်သော်လည်း အနိုင်ရရှိအောင် ကစားသွားမည်ဟု ပြောကြားလိုက်သည်။ ပေါ်တူဂီအသင်းနှင့် နှစ်ဂိုးစီ သရေကျပြီးနောက် ဂျာမနီအသင်းနှင့် အမေရိကန်အသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များ၏ မေးမြန်းမှုကို ကလင်းစမန်းက ယခုကဲ့သို့ ဖြေကြားခြင်း ဖြစ်သည်။

"ကျွန်တော်တို့မှာ တိုက်ပွဲဝင်စိတ် အပြည့်အဝရှိပါတယ်။ ပွဲစဉ်တိုင်းကိုလည်း ကြိုးစားကစားပါတယ်။ ဂျာမနီအသင်းကို အနိုင်ရရှိဖို့ အစွမ်းကုန် ကြိုးစားကစားသွားမှာပါ။ ဒါဟာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပါ" ဟု ဂျာမန်လူမျိုးနည်းပြ ကလင်းစမန်းက ဆိုသည်။

အုပ်စုတွင်းပြိုင်ဘက်ဖြစ်သော ပေါ်တူဂီအသင်း နောက်တစ်ဆင့် မတက်ရောက်နိုင်ရန် ပူးပေါင်းကြံစည်နိုင်ခြင်း ရှိ၊ မရှိ ပေါ်တူဂီနည်းပြ ဘင်တိုကို သတင်းထောက်များက မေးမြန်းရာ "ဒီအချိန်မှာ ကိုယ့်အသင်းအကြောင်းပဲ ကိုယ်စဉ်းစားရမှာပါ။ အခြားပွဲစဉ်မှာ အခြားအသင်းဘာတွေဖြစ်နေတယ်ဆိုတာ စဉ်းစားစရာမလိုပါဘူး။ ကစားသမားတစ်ယောက်အဖြစ်နဲ့ရော နည်းပြတစ်ယောက်အနေနဲ့ပါ ဖြတ်သန်းလာတဲ့ အတွေ့အကြုံအရ အခြားအသင်းတစ်သင်း ဘယ်တော့မှ လုပ်နိုင်လိမ့်မယ်လို့ ထင်မထားတဲ့အရာတွေ ဖြစ်လာတတ်ပါတယ်"ဟု ဆိုသည်။

[သုတ]

နေ့ရက် - ၂၆-၆-၂၀၁၄
အချိန် - ည ၁၀း၃၀
ကစားမည့်ကွင်း - **Arena Pernambuco**

အနိုင်အရှုံးအဖြေပေါ်ရန်ခက်ခဲသည့်

အမေရိကန်နှင့် ဂျာမနီ

အမေရိကန်နှင့် ဂျာမနီ။ အုပ်စုမှတက်ရန် နှစ်သင်းစလုံးအတွက် အဆုံးအဖြတ်ပွဲဟု ဆိုနိုင်သည်။ ထို့အပြင် အုပ်စုတစ်စုလုံးအား အဆုံးအဖြတ်ပေးနိုင်သော ပွဲဟူ၍လည်း ပြော၍ရသည်။ လက်ရှိရပ်တည်မှုအရ အမေရိကန်သည်လည်း လေးမှတ်။ ဂျာမနီသည်လည်း လေးမှတ်၊ ဂါနာနှင့်ပေါ်တူဂီက တစ်မှတ်စီ။ ထိုအခြေအနေတွင် အမေရိကန်နှင့် ဂျာမနီပွဲ၌ သရေကျလျှင်ပြီးပြီဟု ဆိုနိုင်သည်။ ငါးမှတ်စီဖြင့် ဂျာမနီနှင့် အမေရိကန်သာ နောက်တစ်ဆင့်တက်မည်။ ဂါနာနှင့် ပေါ်တူဂီပွဲအား ကြည့်ရန်မလိုတော့။ အမေရိကန်နှင့် ဂျာမနီတို့ပွဲ၌ အနိုင်အရှုံးအဖြေပေါ်မှသာ ဂါနာနှင့် ပေါ်တူဂီတို့ပွဲမှ အနိုင်ရသောအသင်းမှာ မျှော်လင့်ချက်ရှိပေမည်။ သို့ဆိုလျှင် ထိုပွဲသည် မည်သို့ဖြစ်လာမည်နည်း။ နှစ်သင်းစလုံး အနာမခံ၊ အပင်ပန်းမခံဘဲ ပွဲအား အေးအေးဆေးဆေး ထိန်းချုပ်ကာ အတူတကွ နောက်တစ်ဆင့် တက်ရောက်သွားမည်လား။ သို့မဟုတ် ဝေဖန်မှုများကင်းလွတ်ရန် မဖြစ်မနေ အနိုင်ကစားကြမည်လား။ စိတ်ဝင်စားဖွယ် ကောင်းလှန်းသည်။

ထိုနေရာတွင် စဉ်းစားစရာ တစ်ချက်ရှိသည်။ ဤသည်မှာ သူတို့ပွဲသည် အနိုင်/အရှုံးအဖြေပေါ်ခဲ့ပါက အဘယ်မျှ ထိခိုက်နစ်နာမှုရှိမည်နည်းဆိုသည့်အချက်ပင် ဖြစ်သည်။ ထိုပွဲ၌ ဂျာမနီရှုံးလျှင် အုပ်စုမှတက်နိုင်မည့် အခွင့်အလမ်းအား သိပ်မထိခိုက်နိုင်။ တစ်ဂိုး-ဂိုးမရှိဖြင့်ပင် ရှုံးသည်ထား၊ သူတို့တွင် ဂိုးကွာဟမှု +၃ အထိရှိမည်။ အကယ်၍ ဂျာမနီ၏ အဆိုပါ +၃ကိုကျော်ဖြတ်ဖို့ဆိုလျှင် ဂါနာသည် ပေါ်တူဂီအား အနိမ့်ဆုံး လေးဂိုးပြတ် အနိုင်ရရန်လိုသည်။ ပေါ်တူဂီသည်လည်း ဂါနာအား ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရန်လိုသည်ဖြစ်ရာ ဂျာမနီအတွက် အုပ်စုတက်ရေးမှာ ထင်သလောက် ထိခိုက်ဖွယ်မရှိ။ သို့သော် ခြွင်းချက်တစ်ခုတော့ရှိသည်။ ဤသည်မှာ ဂျာမနီသည် ရှုံးသည်နှင့် အုပ်စုဒုတိယဖြစ်မည်။ သို့ဆိုလျှင် အုပ်စု(H)မှ ဘယ်လ်ဂျီယံနှင့် ဆုံရဖွယ်ရှိသည်။ ထို့အပြင် မျှော်လင့်ထားသည့် လမ်းကြောင်းသည်လည်း ပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့် အဆိုပါပွဲသည် ဂျာမနီအတွက် မရှုံးသည်က ပို၍ကောင်းပေမည်။

အထူးသဖြင့် အမေရိကန်အတွက်ဆိုလျှင် ပို၍ပင် ထိထိခိုက်ခိုက်ရှိနိုင်သည်။ ဂျာမနီအား အမေရိကန်သည် တစ်ဂိုး-ဂိုးမရှိဖြင့်သာ အရေးနိမ့်ခဲ့လျှင် နောက်တစ်ဆင့်တက်ရန် မသေချာ။ အကယ်၍ အမေရိကန်အနေဖြင့် ဂျာမနီအား ရှုံးနိမ့်ချိန်၌ ဂါနာနှင့် ပေါ်တူဂီတို့ပွဲသည် သရေကျသည်ဖြစ်စေ၊ ပေါ်တူဂီက သုံးဂိုးလောက်နှင့်သာ အနိုင်ရလျှင်ဖြစ်စေ အမေရိကန်အတွက် ပြဿနာမရှိသေး။ သို့သော် အမေရိကန်အနေဖြင့် ဂျာမနီအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးချိန်တွင် ပေါ်တူဂီက ဂါနာအား လေးဂိုးပြတ်အနိုင်ရလျှင်ဖြစ်စေ၊ ဂါနာက ပေါ်တူဂီအား နှစ်ဂိုးပြတ် (သို့မဟုတ်) နှစ်ဂိုး-သုံးဂိုး၊ တစ်ဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရလျှင်ဖြစ်စေ အမေရိကန်တို့ အုပ်စုမှထွက်သွားရဖွယ် ရှိနေသည်။ သို့အတွက်ကြောင့် ထိုပွဲသည် အမေရိကန်အတွက် ရှုံး၍မဖြစ်။ မရှုံးသည်က ပို၍ကောင်းသည်ဟု ဆိုရပေမည်။ သို့ဆိုလျှင် ထိုနှစ်သင်းသည် အနိုင်ရရန် ရေကုန်ရေခန်း ကြိုးစားအားထုတ်ကြမည်လော။

ထိုနေရာတွင် စဉ်းစားရမည်က ပြောခဲ့သည်မှာ နှစ်သင်းစလုံးမရှုံးသင့်သော အခြေအနေဖြစ်သည်။ နိုင်မှဖြစ်မည်ဆိုသော အခြေအနေမဟုတ်ပေ။ ထိုသို့သောအခြေအနေတွင် တိုက်စစ်ကို အားပြုမည်လော။ သို့မဟုတ် ခံစစ်ကို အားပြုမည်လော။ တိုက်စစ်ဖွင့်ကစားသည်မှာ အန္တရာယ်များသည်။ တစ်ချက်အမှားမခံ။ တစ်ချက်ကလေးအမှားကြောင့် ပြိုင်ဘက်၏ တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂိုးသွင်းယူမှုကို ခံရနိုင်သည်။ အထူးသဖြင့် အမေရိကန်နှင့် ဂျာမနီတို့၏ ခံစစ်ကြောင်း နှစ်ရပ်စလုံးသည် သာမန်အဆင့်သာရှိကြသည်။ ဂျာမနီ၏ခံစစ်ဆိုလျှင် တန်ပြန်တိုက်စစ်အား ကောင်းစွာအသုံးချနိုင်သည့်အသင်းများအား ထိန်းချုပ်နိုင်ခြင်းမရှိသည်ကို ဂါနာနှင့် ပွဲတွင် တွေ့မြင်ခဲ့ကြရပြီဖြစ်သည်။ အမေရိကန်၏ ခံစစ်ကြောင်းသည်လည်း သေချာပေါက် အနိုင်ရနိုင်သော အခွင့်အရေးအား စက္ကန့်ပိုင်းလောက်ပင် မထိန်းနိုင်ခဲ့သည်ကို ပေါ်တူဂီနှင့်ပွဲတွင် တွေ့ခဲ့ကြပြီးဖြစ်သည်။ ထို့အတွက်ကြောင့်ပင် မလိုလားအပ်သည့် နစ်နာမှုများမဖြစ်စေရေးဆိုသည့် စိတ်ပိုင်းဖြတ်မှုသည်သာ နှစ်သင်းစလုံးတွင် ရှိပေလိမ့်မည်။

ထို့ကြောင့် နှစ်သင်းစလုံးသည် အင်တိုက်အားတိုက်ဖြင့် အနိုင်ရရှိရေး အားစိုက်ရန်၊ တိုက်စစ်ဖွင့်ကစားရန်ဆိုသည်ထက် ခံစစ်ပိုင်းကို အကျစ်လျစ်ဆုံးဖြစ်စေရန်သာ ရည်ရွယ်၍ သေချာမှုတစ်ခုအားရှာဖွေသွားမည်က သေချာသည်။ သို့ဆိုလျှင် ပွဲအဖြေသည် အနိုင်/အရှုံးပြတ်သွားပါမည်လော။ ထိုနှစ်သင်းသည် ထိပ်တိုက်ဆုံတွေ့မှု ကိုးကြိမ်ရှိသည်။ ထိုကိုးကြိမ်တွင် ကွာဟမှုကျဉ်းမြောင်းသည်ဟုတော့ မဆိုနိုင်သည်ကို ဤသို့ တွေ့ရမည်။

၂၀၁၃	အမေရိကန်	၄-၃	ဂျာမနီ
၂၀၀၆	ဂျာမနီ	၄-၁	အမေရိကန်
၂၀၀၂	ဂျာမနီ	၁-၀	အမေရိကန်
၂၀၀၂	ဂျာမနီ	၄-၂	အမေရိကန်
၁၉၉၉	အမေရိကန်	၁-၀	ဂျာမနီ
၁၉၉၉	အမေရိကန်	၃-၀	ဂျာမနီ
၁၉၉၈	ဂျာမနီ	၂-၀	အမေရိကန်
၁၉၉၃	အမေရိကန်	၀-၃	ဂျာမနီ
၁၉၉၃	အမေရိကန်	၃-၄	ဂျာမနီ

ယခုပွဲသည် အနိုင်ရရှိရေးထက် မရှုံးနိမ့်ရေးကိုသာ ပို၍ဦးစားပေးကြမည်ဖြစ်သဖြင့် သရေရလဒ်ဆီသာ ဦးတည်နေပေသည်။

[ရှိုင်းမင်းမင်း]

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ပုံနှိပ်လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း(၁)မျိုးဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ပုံနှိပ်လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း(၁)မျိုးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

Bizhub Press C-6000 **1No**
Country Origin-Japan
Brand-Bizhub Press C-6000

Technical Specifications
Preview Board Kit PH-102
Hard Disk Unit HD-514
KM Embedded Print Controller IC-601
By Pass Tray MB-504(250 shts)
Output Tray Unit OT-502
Platen Cover OC-506

Optional Items
Booklet & Staple Finisher FS-612(50 Shts Saddle Stich)
Relay Unit RU-509
Reverse Auto Document Feeder RADF DF-622
Large Capacity Paper Tray(2500 shts)LU-202

၂။ အိတ်ဖွင့်တင်ဒါများကို ၃၀-၆-၂၀၁၄ရက်မှ ၁၄-၇-၂၀၁၄ရက်အထိ နေ့စဉ်(၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၇-၂၀၁၄ရက် (၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၂၀၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း	**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
ပြန်ကြားရေးဝန်ကြီးဌာန	**ပြန်ကြားရေးဝန်ကြီးဌာန**
ရုံးအမှတ်(၇)နေပြည်တော်	**ရုံးအမှတ်(၇)၊ နေပြည်တော်**
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅	**ဖုန်း-၀၆၇-၄၁၂၃၂၇**

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက် အောက်ပါလုပ်ငန်း(၆)ခုအား တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေဂါလန်(၂၅၀၀၀)ဆံ့ ရေစင်တည်ဆောက်ခြင်း
(ခ) Waste Water Treatment Plant အတွက် အုတ်ရေမြောင်း တည်ဆောက်ခြင်း
(ဂ) ဘွိုင်လာနှင့်ရေသန့်စင်စနစ်ထားရှိမည့် အဆောက်အအုံတည်ဆောက်ခြင်း
(ဃ) ရေဂါလန် (၁၀၀၀၀)ဆံ့ သံရေစင်တည်ဆောက်ခြင်း
(င) ကတ္တားချိန်တွယ်မည့် အဆောက်အအုံတည်ဆောက်ခြင်း
(စ) ပင်မရေမြောင်းများတည်ဆောက်ခြင်း

၂။ (က) တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၂၃-၆-၂၀၁၄ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၀၁-၆၄၆၂၇၄



ဖိတ်ကြားခြင်း

ပြင်ဦးလွင်မြို့၊ ဗိုလ်သင်တန်းကျောင်း အပတ်စဉ်(၉)သို့ တက်ရောက်ခဲ့သည့် သင်တန်းသား အရာရှိနှင့် မိသားစုတို့၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုအကြိမ်(၂၃)ရှိပြီဖြစ်ပါသည်။ သင်တန်းသား ၁၇၀ကျော်ရှိသည့်အနက် တရားသဘောအရ ကွယ်လွန်ကြပြီဖြစ်သောကြောင့် ယခု ၂၈ယောက် ခန့်မျှသာ ကျန်ပါသည်။

ယခု ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၁၁ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂၁)၊ ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပမည့် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် အာစရိယပူဇော်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားလွှာကို စာတိုက်မှပေးပို့ပြီးဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ဖိတ်စာမရခဲ့ပါလျှင်လည်း မပျက်မကွက် တက်ရောက်ဖို့ သတင်းစာမှ တစ်ဆင့် ဖိတ်ကြားအပ်ပါသည်။ **ကျင်းပရေးအဖွဲ့**

ဆက်သွယ်ရန်-ဒုတိယဗိုလ်မှူးကြီး နေဝင်း-ဖုန်း-၀၁-၆၈၄၈၃၄၊ မှူး-စိုးမင်း-ဖုန်း-၀၉-၄၉၂၂၅၉၆၄

စာအုပ်စာပေလှူမိတ်ဆွေ



ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

မြန်မာရွှေတြိဂံအချိုရည်လုပ်ငန်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ (၃)ရပ်ကွက်၊ ချယ်ရီလမ်းတွင် တည်ရှိပြီး အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်(ကျားခေါင်းတံဆိပ်)(TIGLON)ကို ကျိုင်းတုံမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၉-၅-၂၀၁၄ ရက်က စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၁/၂၀၁၄ ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်ဖြင့် အချိုရည်ဘူးများထုတ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

ယင်းကုန်အမှတ်တံဆိပ်သည် ဦးသိန်းမောင်[၁၂/လကန(နိုင်)၂၀၅၅၄၁] တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်၍ ယင်းကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အတိအလင်းဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ တုပပြုလုပ်သုံးစွဲခြင်းကို တွေ့ရှိပါက ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးသိန်းမောင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းမြင့်
B.Sc(Q),C.T.Med,H.G.P,R.L
D.B.L,D.M.L,D.I.L,D.APsy,D.A.E
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၈)

ဒေါ်ကေခိုင်မွန်
LL.B,D.B.L,D.M.L,D.I.L
အထက်တန်းရှေ့နေ(စဉ်-၃၈၃၈၃)

အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မော်ဘီမြို့၊ မြို့မ(၃)တိုးချဲ့ရပ်ကွက်အတွင်းရှိ အိမ်ရာမြေကွက်အမှတ် (W-၁၁၊ ၁၂၊ ၁၃)နှင့် (EK-၁၄) မြေကွက် (၄)ကွက်အား မူလပိုင်ရှင်များထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ရာ အဆိုပါမြေကွက်များနှင့် ပတ်သက်၍ ရုံးလုပ်ငန်းဆိုင်ရာများ ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရန်ရှိပါသဖြင့် မြေကွက်များ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
မော်ဘီ-ဦးမြင့်ဆွေ
(LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၁)
ရုံး-စုပေါင်းရုံးလမ်း၊
မြို့နယ်တရားရုံးရှေ့၊ မော်ဘီမြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၈/ကရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ်(၄၁)၊ မြေညီထပ်(ညာ)ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၁၂½×၅၀) အမြင့် ပေ(၁၅)ထပ်ခိုးတစ်ဝက်စလစ်ပါ အသင့်ပြင်ဆင်ပြီး တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးသိန်းဌေး[၈/သရန(နိုင်)၀၀၆၃၈၂]မှ တရားဝင်ပိုင်ဆိုင်ပြီးအပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဌေးသိန်းအောင်
အထက်တန်းရှေ့နေ(စဉ်-၄၀၉၆၀)
ဖုန်း-၀၉-၅၀၈၈၈၇၇၊ ၀၉-၇၃၁၈၈၈၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၅၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၅)၊ သိင်္ဂီ(၁)လမ်းမြောက်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးလှတင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးလှတင်(ဖခင်)၊ ဒေါ်တင်ရွှေ(မိခင်)တို့ ကွယ်လွန်သဖြင့် သား/သမီးများဖြစ်သော ၁။ဦးဇော်ဝင်း[၁၂/သကတ(နိုင်)၀၁၇၁၇၀]၊ ၂။ဦးအောင်နိုင်ဦး[၁၂/သကတ(နိုင်)၀၁၇၇၆၄]၊ ၃။ဒေါ်သင်းသင်းဝါ[၁၂/သကတ(နိုင်)၁၃၅၈၈၀]၊ ၄။ဒေါ်ခင်မျိုးဝါ[၁၂/သကတ(နိုင်)၁၂၀၃၀၉]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၂၂၈/၁၄)ရသူ ဦးအောင်နိုင်ဦးမှ သေစာရင်းနှင့် ကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မှူးယစ်ဆန့်ကျင် အောင်ပွဲဆင်

အများသိစေရန်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း (၃)ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ သီရိမြိုင်လမ်း၊ အမှတ်(၅၃/က)နေ ဒေါ်သင်ဇာဦး [၁၂/ဒဂန(နိုင်)၀၀၀၁၅၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ထွန်းအောင်[၁၂/သဃက(နိုင်)၁၃၇၆၀၇]သည် ၂၀၁၂ခုနှစ်မှစ၍ ဒေါ်သင်ဇာဦးနှင့် လက်ထပ်ပေါင်းသင်းခဲ့ရာ သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ၂၀၀၉ခုနှစ်တွင် ဇနီးနှင့်သားသမီး(၂)ဦးအား ကျွေးမွေးထောက်ပံ့ခြင်းမရှိဘဲ စွန့်ပစ်ထားသည့်အတွက် ဒေါ်သင်ဇာဦးမှ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် ဥပဒေနှင့်အညီ လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ရာ ၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀၀ဖြင့် လက်ခံစစ်ဆေးပြီး ၃-၁-၂၀၁၄ရက်တွင် လင်မယားကွာရှင်းပြတ်စဲသည့် ဒီကရီချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

လွှဲအပ်ညွှန်ကြားသူ **ဒေါ်သင်ဇာဦး**	**ဒေါ်သန်းရွှေ B.A,R.L,Dip Ed** **တရားလွှတ်တော်ရှေ့နေ(၃၁၈၀)**	**ဦးလှကို** **B.A,R.L,Dip-Business Law** **တရားလွှတ်တော်ရှေ့နေ (၂၃၁၃)**

အမှတ်(၂၈)၊ ၂၉လမ်း၊ ၇၁×၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၂-၆၅၁၉၄

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(6G/7421)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၄၀½)၊ မြေကွက်တည်နေရာအမှတ်(၁၄၀½)၊ ဝဇီရာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်တင် (စီအက်ဖ်-၀၁၇၃၄၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်တင်၊ ဖခင်ဦးမာမက် ကွယ်လွန်သဖြင့် ဦးသောင်း[၁၂/ဥကမ(နိုင်)၀၆၅၈၈၂]၊ ဒေါ်သန်းညွန့်[၁၂/ဥကမ(နိုင်)၁၄၀၇၃၉]၊ ဦးမောင်သန်း[၁၂/တမန(နိုင်)၀၈၃၂၁၂]၊ ဒေါ်ရီ[၁၂/ဥကမ(နိုင်)၀၆၈၉၇၂]၊ ဒေါ်ခင်ညွန့်[၁၂/ဥကမ(နိုင်)၀၆၆၇၃၂]၊ ဦးတင်ထွေး[၁၂/ဥကမ(နိုင်)၁၄၀၆၉၅]၊ ဦးယဉ်ထွေး[၁၂/ဥကမ(နိုင်)၁၄၀၆၉၆]တို့က သားသမီးများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၁၉/၂၀၁၄)ဖြင့်လည်းကောင်း၊ (၁၉၂၀/၂၀၁၄)ဖြင့်လည်းကောင်း ရရှိသူ ဦးသောင်းမှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်၊ လမ်းရှည်လမ်း၊ အမှတ်(၄၂၀)နေ ဒေါ်မြမြဝင်း[၇/ပမန(ဧည့်)၀၀၀၁၂၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်၊ ပုဆိုးတန်းလမ်း၊ မြေတိုင်းအခေါ် အကွက်အမှတ်(၅)၊ ရွှေကူကွက်၊ ဦးပိုင်အမှတ်(၂၃၄+၂၃၅)၊ မြေချိန်ဧရိယာ(၀. ၀၀၃+၀. ၀၂၂)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေယာကွက်နှင့် ဂရန်အကျိုးခံစားခွင့် မြေကွက်(၂)ကွက်နှင့် ၎င်းမြေပေါ်ရှိ ဂိုဒေါင်အဆောက်အအုံအပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များကို အမွေရပိုင်ဆိုင်သူ ဒေါ်တင်ရီထံမှ လွန်ခဲ့သော ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်တွင် ကျွန်ုပ်တို့အမှုသည် ဒေါ်မြမြဝင်းမှ ဥပဒေနှင့်အညီ တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုဝယ်ယူခဲ့သော မြေနှင့် ဂိုဒေါင်အဆောက်အအုံတို့ဖြစ်ပါသည်။

ဒေါ်တင်ရီသည် ၃-၅-၂၀၁၄ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်တင်ရီ မကွယ်လွန်မီ ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်ပါ ပဋိညာဉ်အရ အထက်ဖော်ပြပါမြေကွက်(၂)ကွက်နှင့် မြေပေါ်ရှိ ဂိုဒေါင်အဆောက်အအုံတွင် ဒေါ်တင်ရီ သက်ရှိထင်ရှားရှိစဉ်တွင် ဒေါ်တင်ရီမှ အသုံးပြုမည်ဖြစ်ပြီး ဒေါ်တင်ရီကွယ်လွန်ပြီးနောက် ၎င်းမြေနှင့် ဂိုဒေါင်အဆောက်အအုံကို ကျွန်ုပ်တို့အမှုသည်မှ လက်ရောက်လွှဲပြောင်းယူရန် သဘောတူညီခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အမှုသည်မှ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ဝယ်ယူခဲ့သော ၎င်းပစ္စည်းများအား လက်ရောက်လွှဲပြောင်းရယူရန် စီစဉ်နေပြီဖြစ်သည့်အတွက် ကျွန်ုပ်တို့အမှုသည်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ကျွန်ုပ်တို့၏အမှုသည်ပိုင် ပစ္စည်းများအား လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ တစ်ဆင့်ရောင်းချခြင်း မပြုလုပ်ရန် တရားဝင်အသိပေး တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်သန်း(LL.B)(စဉ်-၂၉၅၀)
(တရားလွှတ်တော်ရှေ့နေ)

ဒေါ်သန်းသန်းအေး [B.A(Law),LL.B] (စဉ်-၂၃၄၀)
(တရားလွှတ်တော်ရှေ့နေ)

ဦးဝေလင်းသက်နိုင်(LL.B)(စဉ်-၃၆၄၂၈)
ဦးကျော်မင်း(LL.B)(စဉ်-၃၅၄၇၅)
ဦးစောအောင်ထက်(LL.B)(စဉ်-၃၈၄၁၇)
ဒေါ်မြသီတာဦး(LL.B,LL.M)(စဉ်-၄၂၄၁၇)
(အထက်တန်းရှေ့နေများ)

အမှတ်(၉၁)၊ လမ်းမတော်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့။
ဖုန်း-၀၅၃ ၂၄၆၅၈၊ ၀၉ ၅၃၁၁၉၇၈၊ ၀၉ ၅၃၁၂၈၅၃

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

[illegible]

[illegible]

LL.B, D.B.L

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၅၈)၊ ၆လွှာ (ပဉ္စမထပ်)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (အလျား ၁၂ပေ၆လက်မ×အနံ ပေ၅၀)ရှိ တိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးပြည့်ဖြိုးဟိန်း[၁၂/ကတတ(နိုင်)၀၂၆၈၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ (ကြိုတင်ပေးငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးထင်ကျော်	**ဒေါ်သက်လေးချို**
B.Sc., H.G.P, R.L	**LL.B, D.B.L, D.I.L**
တရားလွှတ်တော်ရှေ့နေ(၅၃၁၅)	**အထက်တန်းရှေ့နေ(၃၁၄၂၄)**

Super Top Law Firm

အမှတ်(၁၃၈)၊ ပ/ထပ်၊ ၃၂-လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၄၁/၄၃)၊ ပထမထပ်(A)၊ မျက်နှာမူ(ညာ)၊ တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်း၌ တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ နစီမာဘီဘီ(ခ)မဘီဘီ[၁၂/ ဗဟန(နိုင်)၀၈၂၀၉၉]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ အိုက်ရှာဘီဘီ(ခ)မစုစုတင်[၁၂/ပဘတ(နိုင်)၀၂၃၈၈၀]ထံမှ ကျွန်ုပ်၏အမှုသည် ဦးဟိန်းဇော်လတ်[၃/ဘအန(နိုင်)၂၅၂၉၀၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဟိန်းဇော်လတ်[၃/ဘအန(နိုင်)၂၅၂၉၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မာမာသိန်း (LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)

အမှတ်(၄၉)၊ ပထမထပ်၊ မျက်နှာမူ(ဝဲဘက်)၊ (၈၉)လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃

ကန့်ကွက်နိုင်ရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၃၇/ခ၊ တွင်တည်ရှိသောမြေနှင့် မြေကွက် အကျယ်အဝန်း (၅၁၅၂ ဒသမ ၃၆ စတုရန်းပေ)နှင့် ၎င်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးလွှမ်းမိုး[၁၂/မဂတ(နိုင်)၀၀၀၆၂၀]ထံမှ (Rose & Orchid Limited) ကိုယ်စား ဦးသက်နိုင်ဦး[၁၂/သကတ(နိုင်)၁၆၀၄၆၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သေ စရန်ငွေအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေကွက် အကျယ်အဝန်း (၅၁၅၂ ဒသမ ၃၆ စတုရန်းပေ)နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အဝဝနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် လာရောက်ကန့်ကွက်မည့်သူမရှိပါက ၎င်းမြေနှင့်မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ကို အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးဝင်း[၁၂/ဒဂတ(နိုင်)၀၄၆၅၈၂]

ကုမ္ပဏီ ဥပဒေအကြံပေး(ROSE & ORCHID Limited)

အမှတ်-၆၅/က၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၀၆၂၅၉၇

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၃၀၈)၊ ဗညားဦး(၁)လမ်း၊ မြေအကျယ် ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ယခုကြေညာချက်ပါနေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သော ကန့်ကွက်ချက်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းထွန်းဦး (LL.B)	**ဦးကျော်ကျော်လတ် (LL.B)**	**ဦးထင်ထွန်း (Johnian)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၄၃၁၈၀)	**(စဉ်-၃၅၆၈၉)**	**(စဉ်-၁၁၇၃/၇၁)**
ဖုန်း-၀၉-၃၃၁၇၅၄၀၇	**ဖုန်း-၀၉-၃၁၃၄၀၈၂၅**	**မြဝတီဘဏ်အကျိုးဆောင်**
အမှတ်(၆၀)၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊		**မြန်မာနိုင်ငံအင်ဂျင်နီယာ**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့		**အသင်းဥပဒေအကြံပေး**
		ဖုန်း-၀၉-၄၂၀၁၇၆၉၈၇

LL.B, D.B.L, D.I.L

LL.B, LL.M LL.B

ဖုန်း - 0973245543, 09 420084665, 09 31538589

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၀

ဒေါ်ယဉ်ယဉ်သန်း	နှင့်	ဒေါ်သက်မာစိုးပါ-၃
တရားလို		**တရားပြိုင်**

ဒေါ်သက်မာစိုး၊ မ-၉၈၅၊ ကန်တော်မင်္ဂလာလမ်း၊ ၃၆-ရပ်ကွက်နေ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဒေါ်မဥ္စုသင်း၊ တိုက်-၂ အခန်း-၂၀၂၊ ပင်လုံလမ်း၊ ၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဒေါ်ဘီဘီ(ခ)ဒေါ်ဘီဘီလေး၊ မ-၃၉၃၊ တောင်ထိပ်ပန်းလမ်း၊ ၃၆ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဇွန်လ ၃၀ရက်(၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်၊ ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဆိုပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇွန်လ(၁၉)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်သန်းဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မော်လမြိုင်မြို့နယ်တရားမရုံးတော်၌

၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၉နှင့်ဆက်သွယ်သည်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂နှင့်ဆက်သွယ်သည်

၁။ဦးမြင့်ဆွေ	နှင့်	၁။ဒေါ်အေးကြည်(ခ)ဒေါ်ရှုဖူရာဘီ
၂။ဦးမြင့်ဖေ		၂။ဒေါ်စန်းစန်း
၃။ဦးမောင်မောင်ထွေး		၃။ဦးမာမက်ဂျင်မီ
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ဗဟိုလမ်း၊ အမှတ်(၁၆)နေ (၄)ဦးစန်းကို (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၀၇ ခုနှစ်၊ တရားမမှုကြီးမှုအမှတ်-၈၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၇ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန်လ ၁၇ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ဝင်းမြင့်
တွဲဖက်မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၁နှင့်ဆက်သွယ်သည့်

၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၉

ဒေါ်တင်တင်ဝင်း	နှင့်	၁။ဦးတင်အေး
(၎င်း၏ကိုယ်စားလှယ် ဦးသီဟ)		၂။ဒေါ်စန္ဒာဝင်း
အနိုင်ဒီကရီရသူ		**တရားရှုံး**

အမှတ်(၄၈)၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခုနေရပ်လိပ်စာမသိ)နေ ၁။ ဦးတင်အေး၊ ၂။ ဒေါ်စန္ဒာဝင်း သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၁တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် (၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်) နံနက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ်၊ ဇွန်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ခင်မာဆွေ)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲ၍ပစ္စည်းခန်းခွဲပြီးဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၂၆၆) နေ ဦးကျော်ဝင်း[၁၂/ကမတ (နိုင်)၀၄၁၉၇၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည် ဦးကျော်ဝင်းနှင့် ဒေါ်စံပယ်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၁-၄-၂၀၁၄ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ် တရားသူကြီးရှေ့မှောက်၌ စာရင်းသွင်း မှတ်ပုံတင်အမှတ်-၂-၁၅၀၃/၁၄ အရ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ နှစ်ဦးသဘောတူ ကွာရှင်းသည့်နေ့တွင်ပင် ဦးကျော်ဝင်းနှင့် ဒေါ်စံပယ်တို့ပိုင်ဆိုင်ခဲ့ကြသော ပစ္စည်းအရပ်ရပ်တို့ကို အသိသက်သေများရှေ့မှောက်တွင် တရားဝင်ခွဲဝေ၍ လက်ရောက်ရရှိခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏ အမှုသည် ဦးကျော်ဝင်းနှင့် ဒေါ်စံပယ်တို့သည် လင်ခန်းမယားခန်း တရားဝင်ကွာရှင်းပြီးကြောင်းနှင့် ပစ္စည်းခန်းလည်း တရားဝင်အပြီးအပိုင် ခွဲဝေ လက်ရောက် ရယူကြပြီး ဖြစ်ပါသောကြောင့် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးကျော်ဝင်း	**ဦးတင်နိုင်ဝင်း (LL.B)**
[၁၂/ကမတ(နိုင်)၀၄၁၉၇၁]	**တရားလွှတ်တော်ရှေ့နေ-၈၄၆၆**

အမှတ်(၃)၊ ၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဦးစည်သူမင်း[၁၂/ရကန(နိုင်)၀၀၆၇၆၇]

AUCTION HOUSE သိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၆)လမ်း၊ အမှတ်(ဂ)တွင်နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးဝင်း[၁၂/ဗဟန(နိုင်)၀၈၀၂၁၇]၏လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်က အောက်ပါအတိုင်း လူကြီးမင်းအား သိစေအပ်ပါသည်။

လူကြီးမင်းက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးဝင်းအား လူကြီးမင်း မှာယူတင်သွင်းထားသည့် လူကြီးမင်းပိုင်ဆိုင်သည်ဆိုသော မော်တော်ယာဉ်အမျိုးအစား (Toyota ProBox)ကားအမျိုးအစား၊ ချက်စီအမှတ် (NCP-510209452)နှင့် (Toyota ProBox)ကားအမျိုးအစား ချက်စီအမှတ်(NCP-580069559) မော်တော်ယာဉ်(၂)စီးအား ရန်ကုန်(ဆိပ်ကမ်း)တွင် ရောက်ရှိနေပြီးဖြစ်ကြောင်း စရန်ငွေပေးချေသည့်နေ့မှ (၂)ပတ်အတွင်း မော်တော်ယာဉ်များအား လက်ရောက်အပ်မည်ဟု ပြောဆိုကာ ကျွန်ုပ်မိတ်ဆွေအား ရောင်းချခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေကလည်း လူကြီးမင်းအား ယုံကြည်စွာဖြင့်ပင်(Toyota ProBox)(NCP-510209452)မော်တော်ယာဉ်အား တန်ဖိုးငွေကျပ် ၉၀၅၀၀၀၀ိ/-(ကျပ်သိန်းကိုးဆယ်ငါးသောင်းကျပ်တိတိ)ဖြင့် ဝယ်ယူရန်သဘောတူညီခဲ့ပြီး ၃-၃-၂၀၁၄ ရက်တွင် **"မော်တော်ကားကြိုတင် စရန်ငွေပေးနှစ်ဦးသဘောတူကတိစာချုပ်"**ကိုချုပ်ဆိုကာ စရန်ငွေကျပ် ၄၀၀၀၀၀၀ိ/-(ကျပ်သိန်းလေးဆယ်တိတိ)ကိုလည်းကောင်း၊ (Toyota ProBox)(NCP-580069559)မော်တော်ယာဉ်အား တန်ဖိုးငွေကျပ်၉၃၀၀၀၀၀ိ/-(ကျပ်ကိုးဆယ့်သုံးသိန်းတိတိ)ဖြင့် ဝယ်ယူရန် သဘောတူညီခဲ့ပြီး ၄-၃-၂၀၁၄ရက်တွင် **"မော်တော်ကားကြိုတင်စရန်ငွေပေး နှစ်ဦးသဘောတူကတိစာချုပ်"**ကို ချုပ်ဆိုကာ စရန်ငွေကျပ် ၅၀၀၀၀၀၀ိ/-(ကျပ်သိန်းငါးဆယ်တိတိ)ကိုလည်းကောင်း၊ အသီးသီးပေးချေခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချသည့်မော်တော်ယာဉ်များအတွက် ပေးချေရန် ကျန်ရှိသည့်ငွေများကို ပေးချေရန်အသင့်ဖြစ်နေသော်လည်း လူကြီးမင်းဘက်မှ မော်တော်ယာဉ်များရောင်းချချိန်က ကတိပြုခဲ့သည့် အတိုင်း မော်တော်ယာဉ်များအား ကျွန်ုပ်မိတ်ဆွေထံ လက်ရောက်အပ်နှံခြင်းမပြုနိုင်ဘဲ ပျက်ကွက်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းပျက်ကွက်သည်များကို ဤကြော်ငြာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကြီးမင်းမှ မည်သို့ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အကြောင်းပြန်ကြားစေလိုပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် လူကြီးမင်းဘက်မှ တစ်စုံတစ်ရာ အကြောင်းပြန်ကြားချက်မရှိပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ဦး(LL.B)	**ဒေါ်လေးမြိုင်(LL.B, D.B.L)**
(စဉ်-၂၁၃၉၉)	**(စဉ်-၃၀၇၈၀)**

အထက်တန်းရှေ့နေများ

အမှတ်(၂၆၄)၊ ပထမထပ်၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၂၉၂၆၄၊ ၀၉-၄၀၁၅၆၃၉၈၁၊ ၀၉-၄၂၀၁၇၆၁၃၄

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ(၃၉)လမ်း၊ အမှတ်(၁၃၉၇)၊ ၃½ထပ်အဆောက်အအုံ၏ (ဒုတိယ)ထပ်၊ (စတုတ္ထ)အလွှာ၊ ဟောခန်းပေ(၁၈×၅၂)အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို ကန်ထရိုက်တာထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးလင်းဇော်ထက်အောင် [၁၄/ ဖပန(နိုင်)၁၃၂၉၂၈]က တရားဝင်ပိုင်ဆိုင်နေထိုင်ခွင့်၊ ရောင်းချခွင့်ရှိပြီး ပေါင်နှံအရှုပ်ရှင်းကင်းကြောင်းနှင့် ဝယ်ယူသူအား မြေရှင်အသိအမှတ်ပြု နေခွင့်ရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်ပြီးပိုင်ဆိုင်ခွင့် တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက တရားဝင်အထောက်အထားမူရင်းများဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ဆက်ဆောင်ရွက်ပြီး တိုက်ခန်းနေထိုင်ခွင့်ကို လက်ရောက်ရယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လင်းလင်းထက်(LL.B., B.Sc(Engg;)IT
အထက်တန်းရှေ့နေ(စဥ်-၃၄၀၃၈)
အမှတ်-၂၁၅၊ ဗဟိုလမ်း၊ မြေညီထပ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၆၀၆၅၉၂၉၊ ၀၉-၅၀၄၃၀၁၈

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန

၁။ အားကစားဝန်ကြီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) လုပ်ငန်းသုံးစက်ပစ္စည်းများ (၇) မျိုး
- ဖုန်စုပ်စက်
- ကြမ်းတိုက်စက်
- လေအေးပေးစက် (2HP,10HP,1.5HP,1HP)
- မီးသတ်ဆေးဘူး

(ခ) Tipper

(ဂ) ရုံးသုံးစက်ပစ္စည်းများ(၁၁)မျိုး
- Plain Paper Laser Fax
- Plain Paper Copier Fax
- Computer
- Laser Printer
- Colour Printer
- Document Scanner
- Electric Calculator
- Digital Multifunction Copier
- Paper Cutter
- Liminator
- Binding Machine

(ဃ) ပရိဘောဂများ(၂၂)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၇-၆-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၅-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပါပုံစံများအား ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၈သို့ လာရောက် ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့်ကာယပညာဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(မြေတိုင်း ၂၃အိုင်)၊ မြေကွက်အမှတ်- (V ၁၆၃)၊ မြေကွက်တည်နေရာအမှတ်(၃၆)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ် ဦးကြည် အမည်ပေါက် နှစ် (၉၀) မြေငှားဂရန် မြေကွက်အား အမည်ပေါက် ဦးကြည် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်မြင့်[၁၂/အလန(နိုင်)၀၂၈၁၇၀]မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၅၇၁/၂၉-၅-၂၀၁၄ဖြင့်ဒေါ်ခင်ဌေးလွင် [၁၂/အလန(နိုင်)၀၂၈၁၅၄]အားလွှဲအပ်၍ မှတ်ပုံတင်မိတ္တူ၊ သေစာရင်းမိတ္တူ၊ ဂရန်မိတ္တူ၊ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတို့ကို တင်ပြပြီး ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အိုးအိမ်)၊ မြေကွက်အမှတ်(၄၀၄)၊ မြေကွက်တည်နေရာအမှတ်(၄၀၄)၊ ရှုခင်းသာလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် (ဦးသင်းလှိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသင်းလှိုင်(ဖခင်)နှင့် ဒေါ်ထွန်း (မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများ ဖြစ်သော ၁။ ဦးစန်းသွင်[၁၂/ဗဟန(နိုင်)၀၈၅၀၆၀]၊ ၂။ ဦးတင့်လွင်(ခ)ဦးတင်မြင့်စိုး[၁၂/သဃက(နိုင်)၀၃၁၁၉၆]၊ ၃။ဦးအောင်လွင်[၁၂/သကတ(နိုင်)၀၃၄၀၄၂]၊ ၄။ဦးစိန်လွင်[၁၂/သဃက(နိုင်)၀၈၀၅၅၄]၊ ၅။ ဒေါ်အေးအေးသန့်[၁၂/သကတ (နိုင်)၁၄၄၁၉၂]၊ ၆။ ဦးကျော်ထင်[၁၂/သကတ(နိုင်)၁၉၂၇၃၃]၊ ၇။ ဒေါ်အေးအေးစန်း[၁၂/သကတ(နိုင်)၁၄၄၃၆၇]၊ ၈။ ဦးသိန်းလွင်[၁၂/သကတ(နိုင်)၀၈၂၆၇၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၄၂၆/၂၀၁၃) နှင့်(၁၂၄၂၅/၂၀၁၃)(၂၀၈၇၇/၂၀၁၃) ရရှိသူဦးသိန်းဌေး[၁၂/သကတ(နိုင်)၀၇၉၇၂၆]မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (၅က/၁၆၁၉၊ 5A/1619) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

